# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့သည် ချင်းပြည်နယ်နှင့် ဒေသအသီးသီးတွင် နေထိုင်ကြသော ချင်းတိုင်းရင်းသားအားလုံးအတွက် ထူးခြားလေးနက်၍ ကျက်သရေမင်္ဂလာပြည့်ဝသော ( ၇၄ ) နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါသည်။ ယခုကဲ့သို့သော ချင်းတိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်တွင် ချင်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းပြည်နယ်၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖



## မျိုးစေ့ပြပွဲ၂၀၂၂ (Seed Fair 2022) ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲ၂၀၂၂ (Seed Fair 2022) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)** *စာမျက်နှာ ၄ ကော်လံ ၁* ■


**ယနေ့ ဖတ် စ ရာ**

ဗိသနိုးမြို့ဟောင်း သမိုင်းပုံရိပ်
ဆောင်းပါး | စာ - ၁၀

အိန္ဒိယနိုင်ငံ၌ ၂၀၀၈ ခုနှစ်က ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သူ ၃၈ ဦးကို သေဒဏ်ချမှတ်
နိုင်ငံတကာသတင်း | စာ - ၁၂

ထိုင်းနိုင်ငံရဲ့ ဆင်းရဲသားတွေအပေါ် ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ
နိုင်ငံတကာရေးရာ | စာ - ၁၄

အမျိုးသားနိုင်ငံရေး ဦးဆောင်မှုနှင့် တပ်မတော်
ဆောင်းပါး | စာ - ၁၆

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး သတင်းပေး၍ ပူးပေါင်းပါဝင်

တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခင်ကထက်စာလျှင် တိုးတက်မှုရှိသော်လည်း အားရကျေနပ်ဖွယ်မရှိသေးကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၂) တွင် ပြောကြားခဲ့ပြီး စစ်ဆေးရေးအဖွဲ့များ၏ လိုအပ်ချက်များကိုလည်း ထောက်ပြခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများတိုက်ဖျက်ခြင်းက မိမိတို့နိုင်ငံအတွက် လွန်စွာအရေးကြီးသည့်အတွက် အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ကြသည်။ တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်တစ်ခုဖြစ်သည်။ တရားမဝင်ကုန်သွယ်မှု ကြီးထွားနေသည့်အခါတွင် တရားဝင်ကုန်သွယ်မှုကိုထိခိုက်စေသည်။ နိုင်ငံအတွက် အခွန်ဘဏ္ဍာကို လျော့နည်းစေပြီး စားသုံးသူပြည်သူလူထုအတွက် ကုန်စည်၏ အရည်အသွေးစစ်မှန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုတို့အပေါ် အာမခံချက်မရှိသည့် ကုန်ပစ္စည်းများကိုသာ ရရှိနိုင်သည်။ အကောက်ခွန်မဲ့တရားမဝင် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည့် မှောင်ခိုကုန်ပစ္စည်းကြောင့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်လည်း ခက်ခဲလာသည်။

စင်စစ်အားဖြင့် တရားမဝင်ကုန်သွယ်မှုများမှာ ဥပဒေနှင့် ဆန့်ကျင်သည့် မသမာမှုများသာဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုနှင့်အတူ အဂတိလိုက်စားမှုကလည်း ဒွန်တွဲ၍ရှိနေကာ ပေးသူယူသူ အကျိုးတူပူးပေါင်းကျူးလွန်ကြခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇွန်လက မြန်မာနှင့်ထိုင်း နယ်စပ်ကုန်သွယ်မှုစာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုခဲ့ရာတွင် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော် ကွာဟမှုရှိခဲ့ကြောင်း တွေ့ရှိခဲ့ရာ တရားမဝင်ကုန်သွယ်မှုပမာဏ မည်မျှကြီးမားသည်ကို တွေ့ရှိနိုင်သည်။ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းတွင် မိမိနိုင်ငံဘက်မှ ကျွန်းသစ်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ ကျောက်စိမ်း၊ သတ္တုများ၊ လယ်ယာထွက်ကုန်၊ ကျွဲနွားများစသည်တို့ အများဆုံးထွက်သွားပြီး ဆေးနှင့်ဆေးပစ္စည်း၊ လူသုံးကုန်၊ အလှကုန်၊ လျှပ်စစ်ပစ္စည်းများ၊ အရက်ဘီယာ၊ စီးကရက်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များအများဆုံးပြန်ဝင်သည်။ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုသယ်ဆောင်မှုတို့ကဲ့သို့သော ရာဇဝတ်မှုနှင့် အကြမ်းဖက်လုပ်ငန်းများနှင့်ပါ ဒွေးရောယှက်တင်ဖြစ်ပေါ်နေနိုင်သည့်အခြေအနေထိပါမျှော်တွေး၍ ထိထိရောက်ရောက် တားဆီးစစ်ဆေးသွားကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများ တားဆီးနှိမ်နင်းတိုက်ဖျက်ခြင်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်။ နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန်ရည်ရွယ်သည့် သွင်းကုန်ကန့်သတ်မှု၊ တစ်ဆက်တည်းမှာပင် ပြည်တွင်းထုတ်ကုန်များ ဦးစားပေးထုတ်လုပ်ရေးနှင့် ပြည်တွင်းထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးအဖြစ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတို့ကို သတင်းပေးတိုင်ကြားနိုင်ရန်နှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများတွင် ဝန်ထမ်းများပါဝင်ပတ်သက်မှုများကို တိုင်ကြားနိုင်ရန်တို့အတွက် တယ်လီဖုန်းနံပါတ်၊ ဖက်စ်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများကို နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် အများသိအောင် ကြေညာထားပြီးဖြစ်ရာ နိုင်ငံတော်၏အကျိုးနှင့် စားသုံးသူပြည်သူလူထု၏အကျိုး၊ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်အသက်မွေးဝမ်းကျောင်းနေကြသူများ၏အကျိုးတို့အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်၄၀အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၇၆ ဦး **(အပေါ်ပုံ)**၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၁၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၈၄၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၃၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၆၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးတွင် အောက်ဆီဂျင်လုံလောက်စွာရရှိရေးဆောင်ရွက်ထားရှိမှုကြည့်ရှု

**မအူပင် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်စက်ရုံထားရှိရာ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးရာ၌ လိုအပ်ချက်မရှိ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အောက်ဝဲပုံ)**



ထိုသို့ အောက်ဆီဂျင်စက်ရုံအား ကြည့်ရှုစစ်ဆေးမှုကို ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက အောက်ဆီဂျင်စက်လည်ပတ်မှုနှင့် ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြရာ လိုအပ်ချက်ရှိလာပါက ကြိုတင်ပြင်ဆင်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ခိုင်(မအူပင်)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၉-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Supportive** | | | | |
| 1 | P.O – Pantocid | 10X10's/ Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's/ Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 3233025 2139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **သတင်းစဉ်**

# သဝဏ်လွှာ

❖ ရှေ့ဖုံးမှ

ဖလမ်းမြို့၌ လူထုညီလာခံကျင်းပကာ စော်ဘွားများအုပ်ချုပ်သည့် စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီညီလာခံတွင် ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာသော အမတ်အားလုံး၏ဆန္ဒကို ရယူလျက် ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို **"ချင်းအမျိုးသားနေ့"** အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကို အစပြု၍ သတ်မှတ်ခဲ့သော ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် ချင်းလူမျိုးအားလုံး၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှ တောင်သို့ သွယ်တန်းနေသော အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်နေသော ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာ နတ်မတောင်၊ ခေါနူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားသော စစ်မြေပြင်ကနေဒီတောင်ထိပ်၊ လှပသော ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသော မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများ တည်ရှိရာနေရာတစ်ခု ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူတကွ ရင်းနှီးချစ်ကြည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ၁၉ ရာစုအတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ ကိုလိုနီနယ်ချဲ့ကျူးကျော်မှုများကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှနယ်ချဲ့တို့က သိမ်းပိုက်ကျွန်ပြုပြီး တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ဤကဲ့သို့ တိုင်းတစ်ပါးသားတို့၏ မတရားကျူးကျော်အုပ်ချုပ်ခြင်းကို သူ့ကျွန်မခံလိုသော ချင်းတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့် ပူးပေါင်းကာ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်း တိုက်ပွဲဝင်ခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်ခိုင်ကမ်း စသည့် ချင်းတိုင်းရင်းသားခေါင်းဆောင်များ၏ မျိုးချစ်စိတ်ဓာတ်မှာ ချင်းပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာ သမိုင်းကောင်းအစဉ်အလာပင် ဖြစ်ပါသည်။

ထို့ပြင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဦးလှုရ်မှုန်၊ ဦးထောင်ဇခုပ်၊ ဦးကီယိုမန်းစသည့် တိုင်းရင်းသား ခေါင်းဆောင်များသည်လည်း

> **"စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူ အားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး အတွက် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရမည့် အချိန် ကျရောက်နေပြီ ဖြစ်"**

- **လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အန္တရာယ်အလွန် ကြီးမားလှ**
- **ထိုသို့ ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်း အမှန်တရားများကို သိရှိနားလည်ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမား များ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစားသတိထား ကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွား ကြရန် လိုအပ်**

ချင်းပြည်နယ်၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနိုင်ခဲ့သည့် လေးစားဂုဏ်ယူဖွယ် သာဓကများပင် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများစွာဖြင့် စုစည်းနေထိုင်လျက်ရှိသော မိမိတို့ နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှာ မည်မျှအရေးကြီးကြောင်း သမိုင်းကပြသလျက်ရှိပါသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်ကြီး ထာဝရအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့ အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံအတွက် အန္တရာယ်အလွန် ကြီးမားလှပါသည်။ ထိုသို့ ဖြစ်ပေါ်ခဲ့သည့် မတည်မငြိမ်ဖြစ်ရခြင်း၏ အကြောင်းရင်းအမှန်တရားများကို သိရှိနားလည်ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစားသတိထားကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းအသိပေးအပ်ပါသည်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ယူနေရသည့် သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဦးတည်ချက်များနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ပြည်မနှင့် လွယ်ကူစွာဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်း တည်ဆောက်ခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုလုပ်ငန်းများသည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

ချင်းပြည်နယ်တွင် သွားလာရန်ခက်ခဲသော သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသောတောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပါသည်။ ထိုသို့ တည်ဆောက်လျက်ရှိရာတွင် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# “မျိုးစေ့ပြပွဲရက်သတ္တပတ် ၂၀၂၂” Seed Fair Week 2022 စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

“မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂” စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပသည်။




အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက “လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့” ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် “မျိုးစေ့ပြပွဲ ၂၀၂၂” Seed Fair 2022 နှင့် ယနေ့ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသည် မျိုးစေ့ထုတ်လုပ်သူမှ မျိုးစေ့ရောင်းချသူအထိ ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများအားလုံးတို့အနေဖြင့် ကျရာအခန်းကဏ္ဍများက တက်ညီလက်ညီ ကြိုးပမ်းကြရန်လိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

### ပါဝင်ဆွေးနွေး

ယနေ့တွင် ကျင်းပသည့် “မျိုးစေ့ပြပွဲ ရက်သတ္တပတ် ၂၀၂၂” စကားဝိုင်းဆွေးနွေးပွဲတွင် အငြိမ်းစား အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က အစီအစဉ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးဒေါ်စန်းကြည်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးခိုင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပပဝင်း၊ သုတေသနအရာရှိ ဒေါက်တာသီတာနှင့် ဒေါက်တာမာမာဝင်း၊ မြန်မာနိုင်ငံ မျိုးစေ့အသင်းမှ ဦးသန်းထိုက်တို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး မျိုးစေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ အတွေ့အကြုံများ၊ မျိုးစေ့ဥပဒေဆိုင်ရာကိစ္စရပ်များ၊ မျိုးစေ့အရည်အသွေးနှင့် သီးနှံအရည်အသွေး တောင်သူအကျိုးအမြတ်တို့၏ အရေးပါပုံများကို ဆွေးနွေးကြရာ စကားဝိုင်းဆွေးနွေးပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မျိုးစေ့အသင်းအဖွဲ့များ၊ အွန်လိုင်းစနစ်ဖြင့် တက်ရောက်လေ့လာကြသည့် စိုက်ပျိုးရေးကဏ္ဍ လူငယ်စွန့်ဦးတီထွင်ပညာရှင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ် စုစုပေါင်း ၁၀၀၀ ခန့်တို့က သိရှိလိုသည်များကို စိတ်ဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

### တောင်သူနှီးနှောဖလှယ်ပွဲ

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက် အထိ ကျင်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူနှီးနှောဖလှယ်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ရှေ့ဖုံးမှ*

ပြပွဲတွင် မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့၊ ပျိုးပင်ပြခန်း ပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိကပြခန်းများအပါအဝင် ပြခန်းပေါင်း ၃၅ ခန်းဖြင့် စုံလင်စွာ ခင်းကျင်းပြသထားသည်။

ထိုသို့ ခင်းကျင်းပြသထားမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးကို စိတ်ဝင်စားသူများ၊ မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။




သစ်သီးဝလံမျိုးစေ့ပြခန်း၌ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြစဉ်။

ထို့ပြင် ပြပွဲ၌ လူမှုစီးပွားတိုးတက်ဖို့မျိုးကောင်းမျိုးသန့်သုံးကြစို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လယ်ယာကဏ္ဍကို စိတ်ဝင်စားသူများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်အသုံးပြုခြင်းနှင့် သက်ဆိုင်သည့် ဗဟုသုတများကို စုံလင်စွာလေ့လာခွင့်ရခဲ့ကြသည်။

မျိုးစေ့ပြပွဲ ၂၀၂၂ ကို မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို **“လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေအမျိုးအစားနှင့် ကိုက်ညီမည့် မျိုးကောင်း မျိုးသန့်များကို လာရောက်လေ့လာခွင့်ရမည့်အပြင် စိုက်ပျိုးရေးဗဟုသုတများစွာလည်း ရရှိမည်ဖြစ်သည့်အတွက် လာရောက်လေ့လာနိုင်ရန် သတင်းကောင်းပါးအပ်ပါသည်။

**သတင်း – ခေတ်လူငယ်၊ ဓာတ်ပုံ – ကိုကိုထိန်**

## ဘူးသီးတောင်မြို့နယ်၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ကျေးရွာများ၌ ကျေးလက်ရေပေးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘူးသီးတောင် မြို့နယ်အတွင်း ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကစ္ဆပနဒီလှိုင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် မှိုင်းစရီကျေးရွာ စိမ့်စမ်းရေးသွယ်တန်းခြင်းလုပ်ငန်း၊ ပန်းကုံးမကျေးရွာ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း၊ စိတ္တရကျေးရွာ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ရွှေနှစ်ခိုင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် စက်ခေါ်ကျေးရွာ၊ မာန်အောင်ကျေးရွာနှင့် ဒိုးဝေကျေးရွာတို့၌ မြေသားရေကန်ခြံစည်းရိုး ကာရံခြင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ ဆောင်ရွက်နေသည့် လုပ်ငန်းများမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို မှာကြားကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် မျိုးစေ့ပြပွဲကို လူတိုင်းလာရောက်လေ့လာသင့်ပါတယ်

မစုစုခိုင်(ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံ)


မောင်သန်းထိုက်ဝေ (ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံ)


ဒေါ်သီတာဦး (ဒါရိုက်တာ၊ ချမ်းမြေ့ဇေယျာကုမ္ပဏီ)


ကိုမြင့်အေး (ပြပွဲသို့လာရောက်လေ့လာသည့် တောင်သူ)


ဦးသန်းထိုက် (TBL Limited)


မစုစုခိုင် (ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံ)

မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မျိုးစေ့ပြပွဲ ၂၀၂၂ ကို နေပြည်တော်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပလျက်ရှိသည်။

ထိုသို့ ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့်ပြပွဲသို့ မြန်မာနိုင်ငံ မျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တစ်ခဲနက်လာရောက်လေ့လာလျက်ရှိရာ ပြပွဲကျင်းပပေးမှုနှင့် ပတ်သက်၍ ၎င်းတို့၏ အမြင်များကို တင်ပြလိုက်ရပါသည်။

**မောင်သန်းထိုက်ဝေ**
**(ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံ)**

ဒီပြပွဲကို မျိုးစေ့ကုမ္ပဏီတွေ လာရောက်ပြသကြပါတယ်။ ဒီလိုပြသပေးတဲ့အတွက် အရည်အသွေးကောင်းတဲ့ မျိုးစေ့တွေကို လေ့လာခွင့်ရတဲ့အပြင် စိုက်နည်းစနစ် အသစ်တွေကိုလည်း တွေ့မြင်ရပါတယ်။ နောက်ပြီး တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို လေ့လာခွင့်ရတဲ့အတွက် သီးနှံတွေရဲ့ အရည်အသွေးကို သိရှိသွားမယ့်အပြင် သီးနှံတွေရဲ့ စိုက်နည်းစနစ်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားပါမယ်။ ကျွန်တော့်အနေနဲ့လည်း အရင်က မမြင်ဖူးခဲ့တဲ့ သီးနှံမျိုးစေ့တွေကို လေ့လာခွင့်ရပါတယ်။ ကျွန်တော်က စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားဖြစ်တဲ့အတွက် အခုလို လက်တွေ့လေ့လာရတဲ့အပေါ်မှာ နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်တဲ့ မျိုးစေ့တွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ ရည်မှန်းထားပါတယ်။

**ဒေါ်သီတာဦး**
**(ဒါရိုက်တာ၊ ချမ်းမြေ့ဇေယျာကုမ္ပဏီ)**

ကျွန်မအနေနဲ့ ကုမ္ပဏီမှာ မျိုးစေ့၊ မြေဆီနဲ့ ဆေးဝါးတွေအပိုင်းကို တာဝန်ယူထားပါတယ်။ ဒီပြပွဲကို လာရောက်ရတဲ့ ရည်ရွယ်ချက်က ကျွန်မတို့ကုမ္ပဏီအနေနဲ့ မျိုးကောင်းမျိုးသန့် ကိုးမျိုးကို မှတ်ပုံတင်ထားတယ်။ ဒီမျိုးကောင်းမျိုးသန့် ကိုးမျိုးကလည်း ဈေးကွက်ရှိပြီးသား နိုင်ငံခြားကပို့တဲ့ ဆန်အမျိုးအစားတွေ ဖြစ်ပါတယ်။ တောင်သူတွေကို ပြောချင်တာကတော့ တောင်သူတွေအနေနဲ့ ဒေသစပါးကို စိုက်လိုက်တယ်။ အချိန်တန်ရင် ငါးသိန်းရမလား၊ ခြောက်သိန်းရမလား မသိဘူး။ အစ်မတို့စပါးကို စိုက်လိုက်လို့ တင်း ၁၀၀ ထွက်တယ်ဆိုရင် သွင်းအားစုလေးသိန်းဆိုရင် တောင်သူတွေအတွက် ခြောက်သိန်းကျန်မယ်။ ၁၀ ဧကစိုက်ရင် ငွေသိန်း ၆၀ ကျန်မယ်။ အဓိကဆိုလိုချင်တာက တောင်သူအရွေ့တစ်ခုကို ရောက်စေချင်တယ်။ အစ်မတို့ကုမ္ပဏီအတွက်ရော၊ နိုင်ငံတော်အတွက်ရော၊ တောင်သူအတွက်ရော အရွေ့တစ်ခုကို ရောက်စေချင်တဲ့အတွက် ပြပွဲကို လာရောက်ခြင်းဖြစ်ပါတယ်။

**ကိုမြင့်အေး (ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ)**

ကျွန်တော်ကတော့ စပါးကို အဓိကထား စိုက်ပျိုးပါတယ်။ အရင်ကတော့ မတ်ပဲစိုက်ပါတယ်။ အခုနောက်ပိုင်း မတ်ပဲအပင်တွေ သေတာများလာလို့ မစိုက်တော့တာပါ။ ဒီပွဲမှာ မျိုးစေ့တွေကတော့ မျိုးစုံတွေ့ရပါတယ်။ မျိုးကောင်းမျိုးသန့်တွေပါပဲ။ ဆန်စပါး၊ ဟင်းသီးဟင်းရွက်တွေ မျိုးစုံတွေ့ရပါတယ်။ ဒါပေမယ့်အဓိကလေ့လာဖြစ်တာကတော့ စပါးကို လေ့လာဖြစ်ပါတယ်။ အရင်တုန်းကတော့ မျိုးကောင်းမျိုးသန့်တွေ မသုံးဖြစ်ပါဘူး။ အခုနောက်ပိုင်း ရေဆင်းစိုက်ပျိုးရေးဘက်က မျိုးကောင်းမျိုးသန့်တွေ ဝယ်ပြီးစိုက်တော့ အထွက်နှုန်း သိသိသာသာတက်လာပါတယ်။ မျိုးစေ့အတွက်ကတော့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ အကူအညီယူရပါတယ်။ ဒီပွဲလာရတဲ့ ရည်ရွယ်ချက်က တောင်သူတစ်ယောက်အနေနဲ့ မမြင်ဖူးတဲ့သီးနှံတွေကို မြင်ဖူးချင်တာလည်း ပါပါတယ်။ မျိုးစေ့ဆိုရင်လည်း ကျွန်တော်တို့ သုံးနေတဲ့မျိုးတွေထက် ကောင်းတဲ့ မျိုးကောင်း မျိုးသန့်တွေ၊ သုံးနေကျ မျိုးစေ့မဟုတ်ဘဲ တခြားမျိုးစေ့တွေ စိုက်ပျိုးရင်အဆင်ပြေနိုင်မယ်ဆိုရင်လည်း စိုက်ကြည့်မယ်ဆိုပြီး လာရောက်လေ့လာဖြစ်တာပါ။

ဒီလိုပြပွဲမျိုး ကျင်းပပေးတာ ကျွန်တော်တို့လို တောင်သူတွေအတွက် သိပ်ကောင်းတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ တစ်နေရာတည်းမှာ အခုလိုမျိုး စုံစုံလင်လင်မြင်ရဖို့ဆိုတာ မလွယ်ပါဘူး။ ဒီပွဲက ကျွန်တော်တို့လို တောင်သူတွေအတွက် ရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးစေ့တွေ လေ့လာခွင့်ရနိုင်တာဆိုတော့ ဗဟုသုတတွေ၊ အကျိုးကျေးဇူးတွေ များစွာရရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ၊ ကိုယ့်ဒေသနဲ့ ကိုက်ညီမယ့် တခြားမျိုးစေ့တွေကို လာရောက်လေ့လာဖို့အတွက် ဖိတ်ခေါ်ချင်ပါတယ်။

**ဦးသန်းထိုက် (TBL Limited)**

ကျွန်တော့်ကုမ္ပဏီက မျိုးစေ့တွေကို ဖြန့်ဖြူးထုတ်လုပ်ခဲ့တာ နှစ် ၂၀ လောက်ရှိပါပြီ။ ပထမဆုံး စခဲ့တာကတော့ ဝါမျိုးစေ့နဲ့ စခဲ့တာဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်က တောင်သူတွေရဲ့ အခက်အခဲတွေ၊ သီးနှံနဲ့ ပတ်သက်တဲ့ ရောဂါဒဏ်တွေကို ဖြေရှင်းပေးဖို့ အတွက် မျိုးတွေကို ဖော်ထုတ်တာဖြစ်ပါတယ်။ တောင်သူတွေကို အကြံပြုချင်တာကတော့ တောင်သူတွေအနေနဲ့ မျိုးဝယ်တဲ့နေရာမှာ အတော်စဉ်းစားပြီး ဝယ်ကြတယ်။ ပုံမှန်စိုက်နေကျမျိုးဆို ငွေသိပ်မကုန်ဘူး။ ကုမ္ပဏီကဝယ်ရတဲ့မျိုးကျ ငွေနည်းနည်းပိုကုန်တယ်ဆိုပြီး စဉ်းစားကြတယ်။ အထွက်နှုန်းကျ ကုမ္ပဏီမျိုးစေ့နဲ့ ကွာသွားတယ်။ ဒီပြဿနာကို ရှင်းနိုင်မယ့်နည်းက တောင်သူတွေကို ဈေးငွေပေးတဲ့နေရာမှာ အစိုးရအနေနဲ့ မှတ်ပုံတင်ထားတဲ့မျိုးတွေကို တောင်သူတွေ ဝယ်ပြီးစိုက်ရင် ဈေးငွေကို နည်းနည်းတိုးပေးလိုက်ရင် အဆင်ပြေမယ်။ ဒီလိုမျိုးတွေလုပ်ပေးရင် တောင်သူတွေ မျိုးကောင်းတွေ သုံးတတ်တဲ့အကျင့် ဖြစ်လာမယ်။ နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးတွေ အများကြီးရမယ်။ ဒါကြောင့် တောင်သူတွေရဲ့ လိုအပ်ချက်လေးတွေကို နည်းမျိုးစုံနဲ့ ဖြည့်ဆည်းပေးဖို့ ဒီပြပွဲကို လာရောက်ရခြင်းဖြစ်ပါတယ်။

**မစုစုခိုင်**
**(ဒုတိယနှစ်၊ စိုက်ပျိုးရေးသိပ္ပံ)**

ဒီပြပွဲမှာ သီးနှံအမျိုးမျိုးကိုလည်း တွေ့နိုင်တယ်။ ဘယ်သီးနှံက အရည်အသွေးကောင်းပြီး ဘယ်သီးနှံက ဈေးကွက်ဝင်တယ်ဆိုတာ သိနိုင်တယ်။ စိုက်ပျိုးရမယ့် သီးနှံတွေရဲ့ မြေအနေအထားတွေကိုလည်း လေ့လာခွင့်ရပါတယ်။ တောင်သူတွေအနေနဲ့လည်း ဘယ်လိုသီးနှံမျိုးစေ့ကို စိုက်ရင်အထွက်နှုန်း ကောင်းမွန်မယ်ဆိုတာကိုလည်း လေ့လာခွင့်ရမှာဖြစ်ပါတယ်။ လေ့လာခြင်းဆိုတာက ကောင်းတဲ့အရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သီးနှံပြပွဲကို စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေအထူးလာရောက်လေ့လာသင့်တယ်။ နောက်ပြီး မြန်မာနိုင်ငံအနေနဲ့လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက် မျိုးစေ့ပြပွဲကို လူတိုင်းလာရောက်လေ့လာသင့်ပါတယ်။

**တွေ့ဆုံမေးမြန်း – ခေတ်လူငယ်**
**ဓာတ်ပုံ – ကိုကိုထိန်**

## ပြင်ဦးလွင်မြို့နယ်ထွက် ထောပတ်သီးများအတွက် ဈေးကွက်ဖော်ဆောင်နိုင်ရန် စိုက်ကေများကို စာရင်းကောက်ယူ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၉

လာမည့်နှစ် ထောပတ်ရာသီတွင် ပြင်ဦးလွင်မြို့နယ်မှ ထွက်ရှိလာမည့် ထောပတ်သီးများအတွက် ဈေးကွက်ဖော်ဆောင်နိုင်ရေးနှင့် ပတ်သက်၍ အခြေခံကျသည့် စိုက်ဧကများနှင့် ထွက်ရှိနိုင်မည့် ပမာဏများကို သိရှိနိုင်ရန် ကွင်းဆင်းပြီး စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါ မြို့နယ်အတွင်း၌ ထောပတ်စိုက်ဧကများနှင့် အထွက်နှုန်းထားများကို အတိအကျသိရှိစေရန်အတွက် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိကြောင်း၊ စာရင်းကောက်ယူရာတွင် ထွက်ရှိလာမည့် ထောပတ်သီးများအတွက် ဈေးကွက်ဖော်ဆောင်နိုင်ရန် Hass ထောပတ်မျိုးနှင့် အခြားမျိုးစိုက်ဧကနှင့် ထွက်ရှိနိုင်မည့် ပမာဏများကို သိရှိစေရန်အတွက်ဖြစ်ကြောင်း၊ ယင်းမြို့နယ်အတွင်းရှိ ထောပတ်သီးမျိုးကွဲများအလိုက် စိုက်ကေများကို မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် စီမံကိန်းဦးစီးဌာနတို့က အဖွဲ့စုံဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းဖြစ်သည်။

“ပြင်ဦးလွင်ဒေသက ထောပတ်စိုက်ဧကတွေ အတိအကျသိမှ အထွက်နှုန်းဘယ်လောက်ထွက်နိုင်မယ်ဆိုတာကို သိမှာပါ။ အထွက်နှုန်းသိမှ ဈေးကွက်ကို ချိတ်ဆက်လို့ရမှာပါ။ စိုက်ဧကတွေ အတိအကျသိပြီ၊ အထွက်နှုန်းတွေသိပြီဆိုရင် ထုပ်ပိုးမှုစနစ်လုပ်ဖို့တွေ၊ သိုလှောင်တဲ့ ဂိုထောင်ဆောက်ဖို့တွေ ကြိုတင်ပြင်ဆင်နိုင်အောင်လို့ စစ်တမ်းကောက်ယူတာပါ။ စာရင်းကောက်တဲ့အခါမှာ Hass မျိုးနဲ့ အခြားမျိုးကွဲတွေကို ခွဲပြီးကောက်သွားမယ်။ ဒီလိုကောက်မှ လာမယ့်နှစ်တွေမှာ Hass က ပြင်ဦးလွင်ဒေသမှာ ဘယ်နှတန်ထွက်နိုင်မယ်ဆိုတာ တွက်ချက်လို့ရမှာပါ။ တွက်ချက်လို့ရမှ ဈေးကွက်ကို ပြင်ဆင် လို့ရမယ်။ ထွက်ရှိမှုနှုန်းတွေများလာရင် ထုပ်ပိုးမှုစနစ်တွေလုပ်မယ့် စက်ရုံတွေတည်ထောင်ဖို့ လိုလာမယ်။ စာရင်းကိန်းဂဏန်းအတိအကျရမှ ရှေ့ဆက်လုပ်ဆောင်ရမယ့်အရာတွေကို ထည့်သွင်းစဉ်းစားနိုင်ဖို့ ကွင်းဆင်းကောက်ယူခြင်းဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

အဆိုပါစာရင်းများ ကွင်းဆင်းကောက်ယူရာတွင် ဒေသပင်ထောပတ်မျိုးများကို မျိုးမြှင့်တင်နိုင်ရေးအတွက် နည်းပညာများ၊ မျိုးပိုင်းဆိုင်ရာ အကြံဉာဏ်အကူအညီပေးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူရာ၌ တောင်သူအမည်၊ စိုက်ဧက၊ မျိုးအမျိုးအစားများ၊ သက်တမ်း သုံးနှစ်အောက်နှင့် သုံးနှစ်အထက်တို့ကို စာရင်းပြုစုမည်ဖြစ်ပြီး စာရင်းအမှန်ရရှိရေးမှာ ထောပတ်သီးကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်း ထောပတ်သီးခြံထူထောင်ထားသည့် လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ စနစ်တကျ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အဋ္ဌမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရ အကျော်စာမေးပွဲတွင်အောင်မြင်သော စာအောင်သာမဏေ၊ သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**နေပြည်တော် ရန်အောင်မြင်ပရိယတ္တိသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသော အဋ္ဌမအကြိမ် ရန်အောင်မြင်သာသနာ လင်္ကာရအကျော်စာမေးပွဲတွင် အောင်မြင်သော စာအောင်သာမဏေ၊ သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော် ရင်ပြင်တော်ရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တဇနိန္ဒ ဆရာတော်မထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ရန်အောင်မြင်ရွှေလက်လှစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ဩဝါဒကထာ နာယူကြည်ညိုကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထား တင်ပြသည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်နှင့် တာဝန်ရှိသူများက စာအောင်သာမဏေ၊ သီလရှင်များအား အောင်လက်မှတ်များနှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင် ဆရာတော်၊ သရက်တောကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ၊ စတုနိကာယဝိဒူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တကုမာရ ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ပြုလုပ်သည် အဋ္ဌမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာမေးပွဲကို သာမဏေ ၆၀၁ ပါး၊ သီလရှင် ၁၁၈ ပါး စုစုပေါင်း ၇၁၉ ပါး ဖြေဆိုရာတွင် စာအောင်သာမဏေ ၃၁၄ ပါး၊ သီလရှင် ၆၂ ပါး စုစုပေါင်း ၃၇၆ ပါးတို့အား အောင်လက်မှတ် ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဌာနီသာမဏေကျော်ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကြက်ခက်တောကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ဓမ္မပါလပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ခင်မကန်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဟံသာဝတီပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**







## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောင်မြေသာစံမြို့နယ် မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရားရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းလုပ်ငန်းပြီးစီးမှုကို လိုက်လံကြည့်ရှုကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လက်ရာသေသပ်စွာဆောင်ရွက်ရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် ဘုရားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားများခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃ ရက်က မန္တလေးမြို့သို့ရောက်ရှိသည့် ခရီးစဉ်၌ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ လာရောက်ဖူးမြော်စဉ် လမ်းညွှန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းကို အမှတ် (၉၅၁)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်နှင့် မြန်မာစစ်သူကြီးကုမ္ပဏီတို့က ဦးစားပေးအဆင့်လိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ခင်းကျင်းမည့်ဧရိယာ ၇၆၆၀၉ စတုရန်းပေရှိပြီး တစ်ပေပတ်လည် စကျင်ကျောက်ပြားပေါင်း ၁၅၀၉၀၀ ချပ်ခန့် သုံးစွဲသွားမည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ပေါ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**မုံရွာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၆/၂၀၂၂)ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာခရိုင်/ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားကြရန်နှင့် မြို့ဝင်/မြို့ထွက် လူစည်ကားရာနေရာများ၊ စည်ပင်သာယာဈေးများ၊ လေယာဉ်ကွင်း၊ ကားဂိတ်များတွင် ရောဂါပိုး စစ်ဆေးမှုများ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေပေးထားရန် လိုအပ်ပါကြောင်း၊ Positive Center နှင့် Quarantine Center များ တိုးချဲ့ဆောင်ရွက်ထားရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း အရှိန်အဟုတ်မပျက် ထိုးနှံသွားရန်နှင့် စုစည်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်များ ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်ကာ အိုမီခရွန်ကူးစက်မှုအား လျော့နည်းစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောဂါပိုးစစ်ဆေးတွေ့ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံဆင်းမှု၊ သတ်မှတ်လျာထားချက်ပြည့်မီအောင် ကာကွယ်ဆေးထိုးနှံမှုအခြေအနေများ၊ အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲမှု၊ မြို့ဝင်မြို့ထွက်နေရာများတွင် ကျန်းမာရေး စစ်ဆေးရေးစခန်းများချထား၍စစ်ဆေးဆောင်ရွက်နေမှု၊ လုံခြုံရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်သူများအသိနှင့် သတိရှိရေးအတွက် အသိပညာပေးရေးနှင့် ပတ်သက်၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ်အတွင်းရှိ ဓမ္မာရုံနှင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးရှိ သာသနာ့ဗိမ္မာန်တော်တို့တွင် မုံရွာမြို့ပေါ် ရှိရပ်ကွက်များမှ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ် Phase 7 ကာကွယ်ဆေးများ ထိုးနှံပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးပြီး ကာကွယ်ဆေး ထိုးနှံနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးကာ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ထိုးနှံနိုင်ရေး တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရဲကုန်းကျေးရွာအုပ်စု အေးကြီးအထက်ရွာအနီးတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၀၁ သန်းဖြင့် မျိုးခေတ်ကျော်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သော အရှည် တစ်မိုင်၊ နှစ်ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု နှစ်ပေရှိ မြေသားကုန်ထုတ်လမ်းကို အပေါ်မှကျောက်ရောမြေခင်းခြင်းနှင့် နှစ်ပေရေပြွန်ပါ တံတားလေးစင်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းပိုင်းဆောင်ရွက်ပြီးစီးမှုကို တောင်ငူခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၈ ရက် နေ့လယ်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြသည်။ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ အေးကြီးအထက်ရွာ၊အေးကြီးအလယ်ရွာ၊ ရဲကုန်း၊ အင်းယား၊ ဆီမီးကံကျေးရွာများမှ ရာသီအလိုက်ဒေသထွက်ကုန်များ အဆင်ပြေစွာ သယ်ယူနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ကျောက်ဖြူမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ထပ်ဆောင်းကာကွယ်ဆေး Booster Dose ပြန်လည်ထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျန်းမာရေးဌာနမှဝန်ထမ်းများက အစိုးရရပ်ကွက်ရှိ ရမ္မာဝတီခန်းမတွင် ဆက်လက် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်သည့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဂျပန်နိုင်ငံထုတ် Convaxin ဆေးအားထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးတစ်လုံးလျှင် ဝန်ထမ်း ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိသည်။ ယင်းနောက် ကာကွယ်ဆေးထိုးရန် လာရောက်ကြသည့် ဝန်ထမ်းများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက သတ်မှတ်နေရာများသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းနှင့် သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်း ကောက်ယူခြင်းများ ဆောင်ရွက်ကာ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးများအား ထိုးနှံပေးလျက်ရှိသည်။

ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးထားသည့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း ၄၄၄၁ ဦးရှိကာ ၎င်းတို့အားဖေဖော်ဝါရီ ၁၈ ရက်မှစ၍ ထပ်ဆောင်းကာကွယ်ဆေး Booster Dose ပြန်လည်ထိုးနှံပေးလျက် ရှိပြီး လာရောက်ထိုးနှံသည့် ဝန်ထမ်း ၇၁၀ ရှိသည်။ ယင်းအပြင်ဆေးထိုးရန်ကျန်ရှိသည့် ဝန်ထမ်းများကိုလည်း လမ်းညွှန်ချက်များနှင့်အညီ စုရပ်တစ်ခု၌ သတ်မှတ်နေရာများခွဲ၍ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ကာကွယ်ဆေးထိုးနှံပေးမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး တင်အောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် ဒေသတွင်းဖြစ်ပွားခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကိုလည်း တိတိကျကျ လိုက်နာနေထိုင်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို ကော်မတီဝင်များက စစ်ဆေးကြပ်မတ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခြင်းသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ခရီးစဉ်ဒေသများနှင့် ဟိုတယ်များတွင် ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်လိုကြောင်း၊ ကိုဗစ်ကူးစက်ဖြစ်ပွားမှု ပိုမိုများပြားလာပါက အဆိုပါနေရာများအား ခေတ္တပိတ်သိမ်းရပ်နားသင့်ပါက ရပ်နားထားရန်လိုမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအေးမောင်လှိုင်က ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster ထိုးနှံပေးနိုင်ရန် ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆေးဝါးများ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း



**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၉**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီက ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာကာ ကိုဗစ်-၁၉ ရောဂါကုသဆေး၊ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်က လက်ခံရယူသည်။ **(ဝဲပုံ)**

ထို့နောက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူထားရာ Positive Centre သို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေး စောင့်ရှောက်ပေးမှုအခြေအနေများ မေးမြန်း၍ အားပေးစကား ပြောကြားသည်။ ယနေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသဆေးMolnupiravir 200mg ဘူး ၂၀၊ PPE ကာကွယ်ရေးဝတ်စုံ အစုံ ၅၀၊ နှာခေါင်းစည်း ၂၅၀၀ နှင့် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်း၊ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ်တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာသော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာသော်လည်း မပေါ့ဆကြစေလိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးထိုးနှံနိုင်ရေးအပေါ် စီမံချက်ချ၍ ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် မှာကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ တင်ပြဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးBooster Dose အား(တတိယအကြိမ်) ထပ်ဆောင်းထိုးနှံမှုကို မော်လမြိုင်မြို့နယ်အပါအဝင် သက်ဆိုင်ရာမြို့နယ်များအလိုက် သတ်မှတ်နေရာများတွင် ဖေဖော်ဝါရီလဆန်းမှစတင်၍ ဆက်လက်ထိုးနှံပေးနေပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ရန် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။



**ဇာဖြူဝင်း(ပြန်/ဆက်)**

## ကျိုက်လတ်မြို့၌ မြို့ဝင်မြို့ထွက်လမ်းများ သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၉**

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အား Green City, Clean City ဖြစ်စေရန်အတွက် မြို့ဝင်မြို့ထွက်လမ်းမကြီးများတစ်လျှောက် သန့်ရှင်းသာယာလှပစေရန်၊ ပြည်သူများ စည်းကမ်းလိုက်နာကြရန်၊ လမ်းဘေးဝဲယာများတွင် အမှိုက်စွန့်ပစ်ခြင်းမရှိစေရန် အသိပညာပေးသည့်အနေဖြင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စုပေါင်းအမှိုက်ကောက်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများစုပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၉**
၂၀၂၂ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၃ နာရီက တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

### ကြည့်ရှုအားပေး

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူငယ်မောင်မယ်များ၊ အားကစားဝါသနာရှင်များနှင့် မျိုးဆက်သစ်လူငယ် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်းမြင့်မားလာစေရန် အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားသောအလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန်နှင့် မျိုးဆက်သစ်လူငယ် ရွက်ပုန်းသီးအားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ရွေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ ၁၈ ရက်အထိ သုံးရက်တာ ကျင်းပဆောင်ရွက်ကာ ယမန်နေ့ညနေပိုင်းက လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ လက်ရွေးပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ပထမဆုများအဖြစ် ၄၅ ကီလိုတန်းတွင် တောင်တွင်းကြီးမြို့နယ်မှ နှင်းနုနုဝေ၊ ၄၈ ကီလိုတန်းတွင် သရက်မြို့နယ်မှ မိုးဆန်းထွေး၊ ၅၁ ကီလိုတန်းတွင် ပွင့်ဖြူမြို့နယ်မှ ပန်းအိခိုင်၊ ၅၁ ကီလိုတန်းတွင် ဆင်ပေါင်ဝဲမြို့နယ်မှ အိဇင်သော်တို့က အသီးသီးရရှိခဲ့ကြပြီး၊ အမျိုးသားလက်ရွေးပြိုင်ပွဲ ပွဲစဉ်များတွင် ပထမဆုကို ၄၆ ကီလိုတန်းတွင် မကွေးမြို့နယ်မှ အောင်ဆု၊ ၄၉ ကီလိုတန်းတွင် ရေနံချောင်းမြို့နယ်မှ ဇေယျာမင်းသော်တာ၊ ၅၂ ကီလိုတန်းတွင် မြိုင်မြို့နယ်မှ နိုင်ထက်ဦး၊ ၅၆ ကီလိုတန်းတွင် သရက်မြို့နယ်မှ အေးချမ်းမင်း၊ ၆၀ ကီလိုတန်းတွင် မကွေးမြို့နယ်မှ မျိုးချစ်မောင်၊ ၆၄ ကီလိုတန်းတွင် ထီးလင်းမြို့နယ်မှ ရဲရင့်ထွန်း၊ ၆၉ ကီလိုတန်းတွင် တောင်တွင်းကြီးမြို့နယ်မှ သီဟဇော်၊ ၇၅ ကီလိုတန်းတွင် လှိုင်ဝင်းအောင်တို့ အသီးသီးရရှိကာ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ဆုကလပ်နှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ကြသည်။

### ဆုချီးမြှင့်

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လက်ရွေး ပြိုင်ပွဲ အကြီးတန်း ၈၁ ကီလိုတန်းတွင် ပထမဆုရရှိသော သရက်မြို့နယ်မှ ရဲကိုကို၊ ဒုတိယဆုရရှိသော မကွေးမြို့နယ်မှ သန်းတိုးအောင်နှင့် အမျိုးသား/အမျိုးသမီး လက်ရွေးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော သရက်မြို့နယ်အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုကလပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားအား ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မောင်ညီညာ**

# မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်အား ကြည့်ရှုလေ့လာ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၉**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဗိဿနိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစိုးပိုင်မြင့်သည် ယနေ့နံနက်တွင် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်ခေတ်ရုပ်ကြွင်းပြကွက်များ၊ အုတ်ချပ်များနှင့် ပျူခေတ်လက်မှုပစ္စည်းများအား လှည့်လည်ကြည့်ရှု လေ့လာခဲ့သည်။

### ဟောပြောပွဲဆောင်ရွက်သွားရမည်

ထို့နောက် ပြတိုက်အတွင်း ပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် ရှင်းလင်းချက်များအား ကြည်လင်ပြတ်သားသောပုံများဖြင့် ပြောင်းလဲပြသနိုင်ရေး၊ ပြတိုက်ဆိုင်ရာလုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ Information Center တွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တူးဖော်တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံများအား ဓာတ်ပုံဆိုဒ်ကြီးဖြင့်ပြသရေး၊ ကုန်းအမှတ် KKG 2,3,4 အဝန်းအဝိုင်းအား ခြံစည်းရိုးကာရံထိန်းသိမ်းရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်နှင့် ရေရှည်တည်မြဲမှုရှိစေရန် ကာကွယ်စောင့်ရှောက်ရေး၊ မြို့ဟောင်းအတွင်းရှိ ရှေးဟောင်းအဆောက်အဦများကို တစ်နေရာနှင့်တစ်နေရာ မြင်နိုင်ရန် လျှောက်လမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များကို စနစ်တကျပြုလုပ်ရန်၊ ရှေးဟောင်းအမွေအနှစ်ဇရိယာအတွင်း ရှေးဟောင်းပစ္စည်းများ၊ လက်ရာများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းလုပ်ဆောင်မှုမရှိစေရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ယူနက်စကို guide line အတိုင်း ဆောင်ရွက်ရေးနှင့် ဇုန်အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများအား ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ဟောပြောပွဲဆောင်ရွက်သွားရမည်များကို မြို့နယ်ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အသွားအလာများသည့် ဘတ်စ်ကားမှတ်တိုင်များဖြစ်သည့် ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းလမ်းနှင့် လှည်းတန်းလမ်းဆုံတို့တွင် မြို့တွင်းခရီးသွားပြည်သူများနှင့် လမ်းသွားလမ်းလာများအား ပါးစပ်နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန်နှင့် ပတ်သက်၍ ခရီးသွားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)က “YBS ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး လိုက်နာဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်မှာ အဓိကက YBS ခရီးသည်တင်ယာဉ်မောင်းတွေအနေနဲ့ မဖြစ်မနေ ခရီးစဉ်တစ်လျှောက်လုံး ပါးစပ်/နှာခေါင်းစည်း တပ်ဆင်ပြီးမှ မောင်းနှင်ရန်၊ လိုက်ပါစီးနင်းသည့် ခရီးသည်များအနေနဲ့လည်း ခရီးစဉ်တစ်လျှောက်လုံး ပါးစပ်/နှာခေါင်းစည်း တပ်ဆင်ပြီးမှ စီးနင်းကြရန်၊ ကားအတက်/ အဆင်းတွေမှာ လက်သန့်ဆေးရည် အသုံးပြုပြီး စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောကြရန်၊ YBS ခရီးသည်တင်ယာဉ်တွေမှာ လေဝင်/လေထွက်ကောင်းစေဖို့အတွက် ပြတင်းပေါက်တံခါးတွေကို ဖွင့်ထားကြရန်၊ ခရီးစဉ်တစ်ခုပြီးဆုံးသွားတိုင်း ယာဉ်တွေကို ပိုးသတ်ဆေးဖျန်းရန်၊ ရုံးတက်/ရုံးဆင်းချိန်တွေမှာ ခရီးသည်တွေ များနေတဲ့အချိန်မှာလည်း ဒီမှတ်တိုင်တွေမှာ လူစုလူဝေးမဖြစ်အောင် YBS ခရီးသည်တင်ယာဉ်တွေကို အစီးရေများများ ပြေးဆွဲပေးဖို့ YBS ခရီးသည်တင်ယာဉ်လိုင်းကုမ္ပဏီတွေကို မှာကြားထားပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ YBS ခရီးသည်တင်ယာဉ်တွေအနေနဲ့ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်တွေကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်းနဲ့ လိုက်ပါစီးနင်းတဲ့ ခရီးသွားပြည်သူတွေကို ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန် ကူးစက်မှုမရှိစေရေးအတွက် နှာခေါင်းစည်းတွေကို အခမဲ့ ဖြန့်ဝေပေးဖြစ်တာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအနေဖြင့် မြို့တွင်းခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)အနေဖြင့် YBS ခရီးသည်တင်ယာဉ်လိုင်း ၁၁၈ လိုင်းမှ ယာဉ်အစီးရေ ၂၉၀၀ နီးပါးဖြင့် နေ့စဉ် မြို့တွင်းခရီးသွားပြည်သူ ခြောက်သိန်းနီးပါးခန့်ကို ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန် ကူးစက်မှုမရှိစေရေးအတွက် ပါးစပ်နှာခေါင်းစည်း အခုရေ တစ်သောင်းအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# ပိဿနိုးမြို့ဟောင်း သမိုင်းပုံရိပ်

*မြန်စာမြေသိန်းလွင်*



ပိဿနိုးရှေးဟောင်းသုတေသနပြတိုက်။

✻ ပျူမြို့ဟောင်းများတွင် တွေ့ရှိရသည့် ပျူမြို့ပြယဉ်ကျေးမှုစနစ်၏ ယေဘုယျသဘောလက္ခဏာများဖြစ်သော ပျူယဉ်ကျေးမှုထွန်းကားရာ မြို့ပြများ၏ မြို့တည်ဆောက်ပုံအနေအထား၊ မြို့နေရာရွေးချယ်ထားရှိမှု၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်လက်တံ တည်ဆောက်ပုံအနေအထား၊ အဆောက်အအုံများ၏ ပုံသဏ္ဌာန်များ၊ အသုံးပြုသောအုတ်များ၏ အရွယ်အစား၊ လက်ရေးစင်းရာပါရှိသော အုတ်များ၊ သေဆုံးသူကို မီးရှို့သင်္ဂြိုဟ်၍ အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံခြင်း၊ အရိုးအိုးများ၏ ပုံသဏ္ဌာန်တူညီနေမှုများ စသည်တို့က ထိုမြို့ဟောင်းများသည် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ ဒေသများဖြစ်ကြောင်း နှိုင်းယှဉ်သိရှိခဲ့ကြပါသည်

အစောပိုင်းမြန်မာနိုင်ငံသမိုင်းသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲခဲ့သည်။ သံခေတ်အတွင်းတွင် မြန်မာနိုင်ငံအတွင်း၌ မြို့ပြယဉ်ကျေးမှု စတင်ထွန်းကားခဲ့ရာ ပျူလူမျိုးများက စတင်တည်ထောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းမြို့ပြယဉ်ကျေးမှုကို ပျူလူမျိုးများက ခရစ်တော်မပေါ်မီ (Before Christ) ကာလကပင် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအဖြစ် တဖြည်းဖြည်း တရွေ့ရွေ့ဖြင့် တည်ထောင်လာခဲ့ကြသည်။ ပျူလူမျိုးတို့၏သမိုင်းကို မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းကျမ်းများဖြစ်သော မဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်၊ စေတီယကထာရာဇဝင်ချုပ်၊ ဇမ္ဗူကွန်ချာကျမ်းစသည်တို့တွင် ဖော်ပြခဲ့ကြသည်။ ထိုမြန်မာရာဇဝင်ကြီးများနှင့် ပုရာဏ်ကျမ်းများအရ ဟံသာဝတီပျူ (ဟန်လင်း)မင်း ၈၀၀၊ တမ္ပဝတီပျူမင်း ၁၉၀ ၊ မက္ခရာပျူမင်း ၁၆၀ ၊ ပင်လယ်ပျူမင်း ၉၇၊ ကောင်းစင်ပျူမင်း ၃၀၊ အလကပ္ပပျူမင်း ၂၆ ၊ ရွာပုကြီးပျူမင်း ၅၀၊ လယ်ကိုင်းပျူမင်း ၄၀ စုစုပေါင်း ၁၃၉၃ ပါးတို့သည် တကောင်း၊ ပိဿနိုး၊ သရေခေတ္တရာမြို့များ မတိုင်မီကပင်စိုးစံခဲ့ကြောင်းဆိုပါသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဌာန စတင်ပေါ်ပေါက်ချိန်မှစ၍ ပျူတို့၏ ယဉ်ကျေးမှုထွန်းကားရာ ရှေးဟောင်းပျူမြို့တော်များဖြစ်သော ပိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော စသည်တို့ကို သုတေသနပြု တူးဖော်ခဲ့ကြပါသည်။ ရှေးဟောင်းသုတေသနမှ သုတေသနပြုတူးဖော်မှုများက ထိုပျူမြို့ဟောင်းများတွင် တွေ့ရှိရသည့် ပျူမြို့ပြယဉ်ကျေးမှုစနစ်၏ ယေဘုယျသဘောလက္ခဏာများဖြစ်သော ပျူယဉ်ကျေးမှုထွန်းကားရာ မြို့ပြများ၏ မြို့တည်ဆောက်ပုံအနေအထား၊ မြို့နေရာရွေးချယ်ထားရှိမှု၊ မြို့ရိုးနှင့် မြို့ဝင်ပေါက်လက်တံ တည်ဆောက်ပုံအနေအထား၊ အဆောက်အအုံများ၏ ပုံသဏ္ဌာန်များ၊ အသုံးပြုသောအုတ်များ၏ အရွယ်အစား၊ လက်ရေးစင်းရာပါရှိသော အုတ်များ၊ သေဆုံးသူကို မီးရှို့သင်္ဂြိုဟ်၍ အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံခြင်း၊ အရိုးအိုးများ၏ ပုံသဏ္ဌာန်တူညီနေမှုများ စသည်တို့က ထိုမြို့ဟောင်းများသည် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ ဒေသများဖြစ်ကြောင်း နှိုင်းယှဉ်သိရှိခဲ့ကြပါသည်။

## ပိဿနိုးမြို့ဟောင်း၏ နောက်ခံသမိုင်းကြောင်း

မြန်မာရာဇဝင်ကြီးများတွင် တကောင်းပြည်ကြီးကို အစိုးရသော သတိုးမင်းကြီး၏ မိဖုရားမှ ဖွားမြင်သော မျက်မမြင်ညီနောင် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့ကို ဖောင်နှင့်မျှောလိုက်ရာတွင် စားမြိန်စာကို ခိုးယူစားသော စန္ဒမုခိဘီလူးမ၏ ကျေးဇူးဖြင့် မျက်စိမြင်ကြရသည်။ နောင် သရေခေတ္တရာမြို့ဖြစ်လာမည့် ပြည်မြို့အနားတွင် မဟာသမ္ဘဝမင်းသားလည်း ဦးရိုးတော်တော်သော ရသေ့၏ သမီးတော် ဗေဒါရီနှင့် ပျူမိဖုရားတို့ကိုလက်ဆက်၍ မင်းပြုလေသည်။ မဟာသမ္ဘဝမင်း အနိစ္စရောက်သောအခါ ညီတော် စူဠသမ္ဘဝ မင်းဖြစ်သည်။ ထိုအခါ မရီးတော် ဗေဒါရီကို မိဖုရားမြှောက်လျှင် အိမ်ရှေ့မင်းအဖြစ်က အလုပ်အကျွေးပြုသော စန္ဒမုခိဘီလူးမသည် ဝမ်းနည်းသောအားဖြင့် ထိုမင်းတွင်မြင်သော သားတော်ပိဿနိုးကိုယူ၍ မြောက်ဘက်ပုပ္ပားအရပ်တွင် ရွာပြုပြည်ထောင် နေလေသည်။ ယင်းမှာ ရာဇဝင်ကြီးများကညွှန်းသော စူဠသမ္ဘဝနှင့် စန္ဒမုခိဘီလူးမတို့မှ ဖွားမြင်သောသားတော် ပိဿနိုးမင်းသားနှင့် မိခင် စန္ဒမုခိဘီလူးမတို့တည်ထောင်သော ပိဿနိုးမြို့ဖြစ်ပါသည်။

နေမျိုးမင်းလှသီရိသင်္ခယာရေးသော တောင်တွင်းကြီးသမိုင်း ဒုတိယပိုင်းတွင် ပိဿနိုးမြို့ ပန်ထွာပြည်၏အကြောင်းကို သင်းတွဲပြည်(တကောင်း)မှ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ မျက်မမြင်ညီနောင်နှစ်ပါးတို့ကို ဖောင်နှင့် မျှောလိုက်ခန်းမှ စတင်ပါသည်။ ညီနောင်နှစ်ပါးတို့၏ စားမြိန်စာကို ခိုးယူစားသောက်သော ရွှေနံ့ကိုင်းဘီလူးမ (ရာဇဝင်ကြီးများတွင် စန္ဒမုခိဘီလူးမ)သည် မဟာသမ္ဘဝနှင့် ပဋိသန္ဓေကပ်ငြိလေသည်။ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့၏ မျက်စိအမြင်ကို ရအောင်ကုစားပေးပြီးနောက် ထွက်ခွာလာသော ဘီလူးမသည် တောင်တွင်းကြီးမြို့ အနောက်ဘက် ငါးတိုင်ခန့်အကွာ တောအရပ်တွင် သမီးမိန်းကလေးတစ်ယောက်ကို ဖွားမြင်လေသည်။

ထိုတောအတွင်း၌ သီတင်းသုံးနေထိုင်သော ရသေ့တစ်ပါးသည် သစ်သီးရှာဖွေသွားလာရာ ဘီလူးမနှင့် ကလေးငယ်ကို တွေ့မြင်ရာတွင် သူတစ်ပါး၏သားသမီးကို စားရန်အလို့ငှာ ခိုးယူလာသည်ထင်မှတ်၍ မန္တာန်မန္တရားဖြင့် ခြောက်လှန့်ရာ ဘီလူးမသည် သမီးငယ်ကို ပစ်ခွာထွက်ပြေးရလေသည်။ ရသေ့သည် သတို့သမီးငယ်ကို ကောက်ယူမွေးစား၍ အရွယ်ရောက်သောအခါ ရသေ့ရဟန်းတို့နှင့် အတူတကွနေထိုင်ခြင်းငှာ မသင့်၍ မီးမဖုတ်သော အိုးငယ်ကိုပေးကာ ရေခပ်ယူခိုင်းလေသည်။ ရသေ့ပေးသောအိုးငယ်သည် ရေထည့်လျှင်ပင် ကွဲအက်ပျက်စီးလေသည်။ ထိုသို့ ကွဲအက်ဖန်များသောအခါ သတို့သမီးငယ်လည်း တောစောင့်တောင်စောင့်နတ်တို့ ဖျက်ဆီးခြင်းပြု၍သာ မိမိ၏အိုးများ ကွဲပျက်ရလေသည်ဟု ငိုမြည်တမ်းလေသည်။ ဤသည်ကို ရှေးဘဝက မောင်နှမအရင်းဖြစ်ခဲ့ဖူးသော ပိဿနိုးနတ်မင်းကြီး ကြားသိလေလျှင် ထိုမိန်းမငယ်၏ ကုသိုလ်ပုညသီလပါရမီရှိပါက ကူညီထောက်ပင့်ရမည်ဟူသော အကြံနှင့် သိကြားမင်းထံ သွားရောက်လျှောက်ထားလေသည်။


သိကြားမင်းက ထိုမိန်းမငယ်သည် ကဿပမြတ်စွာဘုရား လက်ထက်က လက်ျာတော်ရံအရှင်မြတ်အား ပေရွက်၊ ယပ်တောင် လှူဒါန်းခဲ့ဖူးသည်။ ထိုသို့ လှူဒါန်းခဲ့ဖူးသော အကျိုးကြောင့် ထိုမိန်းမငယ်၏ ဖြစ်လေရာဘဝတိုင်းတွင် မစိုက်မပျိုးရဘဲ ပေပင်တို့ ပေါက်ရောက်ခြံရံသော ကနက်ထီးနန်းတွင် စံမြန်းရလိုကြောင်း ပန်ထွာဆုတောင်းခဲ့ဖူးလေသည်။ ယခုအခါတွင် ထိုသို့ဆုတောင်းခဲ့သော ကုသိုလ်ကံ၏ အကျိုးပေးရန် အချိန်ရောက်ပြီဖြစ်ကြောင်း မိန့်ကြားလိုက်သည်။ ထိုအခါ ပိဿနိုးနတ်မင်းက အိုးများကို မကွဲမပျက်နိုင်အောင် တောင်ငယ်ပမာဏရှိ အိုးတစ်သိန်းအဖြစ် ဖန်ဆင်းပုံပေးထားလေသည်။ ထိုအရပ်ကို အိုးသိန်းတောင်ဟုခေါ်ဝေါ်၍ ယခုအခါတွင် စကားရွေ့လျောလာသဖြင့် အိုးထိန်းတောင်ဟု ခေါ်တွင်လေသည်။

ထိုအရပ်ဒေသတွင်လည်း ပိဿနိုးနတ်မင်းက စတုရန်းအားဖြင့် တာလေးထောင်ကျယ်ဝန်းသော မြို့ပြထီးနန်း ဖန်ဆင်းတည်ထောင်ပေးသည်။ စည်ကိုတီးလျှင် ရန်သူမဝင်နိုင်အောင် ချောင်းရေနှင့်ဆီးတားစေတတ်သော သိကြားဆက်သည့် အတုလစည်တော်ကို တီးခတ်ခြင်းဖြင့် ရေအဟုန်ကျလာသောချောင်းကို ရန်ပယ်ချောင်းဟုခေါ်သည်။

မြို့တော်၏အနောက်မျက်နှာတွင် မင်းသမီးပျော်ပါးရန် ဖန်ဆင်းထားသော အင်းကြီးနှင့်ဆက်သည့်မြောင်းကို ဖောင်တော်ပေါက်ဟုခေါ်သည်။ ထိုမင်းသမီး၏ မယ်တော်ဘီလူးမ လာရောက်နေထိုင်စေရန် တစ်ခုသော အင်းတောင်၌ ဂူတည်၍ထားသည်။ ထိုအရပ်ကို ဂူအင်းတောဟုခေါ်သည်။ သတို့သမီးငယ် ပန်ထွာ ဆုတောင်းခဲ့ဖူးသော အတိတ်စကားကြောင့် ပြည်တော်ကို ပန်ထွာပြည်၊ ပိဿနိုးနတ်မင်း ဖန်ဆင်းပေးသော မြို့ဖြစ်၍ မြို့တော်ကို ပိဿနိုးမြို့ဟု ခေါ်ဝေါ်ကြောင်း ပါရှိလေသည်။

ခရစ်မပေါ်မီ ၂-ရာစု (ဘီစီ-၂၀၀) ခန့်က ရှေးဟောင်းတရုတ်မှတ်တမ်းများမှ အေဒီ-၁၀၆၀ ထန်ရာဇဝင်သစ်အထိ ပျူလူမျိုးနှင့် ပျူနိုင်ငံအကြောင်းကို မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တရုတ်ပြည် သုံးနိုင်ငံခေတ် (အေဒီ ၂၂၀-၈၀) မှတ်တမ်းတွင် တရုတ်တို့သည် ယူနန်၏အနောက်ဘက် (အနောက်မြောက်ဘက်) တွင် လင်(န်)ယန်(င်) (Lin-yang)ဟု အမည်ရှိသော နိုင်ငံရှိသည်။ ထိုလင်(န်)ယန်(င်) နိုင်ငံသည် မြန်မာပြည်အလယ်ပိုင်းဒေသရှိ ပိဿနိုးမြို့ဖြစ်ကြောင်းပညာရှင်များက ညွှန်းဆိုပါသည်။ အင်အားတောင့်တင်းလာသော သရေခေတ္တရာဘက်မှ ပျူလူမျိုးများက ပိဿနိုးမြို့ကို ပြန်လည်တိုက်ခိုက်ရာ ရန်သူတို့က မီးတိုက်ခဲ့၍ ပိဿနိုးမြို့မှာ မီးလောင်ပျက်သုဉ်းခဲ့ရသည်။ ယင်းတို့မှာ တရုတ်မှတ်တမ်းများနှင့် ညှိနှိုင်းဖော်ပြသော လင်(န်)ယန်(င်) သို့မဟုတ် ပိဿနိုး မြို့ဟောင်း၏ သမိုင်းပုံရိပ်များဖြစ်ပါသည်။




ပိဿနိုးမြို့ဟောင်းမှ အုတ်အဆောက်အအုံများနှင့် ပန္နက်ပုံစံ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

## ဗိဿနိုးမြို့ဟောင်း၏ တည်နေရာ

ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်း တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၂ မိုင်အကွာ မကွေး-တောင်တွင်းကြီး ကားလမ်းမပေါ်တွင် တည်ရှိပါသည်။ မြောက်လတ္တီကျု ၂၀ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် အကြားတွင်တည်ရှိပြီး မြို့အကျယ်အဝန်းမှာ ၃ ဒသမ ၃ စတုရန်းမိုင် ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၄၅၀ အမြင့်တွင်တည်ရှိပါသည်။ မြို့ရိုးမှာလေးထောင့်မကျတကျပုံစံရှိ၍ အနောက်ဘက်မြို့ရိုးမှာ ရေတိုက်စားပြီး ပြိုပျက်သွားသဖြင့် မြို့ရိုးအကြွင်းအကျန် အနည်းငယ်ကိုသာ တွေ့ရှိနိုင်တော့သည်။ တောင်မြောက်အုတ်မြို့ရိုးနှင့် အရှေ့အနောက်မြို့ရိုးတို့၏ မကွာလှသော အချိုးအစားကြောင့် အနည်းနှင့်အများဆိုသလို စတုရန်းပုံနီးပါး ရှိနေလေသည်။ မြို့ရိုးအတိုင်းအတာတို့မှာ မြောက်ဘက်မြို့ရိုး ၂ ဒသမ ၈ ကီလိုမီတာခန့်၊ တောင်ဘက်မြို့ရိုး ၂ ဒသမ ၇ ကီလိုမီတာခန့်၊ အရှေ့ဘက်မြို့ရိုး ၃ ကီလိုမီတာခန့်နှင့် သိပ်မထင်ရှားလှသော အနောက်ဘက်မြို့ရိုးမှာ တောင်နှင့်မြောက် အုတ်မြို့ရိုးတန်းတို့၏ အနောက်ဘက်အစွန်တို့ကို ခန့်မှန်းတိုင်းတာချက်အရ ၂ ဒသမ ၆ ကီလိုမီတာခန့်ရှိမည်ဖြစ်သည်။ အရှေ့ဘက်မြို့ရိုးသည် တောင်မြောက်မျဉ်းမှ အနောက်ဘက်သို့ ၁၂ ဒီဂရီ တိမ်းစောင်းနေကြောင်း တွေ့ရှိရပါသည်။ အနောက်ဘက်မြို့ရိုး၏ သုံးပုံနှစ်ပုံခန့်မှာ မထင်ရှားပါ။ မြို့၏မြောက်ဘက်ရှိ အင်းကြီးကန်နှင့် တောင်ဘက်ရှိ ကုက္ကိုခွကန်တို့က အနောက်ဘက် နယ်နိမိတ်ကို ပိုင်းခြားထားကြသည်။ မြို့ရိုးပတ်လည်တွင် ကျုံးရှိသည် မရှိသည်မှာ မသေချာလှပါ။ မြို့၏ မြောက်ဘက် မြို့ရိုးနေရာတွင် ပေ ၂၀၀ ခန့်အကျယ် တူးဖော်ကြည့်ရာတွင် ရေကျုံးရှိသည့်အထောက်အထားကို ခိုင်လုံစွာမတွေ့ရချေ။ ဗိဿနိုးမြို့ဟောင်း၏ အကျယ်အဝန်းမှာ ၃ ဒသမ ၃ စတုရန်းမိုင် သို့မဟုတ် ၂၉၁ ဒသမ ၇ ဟက်တာရှိရာ ပျူမြို့တော်ဟောင်းများ အနက် သရေခေတ္တရာမြို့ဟောင်းမှလွဲလျှင် ဒုတိယအကြီးဆုံး မြို့ဟောင်းဖြစ်သည်။

## ဗိဿနိုးမြို့ဟောင်း၏ မြေမျက်နှာသွင်ပြင်

ဗိဿနိုးမြို့ဟောင်းသည် မိုးရေချိန် ၃၅ လက်မ မှ ၄၂ လက်မအထိ ရရှိ၍ ယင်းချောင်း၏ မြစ်ဝှမ်းလွင်ပြင်တွင် တည်ရှိသည်။ ဗိဿနိုးမြို့ဟောင်းသည် ယင်းချောင်းနှင့် ရန်ပယ်ချောင်းတို့ဆုံရာ၏ အရှေ့ဘက် ၁ မိုင်ခန့်အကွာ ယင်းချောင်း၏ အရှေ့တောင်ယွန်းနှင့် ရန်ပယ်ချောင်း၏မြောက်ဘက်တွင် တည်ရှိသည်။ ယင်းချောင်းအတွင်းသို့ ပဲခူးရိုးမမှ စီးဆင်းလာသော ချောင်းလက်တက်ကလေးများစွာက စီးဝင်လျက်ရှိပါသည်။ ယင်းလွင်ပြင်၏အရှေ့ဘက်တွင် တောင်တွင်းကြီးမြို့နှင့် အနောက်ဘက်တွင် မြစ်ဆုံအနား၌ ဗိဿနိုးမြို့ဟောင်းတည်ရှိ၍ ယင်းချောင်း၊ စတုံချောင်း၊ ရန်ပယ်ချောင်းနှင့် တောင်ဦးချောင်းတို့ ပေါင်းဆုံစီးဝင်လျက်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်ကပင် စိုက်ပျိုးရေးအတွက် ရေးဟောင်းဆည်မြောင်းများ ဖောက်လုပ်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ဤလွင်ပြင်သည် နုန်းမြေနုများဖြင့် အတန်မြေဩဇာကောင်းသော လွင်ပြင်ဖြစ်သည်။ ယင်းနှင့် သူ၏လက်တက်တို့မှ ရေများကို ဆည်မြောင်းများဖြင့်သယ်ယူ၍ လူတို့သည် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ စပါးမှစ၍ သီးနှံပင်မျိုးစုံကို စိုက်ပျိုးနိုင်သဖြင့် ထိုမြေပြန့်သည် လူဦးရေအတော်များများကို ထိန်းသိမ်းထောက်ပံ့ကျွေးမွေးထားနိုင်သော ဒေသဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ဗိဿနိုးမြို့ဟောင်း၏သက်တမ်း

ဗိဿနိုးမြို့ဟောင်း၏သက်တမ်းနှင့် ပတ်သက်၍ ကုန်းအမှတ်-၉ (KKG-9)တူးဖော်ရာမှတွေ့ရှိရသော မီးသွေးစုကို ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်နည်းအရ ဓာတ်ခွဲကြည့်ရာတွင် ခရစ်နှစ် ၁-ရာစုမှ ၂-ရာစုအတွင်း သတ်မှတ်ပါသည်။ သို့သော် ဗိဿနိုးမြို့ဟောင်းတွင် ပျူလူမျိုးများ စတင်အခြေစိုက်သောကာလသည် ထိုရေဒီယိုကာဗွန်သက်တမ်းအရ ခရစ်မပေါ်မီ ၂- ရာစုဖြစ်ကြောင်း ယူဆပါသည်။ ကုန်းအမှတ်-၉ (KKG-9) မှ ကာဗွန်စမ်းသပ်ချက်နှစ်ခုမှာ သက်တမ်းကို အတိုးအလျှော့သက်တမ်း (Sigma) ကို ကြည့်၍ ခရစ်မပေါ်မီ (၁၈၀ ဘီစီ - ၂၆၀ အေဒီ) နှင့် (၁၀၀ ဘီစီ- ၃၉၀ အေဒီ)ဟုလည်း ယူဆကြပါသည်။ ကုန်းအမှတ်(၁၁)မှ ရရှိသောမီးသွေးခဲကို နယူးဇီလန်နိုင်ငံတွင် လည်းကောင်း၊ ကုန်းအမှတ်(၃၂)မှ မီးသွေးခဲကို ဩစတြေးလျနိုင်ငံတွင်လည်းကောင်း ဓာတ်ခွဲစမ်းသပ်ချက်များအရလည်း ဘီစီ - ၂ ရာစုကို ရည်ညွှန်းပါသည်။

ထို့ပြင် မြို့ရိုးများနှင့် အုတ်နံရံများကို ပုံမှန်တောင်မြောက်တန်းနေရာမှ နှစ်ကာလကြာလာသောအခါ သံလိုက်အိမ်မြှောင် (Magnetic Compass) မှညွှန်သော မြောက်ဘက်သို့ အတိအကျမရောက်ဘဲ အရှေ့ဘက်သို့ ၈ ဒီဂရီ၊ အနောက်ဘက်သို့ ၁၃ ဒီဂရီတိမ်းစောင်းနေပါက ထိုအုတ်တံတိုင်းနှင့် နံရံတည်ဆောက်သောရာစုကို တွက်ယူနိုင်သည်။ ထို့ကြောင့် ဗိဿနိုးမြို့ဟောင်း တူးဖော်ရေးမှ ပေါ်ထွက်လာသည့် ခေတ်ကာလစောသော မြို့ရိုးနှင့် အဆောက်အအုံများ၏ တောင်မြောက်ပြေးနေသော နံရံများသည် အနောက်ဘက်သို့ ၁၀ ဒီဂရီမှ ၁၃ ဒီဂရီအထိ တိမ်းစောင်းနေသောကြောင့် ဗိဿနိုးမြို့၏ သက်တမ်းကို ခရစ်မပေါ်မီ ၂-ရာစု ဖြစ်မည်ဟု ခန့်မှန်းပါသည်။

## ဗိဿနိုးမြို့ဟောင်း ယခင်တူးဖော်မှုမှတ်တမ်း

ဗိဿနိုးမြို့ဟောင်းကို ၁၉၀၅ ခုနှစ်ကပင် မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာန၊ ကျောက်စာဝန် တော်စိန်ခိုက ပထမဦးဆုံး စူးစမ်းလေ့လာခဲ့ပြီး မြို့ဟောင်းတောင်ဘက်ရှိ ကုန်းငယ်နှစ်ခုကို ရှေးဦးစွာ သုတေသနတူးဖော်မှု ပြုလုပ်ခဲ့ပါသည်။ ၁၉၀၇ ခုနှစ်တွင် ဗြိတိသျှအစိုးရညွှန်ကြားချက်သည်တော်ပြင်သစ် စစ်ဗိုလ်ချုပ် လီယွန်ဒီဗဲလီယေကလည်း သရေခေတ္တရာမြို့ဟောင်းတွင် လာရောက်တူးဖော်စဉ် ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်စူးစမ်းလေ့လာခဲ့သည်။

ထို့နောက် ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာနမှ ရှေးဟောင်းသုတေသနပညာရှင်များက ရှေးဟောင်းကုန်းပေါင်း ၂၅ ကုန်းကို စနစ်တကျတူးဖော် သုတေသနပြုခဲ့ကြပါသည်။ ထို့နောက် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန် ဦးအောင်သော်က ဗိဿနိုးမြို့ဟောင်းတူးဖော်မှုအစီရင်ခံစာ (Report on Excavation at Beikthano)ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ၁၉၆၇ ခုနှစ်တွင် ဗိဿနိုးမြို့ဟောင်း အနောက်တောင်ဘက်ရှိ ရန်ပယ်ချောင်း၏ ရေတိုက်စားမှုကြောင့် ပေါ်ပေါက်လာသော အုတ်ကုန်းတချို့ကို ကုန်းအမှတ်-၂၆ (KKG-26)အဖြစ် သုတေသနပြုရန် တူးဖော်ခဲ့သည်။ ထို့ပြင် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကုန်းပေါင်း ၃၈ ကုန်းကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက အသီးသီး သုတေသနပြုတူးဖော်ခဲ့ကြပါသည်။ ထို့ကြောင့် ဗိဿနိုးမြို့ဟောင်းအတွင်း ရှေးဟောင်းကုန်း စုစုပေါင်း ၆၈ ကုန်းကို တူးဖော်သုတေသနပြုမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဗိဿနိုးမြို့ဟောင်းကို သိပ္ပံနည်းကျတူးဖော်မှုများစတင်စဉ်က တူးဖော်မှုကုန်းအမှတ်များကို ဗိဿနိုးမြို့ဟောင်း အနောက်ဘက်ရှိ ကုက္ကိုခွရွာ(Kokkogwa)ကို အစွဲပြု၍ KKG ဟူ၍ အမည်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်မှစတင်၍ ဗိဿနိုးမြို့ဟောင်းကို တူးဖော်ရာတွင် ထိုကုက္ကိုခွ (KKG) ဟူသော ကုန်းအမည် အတိုမှတ်ကို အသုံးမပြုတော့ဘဲ ဗိဿနိုးမြို့ဟောင်း (Beikthano)ကိုပင် အစွဲပြု၍ BTO ဟူသော ကုန်းအမည်အတိုမှတ်ကို ပြောင်းလဲသုံးစွဲခဲ့ကြပါသည်။ ထို့ကြောင့် ယခုစာတမ်းတွင် ယခင်တူးဖော်မှုကုန်းဟောင်းများနှင့် နှိုင်းယှဉ်ဖော်ပြရာ၌ ယခင်တူးဖော်မှုကုန်းများကို အတိုမှတ်အမည် KKG ဟူ၍လည်းကောင်း၊ ၁၉၉၅ ခုနှစ်နောက်ပိုင်း တူးဖော်ခဲ့သော ကုန်းများကို BTO ဟူ၍လည်းကောင်း ခွဲခြားဖော်ပြပါသည်။



ကုန်းအမှတ်-၁၃ မှ တူးဖော်တွေ့ရှိသော ကြေးဗုဒ္ဓဆင်းတုတော်အား မသန့်စင်မီပုံနှင့် သန့်စင်ပြီးပုံ။

## ဗိဿနိုးမြို့ဟောင်းဗိသုကာလက်ရာများ

ယခင်တူးဖော်မှုများအရ ဗိဿနိုးမြို့ဟောင်း၏ မြို့ရိုး၊ မြို့ဝင်ပေါက်များ၊ ဘာသာရေးဆိုင်ရာနှင့် ထုံးဓလေ့ဆိုင်ရာအဆောက်အအုံများ၊ လူနေအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို တွေ့ရှိ၍ အခြား ပျူမြို့ဟောင်းများနှင့် နှိုင်းယှဉ်လေ့လာနိုင်ခဲ့ပါသည်။ ဗိဿနိုးမြို့ဟောင်းတွင် မြို့ရိုး၊ မြို့ဝင်ပေါက်၊ နန်းတော်မြို့ရိုးနှင့် မြို့ဝင်ပေါက်၊ နန်းတော်အဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ သိမ် စသည့် သာသနိကအဆောက်အအုံ အစုအဝေးတို့ကို စုံလင်စွာ တည်ဆောက်ထားနိုင်ကြောင်း တွေ့ရှိရပါသည်။

ပျူမြို့ဟောင်းများအားလုံးတွင် မြို့ဝင်ပေါက်များပါရှိသည်။ မြို့ဝင်ပေါက်မှာ လက်တံနှစ်ခုရှိသည်။ အဝကျယ်ပြီး အတွင်းသို့ ကျဉ်းသွားကာ ကွေ့ဝိုက်သည့်ပုံသဏ္ဌာန်ရှိသည်။ ဗိဿနိုးမြို့ဟောင်းမြောက်ဘက်ရှိ ကုန်းအမှတ် (၁၃၊ ၁၅၊ ၂၂၊ ၃၅၊ ၃၆) တို့မှာ တူးဖော်ပြီး မြို့ဝင်ပေါက်များ ဖြစ်ပါသည်။

တူးဖော်မှု ကုန်းအမှတ်-၆၊ ၁၄၊ ၁၈ (KKG-6, 14, 18) နှင့် အမှတ်-၅ (BTO 5)၊ ကုန်းအမှတ်-၁၆ (BTO-16) ကို တူးဖော်ရာမှ ထွက်ပေါ်လာသော အဆောက်အအုံမှာ စက်ဝိုင်းပုံပန္နက်ရှိသော အုတ်အဆောက်အအုံကို အဆောက်အအုံအတွင်းသို့ဝင်ရောက်နိုင်ရန် အုတ်ခုံစွန်း လက်တံထွက်ရှိထားသော ပန္နက်ပုံစံဖြစ်ပါသည်။ စတုရန်းပုံ အုတ်ရိုးပတ်ကာ အနောက်ဘက်တွင် အဆောက်အအုံအတွင်းသို့ ဝင်ရောက်နိုင်ရန် အုတ်ခုံစွန်း လက်တံထွက်ရှိထားသော ပန္နက်ပုံစံ ဖြစ်ပါသည်။

ထိုအဆောက်အအုံများအတွင်းမှ ဌာပနာပစ္စည်း တစ်စုံတစ်ရာမှ မတွေ့ရှိခဲ့ကြရပါ။ ထိုအဆောက်အအုံများ၏ပန္နက်ပုံစံမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ (ယခုပါကစ္စတန်နိုင်ငံအတွင်းရှိ) တက္ကသီလာဒေသ (Taxila)နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်း အန္ဓရဒေသရှိ အမရဝတီ (Amaravati) နှင့် နာဂါရ်ဇုနကုဏ္ဍ (Nagarjunakonda)ဒေသရှိ စေတီပန္နက်များနှင့် တူညီနေကြောင်း တွေ့ရှိရပါသည်။ ယခုအဆောက်အအုံများမှာ ပြိုပျက်၍ အထက်ပိုင်းမရှိတော့စေကာမူ လေးထောင့်ပစ္စယာအထက်၌ စေတီလုံးတည်ထားသော ဥဒ္ဒိဿစေတီများ ဖြစ်သည်ဟု ယူဆကြပါသည်။

ထိုအဆောက်အအုံများ၏ အပြင်ဘက်တွင် လူအရိုးစုအချို့နှင့် ပျူအရိုးအိုးများ မြှုပ်နှံထားရှိသည်ကို တွေ့ရှိရပါသည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော်လည်း ပျူအရိုးအိုးများ မြှုပ်နှံထားရှိသည့် ဓလေ့ထုံးစံကို လက်မလွှတ်ဘဲ ဗုဒ္ဓသာသနာနှင့် ပနံသင့်အောင် ပူးပေါင်းကျင့်သုံးခဲ့ကြသည်ဟု ယူဆနိုင်ပါသည်။ ထိုရှေးဦး တူးဖော်မှုများတွင် ဗိဿနိုးမြို့ဟောင်းအတွင်း၌ စေတီပုံပန္နက်ရှိသော အဆောက်အအုံတို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ တက္ကသီလာ၊ တောင်ပိုင်း အန္ဓရဒေသရှိ အမရဝတီနှင့် နာဂါရ်ဇုနကုဏ္ဍဒေသများရှိ စေတီပန္နက်များ၊ ကျောက်ရုပ်ကြွပုံသဏ္ဌာန်များနှင့် တူညီနေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုသို့ ဗုဒ္ဓဘာသာ ကိုးကွယ်မှုဆိုင်ရာစေတီများနှင့် ကျောင်းသင်္ခမ်း (ဝိဟာရ)များကို တွေ့ရှိခဲ့ကြပါသော်လည်း ဗုဒ္ဓဘာသာကိုးကွယ်မှုဆိုင်ရာ ရုပ်ပွားတော်များ၊ ဓာတ်တော်ကြုတ်များ စသည့် သာသနိကဆိုင်ရာပစ္စည်းများကိုမူ မတွေ့ရှိရချေ။ ထို့ကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်း အန္ဓရဒေသ အမရဝတီနှင့်နာဂါရ်ဇုနကုဏ္ဍမှ ရုပ်တုဆင်းတုတော် ကိုးကွယ်မှုကို လက်မခံသော အပရမဟာဝိနသေလိယဂိုဏ်း (Apara-mahavinaseliya) နှင့် မဟီသာသကဂိုဏ်း (Mahisasaka)တို့မှ ဗုဒ္ဓဘာသာဝင်သာသနာပြုများ ဗိဿနိုးမြို့သို့ ရောက်ရှိ သာသနာပြုခဲ့ကြသည်ဟု ယူဆခဲ့ကြပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ဗိဿနိုးမြို့ဟောင်းမှ စေတီနှင့် ဘုန်းတော်ကြီးကျောင်းများ ပန္နက်ပုံ။



ကုန်းအမှတ်-၃၃ မှ တူးဖော်မှုမှ တွေ့ရှိရသော ကိုးကွယ်ယုံကြည်မှု သင်္ကေတပါသော အရိုးအိုး။

# ဘရာဇီးနိုင်ငံ၌ မြေပြိုမှုကြောင့် လူပေါင်း ၁၃၀ သေဆုံး



မြေပြိုမှုကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၉**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ အရှေ့တောင်ပိုင်းမြို့ဖြစ်သည့် ပက်ထရိုပုလစ်မြို့တွင် ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူဦးရေမှာ ၁၃၀ အထိ ရှိလာသည်ဟု ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒေသခံအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ပျောက်ဆုံးနေသူဦးရေမှာ ၂၀၀ နီးပါးရှိသည်ဟု ပြည်သူ့ကာကွယ်ရေးအေဂျင်စီ၏ နောက်ဆုံးထုတ်ပြန်ထားသောထုတ်ပြန်ချက်များအရ သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်ကတည်းက မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မြစ်ရေကြီးမှုများဖြစ်ပေါ်ပြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့သည်။

သဘာဝဘေးဒဏ်ခံဒေသသို့ ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ၎င်း၏ဝန်ကြီးများကို ညွှန်ကြားပေးခဲ့သည်။

သဘာဝဘေးဖြစ်ပေါ်ပြီး လေးရက်အကြာအထိ လူများကို ကယ်ဆယ်မှုများလုပ်ဆောင်ရန် ဖြစ်နိုင်သေးသည်ဟု မီးသတ်သမားများက ပြောသည်။ ရာသီဥတုအခြေအနေကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နှေးကွေးနေရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ နောက်ထပ် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၇၈၀၈ ဦးတွေ့ရှိ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၉**

မလေးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၇၈၀၈ ဦးတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၃၁၆၆၀၂၃ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပမှ ကူးစက်ခံလာရသူ ၁၁၉ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၂၇၆၈၉ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယင်းနေ့တွင် ကိုဗစ် - ၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ ၃၆ ဦး တိုးလာရာ သေဆုံးသူစုစုပေါင်းမှာ ၃၂၂၇၆ ဦး ရှိလာသည်ဟု သိရသည်။

တိုင်းပြည်အတွင်း ဖေဖော်ဝါရီ ၁၈ ရက် တစ်ရက်တည်းတွင် ကာကွယ်ဆေးအလုံးရေ ၁၅၈၃၉၉ ကို ထိုးပေးနိုင်ခဲ့သည်။ မလေးရှားနိုင်ငံအတွင်း ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးပြီးသူ ၈၁ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ၇၈ ဒသမ ၈ ရာခိုင်နှုန်းမှာ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၄၂ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ဆင်ဟွာ

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ် - ၁၉ ပြည်တွင်းကူးစက်ခံရသူ ၁၉၀၁ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၉**

နယူးဇီလန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၉ ရက်က ကိုဗစ် - ၁၉ ပြည်တွင်းကူးစက်ခံရသူ ၁၉၀၁ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နောက်ထပ်ကူးစက်ခံရသူများအနက် ၁၂၄၀ မှာ အောက်ကလန်မြို့မှဖြစ်ပြီး ကျန်ကူးစက်ခံရသူများမှာ တိုင်းပြည်၏ အခြားသောနေရာများမှဖြစ်သည်။ လက်ရှိ နယူးဇီလန်ဆေးရုံများတွင် ကိုဗစ် - ၁၉ ကြောင့် ကုသမှုခံယူနေရသူလူနာ ၇၆ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ မရှိဟု သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ အတည်ပြုလူနာ ၂၈၃၆၀ ရှိသည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနကဦးဆောင်ကာ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုကို တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။ ဆင်ဟွာ

# ဂရိကူးတို့ရေယာဉ် မီးလောင်မှုကြောင့် ၁၁ ဦး ပျောက်ဆုံးနေ

**အေသင် ဖေဖော်ဝါရီ ၁၉**

အီတလီအလံ လွှင့်ထူထားသည့် ကူးတို့ရေယာဉ်သည် လိုနီယန်ပင်လယ်ပြင်တွင် တစ်ညလုံး မီးလောင်ပြီးနောက် နှစ်ဦးပိတ်မိနေကာ ၁၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဂရိအာဏာပိုင်များက ပြောသည်။

အရေးပေါ် ကယ်ဆယ်ရေးလုပ်သားများသည် ရေယာဉ်မီးလောင်မှုကို ငြိမ်းသတ်နိုင်ရန် ကြိုးပမ်းခဲ့ကြပြီး ညမှောင်မလာမီ အသက်ရှင်ကျန်ရစ်သူများကို နေရာချထားမှုများ ပြုလုပ်ပေးခဲ့သည်။ ပျောက်ဆုံးနေသူများကို ရေငုပ်သမားများက ဆက်လက်ရှာဖွေလျက်ရှိသည်ဟု ဂရိကမ်းခြေစောင့်တပ်က ပြောသည်။

ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လူပေါင်း ၂၇၈ ဦးကို ကယ်တင်ပေးနိုင်ခဲ့ပြီး ကော်ဖူကျွန်းတွင် နေရာချထားပေးခဲ့သည်။ အဆိုပါရေယာဉ်ပေါ်တွင်




မီးလောင်နေသည့် ကူးတို့ရေယာဉ်ကို တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းအထိ မီးဆက်လက်လောင်နေခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းကိုမူ မသိရသေးချေ။ ကယ်ဆယ်ထားသူများ အနက် ၁၀ ဦးကို အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါ ရေယာဉ်ပေါ်တွင် ခရီးသည် ၂၃၉ ဦး၊ သင်္ဘောအမှုထမ်း ၅၁ ဦးနှင့် ထရပ်ကား ၁၅၃ စီးနှင့် ခရီးသည်တင်ကား ၃၂ စီးကို တရားဝင်ခွင့်ပြုချက်ဖြင့် တင်ဆောင်လာခြင်းဖြစ်ကြောင်း ရေယာဉ်ပိုင်ရှင်ဖြစ်သူ ဂရိမန်လ်ဒီလိုင်း ကုမ္ပဏီက ပြောသည်။

အေအက်ဖ်ပီ

# အိန္ဒိယနိုင်ငံ၌ ၂၀၀၈ ခုနှစ်က ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သူ ၃၈ ဦးကို သေဒဏ်ချမှတ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၉**

အိန္ဒိယနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူ ၃၈ ဦးကို အိန္ဒိယတရားရုံးတစ်ခုက ဖေဖော်ဝါရီ ၁၈ ရက်တွင် သေဒဏ်ချမှတ်ခဲ့သည်ဟု သိရသည်။

၂၀၀၈ ခုနှစ်က အာမက်ဒါဘတ်တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်း စီးပွားရေးမြို့တော်တွင် ၂၀၀၈ ခုနှစ်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၅၆ ဦး အသက်ဆုံးရှုံးခဲ့ရသည်။



သေဆုံးသွားသူများအတွက် ဆုတောင်းပွဲပြုလုပ်နေသည်ကို တွေ့ရစဉ်။

ဖောက်ခွဲမှုကို ဈေးများ၊ ဘတ်စ်ကားဂိတ်များနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ပြုလုပ်ခဲ့ကြသည်။ ၂၀၀၂ ခုနှစ်က ဂူဂျာရတ်ပြည်နယ်တွင် အဓိကရုဏ်းအတွင်း လူပေါင်း ၁၀၀၀ သေဆုံးခဲ့ရာ ယင်းဖြစ်ရပ်ကို လက်စားချေသည့်အနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဖောက်ခွဲမှုလုပ်ခဲ့သည့်အဖွဲ့က ပြောသည်။

ဖေဖော်ဝါရီ ၈ ရက်တွင် အိန္ဒိယတရားရုံးက လူပေါင်း ၄၉ ဦးကို စီရင်ချက်ချခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ လူပေါင်း ၈၀နီးပါးကို တရားစွဲဆိုခဲ့သော်လည်း ၂၈ ဦးမှာ တရားသေလွှတ်ပေးခြင်းခံရသည်ဟု သိရသည်။

အေအက်ဖ်ပီ

# မင်းဘူး မန်းရွှေစက်တော်ဘုရားကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**မင်းဘူး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးအား တပို့တွဲလဆန်း ၅ ရက်တွင် အကျဉ်းချုံး ဖွင့်လှစ်ပေးခဲ့ပြီးနောက် အပတ်စဉ် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးမိဘပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားဖူးလာရောက်ကြသူများက ခြေတော်ရာအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သတင်းသီလ ဆောက်တည်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေး၊ ငါးလွှတ်ကုသိုလ်ပြုခြင်းနှင့် မျောက်စာကျွေးမွေးကြသူများအပြင် မန်းချောင်းအတွင်း ရေချိုးအပန်းဖြေခြင်း၊ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသူများဖြင့် စည်ကားကြောင်း သိရသည်။

"မန်းရွှေစက်တော် ဘုရားကြီးကို တပို့တွဲလဆန်း ၅ ရက်မှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက အကျဉ်းချုံး ဖွင့်လှစ်ပေးပြီးတော့ အဲဒီနေ့မှာပဲ ဓာတ်လှေကားနဲ့ မန်းချောင်းအပန်းဖြေဆင်စခန်းကို တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့တာပါ။ ဘုရားဖူးတွေကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ အများအပြား လာရောက်လည်ပတ် အပန်းဖြေတာတွေ ရှိပါတယ်။ ကိုဗစ်-၁၉ စည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်ခွင့်ပြုထားပြီးတော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးမိဘပြည်သူတွေအနေနဲ့ နေ့ခင်းဘက် တည်းခိုဆောင်တွေမှာ ငှားရမ်းနားနေနိုင်ပါတယ်။ တည်းခိုဆောင်မှာ ညအိပ်ဖူးမြော်ခြင်းကိုတော့ ခွင့်ပြုမထားပါဘူး။ ပွဲတော်ကာလမှာ တပို့တွဲလဆန်း ၅ ရက်ကနေ မြန်မာနှစ်ဆန်း ၁ ရက်အထိ ဖြစ်ပါတယ်" ဟု မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဝင် အောက်စက်တော်ရာ တာဝန်ခံ ဦးသိန်းလှိုင်က ပြောသည်။

ဘုရားဖူး မိဘပြည်သူများ မန်းချောင်းအတွင်း ရေချိုးအပန်းဖြေရင်း နားနေနိုင်ရန်အတွက် တည်းခိုဆောင် အလုံး ၉၀ ကျော် တည်ဆောက်ပေးထားပြီး တည်းခိုဆောင်တစ်လုံးကို ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း၊ တည်းခိုဆောင်တွင် ညအိပ်ဖူးမြော်ခြင်းကို ခွင့်ပြုမထားဘဲ ရပ်ဝေးမှလာရောက်ကြသူများအနေဖြင့် မန်းရွှေစက်တော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ နီးစပ်ရာ သာသနိကအဆောက်အဦ၊ ဘုန်းတော်ကြီးကျောင်း (ဓမ္မာရုံ)များတွင် ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးကြောင်း အထောက်အထားလက်မှတ်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းဖြင့် ဧည့်စာရင်းတိုင်ကြားပြီး ညအိပ်ဖူးမြော်နိုင်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၃/ခ) ရပ်ကွက်ရှိ မာလာရုံကျောင်းတိုက်၊ ဒလမြို့နယ် ဗညားဒလရပ်ကွက်ရှိ အေးစေတီဓမ္မရိပ်သာ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မနောသုခကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ သရက်တောကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ကသာမြို့ ဓမ္မပါလပရိယတ္တိစာသင်တိုက်သို့ ခရိုင်ရဲတပ်ဖွဲ့မှ ဆွမ်းဆန်အိတ်များ လှူဒါန်း

**ကသာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ကသာခရိုင်ရဲတပ်ဖွဲ့မှ ကသာမြို့ အမှတ်(၉)ရပ်ကွက်ရှိ ဓမ္မပါလ ပရိယတ္တိစာသင်တိုက်သို့ ဆွမ်းဆန်အိတ်များ လှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။

အခန်းအနားတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မင်းလှိုင် ဦးစီးသော ခရိုင်ရဲတပ်ဖွဲ့က ဓမ္မပါလ စာတိုက်မှ သာသနဓဇ ဓမ္မာစရိယ သီလက္ခန္ဓဒီဃဘာဏက၊ ပရိယတ္တိသာသနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တသာရ မထေရ်မြတ်ပါ ရဟန်း ၂၈ ပါး၊ သာမဏေ ၄၄ ပါး စုစုပေါင်း သံဃာ ၇၂ ပါးအား ဆွမ်းဆန်အိတ် ကိုးအိတ် လှူဒါန်းကြောင်း သိရသည်။

လူအောင်(ကသာ)

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရာသက်ပန်ဆွမ်းပဒေသာပင် ဆက်ကပ်လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ရာသက်ပန် ဆွမ်းပဒေသာပင်နှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ပြုလုပ်သည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A၊အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်ထံမှ အလှူရှင်မိသားစုတို့က ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီးနောက် ကျောင်းအုပ်ဆရာတော် အမှူးပြုသော သင်တန်းကထိက၊ နည်းပြ ဆရာတော်များ၊ သင်တန်းသား သံဃာတော်များ စုစုပေါင်း သံဃာတော်အပါး ၅၀ ကျော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် ဦးခင်မောင်ဦး (အင်ဂျင်နီယာချုပ်ငြိမ်း) + ဒေါ်တင့်တင့် မိသားစုတို့က ရာသက်ပန် ဆွမ်းပဒေသာပင်စိုက်ထူ လှူဒါန်းငွေအဖြစ် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့၊ အဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူပြီး သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

မောင်မောင် (MU)



# ထိုင်းနိုင်ငံရဲ့ ဆင်းရဲသားတွေအပေါ် ဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေဖြစ်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ

ထွန်းကျော်

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ ထိုင်းနိုင်ငံရဲ့ အဆင်းရဲဆုံး လူမှုအသိုင်းအဝိုင်းကို ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ ဝင်ငွေရရှိမှုနဲ့ အခွင့်အလမ်းကွာဟမှုတွေ ကြီးမားလာတဲ့အတွက် ကျောင်းသား ကျောင်းသူတွေကို ကျောင်းထွက်ရတဲ့အထိ ဖြစ်စေခဲ့ပါတယ်။ ဒီလိုမျိုးအခြေအနေဆိုးတွေ အမြစ်တွယ်လာပြီး တာရှည်ဖြစ်လာမှာကို ကျွမ်းကျင်သူတွေ စိုးရိမ်နေကြပါတယ်။




EEF အဖွဲ့က ကလေးများကို လိုအပ်သည်များအား ထောက်ပံ့ပေးနေစဉ်။

### နည်းပါးတဲ့ဝင်ငွေအပေါ်မှီခိုနေရ

ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ခင်ကတည်းက ချာလမ်းဖရွန်ဂျိုင်ဟာ အခြေခံစားသောက်နေထိုင်ရေး လိုအပ်ချက်တွေပြည့်စုံဖို့ ကြိုးစားရုန်းကန်နေရသူဖြစ်ပါတယ်။ သူဟာ ဗန်ကောက်ရဲ့ ဆင်းရဲသားအများဆုံးနေထိုင်ရာကလွန်တိုးမှာရှိတဲ့ အိမ်လေးတစ်လုံးမှာ တခြားတစ်ဦးနဲ့ အတူတူမျှပြီးနေထိုင်ကြပါတယ်။ သူ့ရဲ့ ခင်ပွန်းသည်ဟာလည်းနာတာရှည်ရောဂါသည်တစ်ဦးဖြစ်ပြီး သူနဲ့အတူ နေထိုင်ပါတယ်။ ထို့အတူ မြေးငယ်သုံးယောက်လည်းရှိနေပြီး အားလုံးသောမိသားစုဝင်တွေဟာ သူ့ရဲ့ ပန်းကန်ဆေးတဲ့အလုပ်ကရတဲ့ နည်းပါးလှတဲ့ ဝင်ငွေကလေးအပေါ် မှီခိုနေထိုင်ကြရပါတယ်။

### ကျန်းမာရေးအပြည့်အဝ ပြန်ကောင်းလာနိုင်တော့မှာမဟုတ်

သူတို့တွေဟာ အသက်ရှင်သန်လို့ရတယ်ဆိုရုံလေး နေထိုင်နေကြရပါတယ်။ သို့သော်လည်း ၂၀၂၁ ခုနှစ်အစောပိုင်းမှာ ကိုဗစ်-၁၉ ဒုတိယလှိုင်းဟာ ထိုင်းနိုင်ငံကို ဝင်ရောက်မွှေနှောက်ခဲ့တဲ့အတွက် ချာလမ်းဟာ သူ့ရဲ့ပန်းကန်ဆေးတဲ့အလုပ် ဆုံးရှုံးခဲ့ရပါတယ်။ ထို့အတူ သူ့ရဲ့မိသားစုလည်း အလုပ်မှန်မှန်လေး လုပ်နေရတုန်းက ရရှိခဲ့တဲ့ စုဆောင်းငွေ အနည်းအကျဉ်းလေးအပေါ် လုံးဝကို မှီခိုနေထိုင်ရတဲ့အနေအထားရောက်သွားပါတော့တယ်။

ဇူလိုင်လမှာတော့ ချာလမ်းနဲ့ သူ့ခင်ပွန်းတို့နှစ်ယောက်စလုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ပါတယ်။ ကိုဗစ်-၁၉ မှ ကံကောင်းထောက်မစွာ အသက်ရှင်သန်ခဲ့သော်လည်း သူ့ရဲ့ကျန်းမာရေးဟာ အပြည့်အဝ ဘယ်တော့မှ ပြန်ကောင်းလာနိုင်တော့မှာ မဟုတ်ဘူးလို့ ချာလမ်းက ပြောလိုက်ပါတယ်။

### ကောင်းတူဆိုးဖက်ကို ဆုံးရှုံးခဲ့ရ

"ကျွန်မ ပင်ပင်ပန်းပန်း မလုပ်ဘဲ မောပန်းလွယ်လာတယ်။ ကျွန်မရဲ့ အဆုတ်တွေလည်း အခုတော့ သိပ်မကောင်းတော့ဘူး" လို့ ချာလမ်းက ပြောပါတယ်။ ထို့အတူ သူ့ခင်ပွန်းလည်း ကံမကောင်းခဲ့ပါဘူးလို့ သူကပြောလိုက်ပါတယ်။ ကိုဗစ်-၁၉ လှိုင်းမှာ သူ့ရဲ့ ကောင်းတူဆိုးဖက်ကို ဆုံးရှုံးခဲ့ရပါတယ်။ သူ့အတွက်တော့ သူ့ခင်ပွန်းဟာ တစ်ယောက်တည်းသော မှီခိုအားထားရာဖြစ်ပါတယ်လို့ ချာလမ်းက ပြောပါတယ်။

ချာလမ်းဟာ ဘဝတွက်တာ စုဆောင်းငွေ အမေရိကန်ဒေါ်လာ ၁၅၀ ကို ဆေးဖိုးကုန်ကျစရိတ်နဲ့ တခြား လိုအပ်ချက်တွေအတွက် သုံးလိုက်ပါတယ်။ အလုပ်အကိုင်မရှိဘဲ လပေါင်းများစွာကြာပြီးတဲ့နောက်မှာ အသက် ၆၆ နှစ်အရွယ် နားရောက်နေပြီဖြစ်တဲ့ ချာလမ်းဟာ ပိုက်ဆံအနည်းအကျဉ်း ပဲရတဲ့ သန့်ရှင်းရေးအလုပ် ပြန်ရခဲ့ပါတယ်။

### ကျောင်းပို့ဖို့ ပိုက်ဆံချေး

ချာလမ်းဟာ သူ့မြေးသုံးယောက်အတွက် ကျောင်းကုန်ကျစရိတ်တွေကို ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး။ အခြေခံမူအားဖြင့် ထိုင်းနိုင်ငံရဲ့ ပညာရေးဟာ အခမဲ့ပါ။ သို့သော်လည်း တစ်ခါတစ်ရံမှာ တခြားကုန်ကျစရိတ်လေးတွေ ရှိတတ်ပါတယ်။ အထူးသဖြင့် ညှော် ဆရာမကြေး၊ သန့်ရှင်းရေးဝန်ဆောင်မှုကြေးစတာလေးတွေ ဖြစ်ပါတယ်။ ကျောင်းစရိတ်မပေးနိုင်ခြင်းရဲ့အဓိပ္ပာယ်ကတော့ နောက်ထပ်ပညာရေးအတွက် အရေးကြီးတဲ့ စာရွက်စာတမ်းတွေ မရတော့ဘူးဆိုတဲ့သဘောပါပဲ။

ချာလမ်းဟာ သူ့ရဲ့အသက် ၁၀ နှစ်အရွယ်မြေးမလေးဖြစ်တဲ့ နာတာကွန် တစ်ယောက် ကျောင်းထွက်သွားရမှာကို စိုးရိမ်နေပါတယ်။ နာတာကွန်ဟာ တော်တဲ့ကလေးတစ်ယောက် ဖြစ်ပြီး ဆရာတွေကလည်း မျှော်လင့်ချက်ထားတဲ့ ကလေးဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ကျောင်းဆက်တက်စေဖို့ ကျွန်မ သူငယ်ချင်းဆီသွားပြီး ပိုက်ဆံအကူအညီ သွားတောင်းခဲ့ပါတယ်။

### ကိုဗစ်ကြောင့် ကျောင်းသား ကျောင်းသူပေါင်း ၄၃၀၀၀ ခန့် ကျောင်းထွက်ခဲ့ရ

ကျွန်မမှာ ပိုက်ဆံချေးဖို့ကလွဲပြီး တခြားရွေးချယ်စရာ မရှိတော့ဘူးလို့ ချာလမ်းက ပြောပါတယ်။ အကယ်၍ ကျွန်မ မြေးလေး ကျောင်းထွက်သွားရတယ်ဆိုရင် ကျွန်မအပြစ်မကင်းသလို ခံစားရမှာလို့ သူက ဆက်ပြောလိုက်ပါတယ်။

ချာလမ်းရဲ့ဖြစ်ရပ်က တစ်မူထူးခြားနေတာတော့ မဟုတ်ပါဘူး။ ဒီလိုပဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းသား ကျောင်းသူပေါင်း ၁၂၈၀၀၀ ကျော်ခန့် ပိုပြီးဆင်းရဲ ချို့တဲ့ခဲ့ကြသလို ကျောင်းသား ကျောင်းသူပေါင်း ၄၃၀၀၀ ခန့် ကျောင်းက ထွက်ခဲ့ရပါတယ်လို့ ထိုင်းပညာရေးစနစ်မှာ မညီမျှမှုတွေကို ဖော်ပြနေတဲ့ The Equitable Education Fund – EEF က တင်ပြထားပါတယ်။

> " ချာလမ်းရဲ့ဖြစ်ရပ်က တစ်မူထူးခြားနေတာတော့ မဟုတ်ပါဘူး။ ဒီလိုပဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းသား ကျောင်းသူပေါင်း ၁၂၈၀၀၀ ကျော်ခန့် ပိုပြီးဆင်းရဲချို့တဲ့ခဲ့ကြသလို ကျောင်းသား ကျောင်းသူပေါင်း ၄၃၀၀၀ ခန့် ကျောင်းက ထွက်ခဲ့ရပါတယ်လို့ ထိုင်းပညာရေးစနစ်မှာ မညီမျှမှုတွေကို ဖော်ပြနေတဲ့ The Equitable Education Fund – EEF က တင်ပြထားပါတယ်"

### ကျောင်းထွက်သွားရတဲ့ ကလေးအများစု ဆိုးသွမ်းလူငယ်တွေဖြစ်

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာ ကျောင်းထွက်တဲ့ အရေအတွက်ဟာ မိုးထိတောင် မြင့်တက်နေတယ်လို့ EEF က တင်ပြထားပါတယ်။ ကိုဗစ်ကာလမှာ ဝင်ငွေအဆင့်တစ်ခုထိ လျော့နည်းသွားခြင်းက ပညာရေးစရိတ်ကို လိုက်မမီအောင် ဖြစ်သွားစေပါတယ်။ အဲလိုအခြေအနေမှာ ကျောင်းထွက်ဖို့ အကြောင်းကံဖန်လာတော့တာပဲလို့ EEF ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဆွန်ဖုန်းချီထရာဒပ်ဘ်က ပြောပါတယ်။

ကျောင်းထွက်သွားရတဲ့ ငယ်ရွယ်တဲ့ ကလေး ၆၀ ရာခိုင်နှုန်းလောက်ဟာ ဆိုးသွမ်းလူငယ်တွေ ဖြစ်လာကြတယ်လို့ ဆွန်ဖုန်းက သူ့ရဲ့အတွေ့အကြုံအရ ပြောပါတယ်။

### ဟန့်တားနှောင့်ယှက်မှု ရေရှည်ဖြစ်စေလိမ့်မယ်

ကျန်တဲ့ လူငယ်တွေကတော့ ကျွမ်းကျင်မှုသိပ်မလိုတဲ့ အလုပ်တွေကို ရှာဖွေကြရပါတယ်။ အကယ်၍ ထိုင်းနိုင်ငံအနေနဲ့ ဒီကိစ္စကို မဖြေရှင်းဘူးဆိုရင် ထိုင်းနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်မှု ရေရှည်ဖြစ်စေလိမ့်မယ်လို့သူကသတိပေးထားပါတယ်။

EEF ဟာ ပညာရေးအသုံးအဆောင်ပစ္စည်းလေးတွေကို ဖြန့်ဝေရင်းနဲ့ ဆင်းရဲမွဲတေနေတဲ့ မိဘတွေကို ကူညီဖို့ကြိုးစားလျက်ရှိပါတယ်။ ထို့အတူ ဝင်ငွေနည်းမိသားစုများမှ သားသမီးတွေကို ပညာသင်ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၉၀ ကိုလည်း ပေးအပ်ခဲ့ပါတယ်။

ဒီလိုမျိုး ဝိုင်းဝန်းကူညီခဲ့သော်လည်း ဒါဟာ အခုကြုံတွေ့နေတဲ့ ကိစ္စကို ဖြေရှင်းဖို့ အကောင်းဆုံးအဖြေတစ်ခု မဟုတ်ဘူးလို့ EEF က အကြံပြုဖော်ပြထားပါတယ်။ အစိုးရအနေနဲ့သာ ပညာရေးကို အစစ်အမှန်လွတ်လပ်အောင် ဆောင်ရွက်ပေးသင့်သလို မိဘတိုင်းကိုလည်း ဝင်ငွေရှိအောင် ကူညီဆောင်ရွက်ပေးသင့်ကြောင်း EEF က အကြံပြုထားပါတယ်။ ဒီလိုမျိုးအဖြစ်ကြာသွားရင် နိုင်ငံကို ပျက်စီးမှုတွေ ရေရှည်ဖြစ်စေမှာဖြစ်သလို ထိုင်းမျိုးဆက်သစ်တွေအတွက်လည်း မကောင်းပါဘူးလို့ EEF က ဆက်လက်အကြံပြု ဖော်ပြထားပါတယ်။

ကိုးကား – အင်န်အိတ်ချ်ကေ

# ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃,၀၅၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ သုံးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၂၂ ဦးရှိ

(၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀,၄၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၅၀) ဦး တွေ့ရှိသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၀၃) ရှိသည်။

သို့ဖြစ်၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၇၀,၀၆၇)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၆၂,၃၆၄) ဦး ရှိပြီဖြစ်သည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၉၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၂,၄၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ငါးဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၂၇) ဦး ရှိသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၂၄) ခု | (၁၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၂) ခု | (၆၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၇) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၁၅) ခု | (၂၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၇၃၁) ခု | (၄၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄,၄၉၄) ခု | (၂,၁၅၅) ဦး |
| စုစုပေါင်း | (၃၀,၄၀၆) ခု | (၃,၀၅၀) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များ တိုးချဲ့ဖွင့်လှစ်ခြင်း နှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။
- သို့ဖြစ်၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကိုမမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၀၂၄၅၃၁ | ၅၁၄၁၆၇၄၃ | ၉၅၈၃၀၀ |
| ၂။ | အိန္ဒိယ | ၄၂၈၀၂၅၀၅ | ၄၂၀၃၇၅၃၆ | ၅၁၀၂၆၂ |
| ၃။ | ဘရာဇီး | ၂၈၀၆၄၂၂၄ | ၂၄၈၂၆၄၅၇ | ၆၄၃၁၁၁ |
| ၄။ | ပြင်သစ် | ၂၂၁၅၁၁၈၈ | ၁၈၆၇၂၄၈၃ | ၁၃၆၄၄၆ |
| ၅။ | ဗြိတိန် | ၁၈၅၄၆၂၀၅ | ၁၆၅၁၉၇၄၆ | ၁၆၀၃၇၉ |
| ၆။ | ရုရှား | ၁၅၁၉၉၇၂၀ | ၁၂၂၁၇၉၄၂ | ၃၄၄၇၅၅ |
| ၇။ | ဂျာမနီ | ၁၃၃၆၀၅၇၈ | ၉၅၉၅၀၀၀ | ၁၂၁၆၉၃ |
| ၈။ | တူရကီ | ၁၃၃၅၃၆၇၆ | ၁၂၄၇၃၄၇၀ | ၉၁၉၁၀ |
| ၉။ | အီတလီ | ၁၂၃၇၇၀၉၈ | ၁၀၈၂၀၃၈၀ | ၁၅၂၅၉၆ |
| ၁၀။ | စပိန် | ၁၀၈၀၉၂၂၂ | ၈၃၂၆၇၉၃ | ၉၇၉၉၈ |

## ၁၉-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၁၄၉၀၂၁ | ၄၄၈၁၉၀၉ | ၁၄၆၂၀၂ |
| ဖိလစ်ပိုင် | ၃၆၅၀၇၄၈ | ၃၅၃၂၆၀၈ | ၅၅၆၀၇ |
| မလေးရှား | ၃၁၆၆၀၂၃ | ၂၉၀၀၆၈၂ | ၃၂၇၆ |
| ထိုင်း | ၂၆၉၃၃၆၂ | ၂၅၁၃၂၆၉ | ၂၂၅၉၇ |
| ဗီယက်နမ် | ၂၆၈၅၄၆၃ | ၂၂၆၁၁၈၀ | ၃၉၃၅၈ |
| မြန်မာ | ၅၆၂၃၆၄ | ၅၂၂၄၀၀ | ၁၉၃၂၇ |
| စင်ကာပူ | ၅၅၁၅၁၉ | ၄၈၉၂၉၉ | ၉၃၇ |
| လာအို | ၁၄၀၈၈၉ | ၁၃၇၁၄၃ | ၆၀၈ |
| ကမ္ဘောဒီးယား | ၁၂၅၇၅၃ | ၁၂၀၁၆၅ | ၃၀၁၅ |
| ဘရူနိုင်း | ၃၂၅၁၃ | ၁၉၀၄၂ | ၁၀၉ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# အမျိုးသားနိုင်ငံရေးဦးဆောင်မှုနှင့် တပ်မတော်

အာကာမောင်မောင်

တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရန်နှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ် ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်မှစတင်၍ ဖြစ်ပေါ်လာခဲ့သော စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သည် တပ်မတော်က အခက်အခဲမျိုးစုံကြားမှ အပင်ပန်းခံကာ ပြုစုပျိုးထောင်သောစနစ်ဖြစ်သည်။ ထိုစနစ်ပိုမိုခိုင်မာစေရန်အတွက် တပ်မတော်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းတာဝန်ပေးအပ်ထားသည်မှာ **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်**ဟူ၍ ပုဒ်မ ၂၀(စ) တွင် ထည့်သွင်းရေးဆွဲထားသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူများလိုလားသောစနစ်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ထိုစနစ်ကိုပျက်ယွင်းလုပ်ဆောင်သည့်ကိစ္စရပ်များကို လျစ်လျူရှု၍ မဖြစ်နိုင်ပေ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီသည် နိုင်ငံတော်အာဏာကို မိမိတစ်ပါတီတည်းက ထိန်းချုပ်နိုင်ရေးအတွက် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုတို့ များစွာလုပ်ဆောင်ခဲ့သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် ရွေးကောက်ပွဲ မကျင်းပမီနှင့် ကျင်းပအပြီး အခမ်းအနားများတွင် ၂၄ ကြိမ်ထုတ်ဖော်ပြောကြားခဲ့ပြီး တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များအရ မဲမသမာမှု ၁၀ သန်းကျော်(မဲပေးသူဦးရေ၏ လေးပုံတစ်ပုံခန့်) ရှိကြောင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်နေ့ကစပြီး ထုတ်ပြန်ခဲ့သည်။

## ရင်ဆိုင်ဖြေရှင်းပေးခြင်း မရှိ

မဲမသမာမှုများကစစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့်အတွက် တပ်မတော်နှင့်နိုင်ငံရေးပါတီများမှ UEC အဆင့်၊ ထိုမှ ပြည်ထောင်စုလွှတ်တော်အဆင့်၊ ထို့နောက် အစိုးရအဆင့်ဖြေရှင်းပေးရန် ဥပဒေနှင့်အညီတောင်းဆိုခဲ့သည်။ ရင်ဆိုင်ဖြေရှင်းပေးခြင်း မရှိဘဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ခေါ်ယူရန် မတရားကြိုးပမ်းမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုကို ကြီးမားသော အခက်အခဲများ ဖြစ်ပေါ်စေမှာဖြစ်သည့်အတွက် ယာယီသမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာခဲ့သည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့သည်။ ဤသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ဤနေရာတွင် ရှင်းလင်းလိုသည်မှာ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံခြင်း မရှိသည့်အတွက် ဒုတိယသမ္မတမှ ယာယီသမ္မတဖြစ်လာခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာဖြစ်သည်။

ဤသို့ဖြင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အရပ်ဘက်၊ စစ်ဘက်မျှတစွာပါဝင်ဖွဲ့စည်းခဲ့သည်။ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသခရီးစဉ် ၁၇ ခုသွားရောက်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်အနာဂတ်အတွက် အစီအမံများကို လမ်းညွှန်မှုပြုလျက်ရှိသည်။

## တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးစားပေး

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ရေးထိုးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသောအဖွဲ့များနှင့် ကိုးကြိမ်၊ နိုင်ငံရေးပါတီများ

**❍ ၁၉၄၈ ခုနှစ်မှ ယနေ့တိုင် လျှောက်လှမ်းခဲ့ရသော တပ်မတော်၏ စွမ်းဆောင်ချက်များကို အရှိကိုအရှိအတိုင်း ကြည့်မြင်မည်ဆိုပါက တပ်မတော်သည် တိုင်းပြည်အတွက်သာအမှန်တကယ် ဖြစ်ခဲ့ကြောင်း ထိုဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။ မြန်မာ့ သမိုင်းနှင့်အတူ ပေါ်ပေါက်လာခဲ့သော တပ်မတော်သည် လှိုင်းလေကြီး မုန်တိုင်းကထန် နေကပူပြင်းသည့် လမ်းခရီးတွင် လျှောက်လှမ်းခဲ့ရသည်များသာ ဖြစ်သည်။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသည်။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်နေသလို ပြည်သူတို့၏ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်မှာ တပ်မတော်သာဖြစ်**

နှင့် ခုနစ်ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များနှင့် နှစ်ကြိမ် စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ တပ်မတော်အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ပြုလုပ်ပေးထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားပြီးသည်နှင့် ရှမ်းပြည်နယ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဖေဖော်ဝါရီ ၁၇ ရက်တွင် သီးခြားစီသွားရောက်တွေ့ဆုံအမှာစကားပြောကြားရာတွင် **"တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian) အဖြစ် စိတ်ခတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် **"တပ်မတော်၏ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည့်အခြေအနေများကို နားလည်မှု လွဲမှားမှု၊ စိတ်သဘောထားမတိုက်ဆိုင်မှု၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မလွဲသာမရှောင်သာသောအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရမှုတို့ကို လက်ခံနိုင်ခြင်း မရှိသူများအနေဖြင့် သွေးထိုးလှုံ့ဆော်မှုများရှိနေပြီး တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယခုအချိန်အထိ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်၊ အစဉ်အလာရှိသည့်၊ ဂုဏ်သိက္ခာရှိသည့် တပ်မတော်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ပြောဆိုနေမှုများကိုလက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း"** ပြောကြားခဲ့သည်။ (၁၈-၂-၂၀၂၂ မြဝတီသတင်းစာ၊ စာမျက်နှာ ၁၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်သည် မြန်မာ့သမိုင်းနှင့်ထက်ကြပ်မကွာ လိုက်ပါလာသော တပ်မတော်၏ဆောင်ရွက်ချက်များကို ပြန်လည်တွေးမြင်သတိရစေသည်။ ပါတီစုံဒီမိုကရေစီစနစ်ပိုမိုခိုင်မာစေချင်တာ၊ (Guardian) စနစ်ဖြင့် သွားစေချင်တာကို မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ၁၉၄၈ ခုနှစ်မှ ယနေ့တိုင် လျှောက်လှမ်းခဲ့ရသော တပ်မတော်၏စွမ်းဆောင်ချက်များကို အရှိကိုအရှိအတိုင်း ကြည့်မြင်မည်ဆိုပါက တပ်မတော်သည် တိုင်းပြည်အတွက်သာ အမှန်တကယ်ဖြစ်ခဲ့ကြောင်း ထိုဖြစ်ရပ်များက သက်သေပြလျက်ရှိသည်။ မြန်မာ့သမိုင်းနှင့်အတူ ပေါ်ပေါက်လာခဲ့သော တပ်မတော်သည် လှိုင်းလေကြီး မုန်တိုင်းကထန် နေကပူပြင်းသည့် လမ်းခရီးတွင် လျှောက်လှမ်းခဲ့ရသည်များသာ ဖြစ်သည်။ မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသည်။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်နေသလို ပြည်သူတို့၏ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်မှာ တပ်မတော်သာဖြစ်သည်။

## အခက်အခဲမျိုးစုံကို ဖြေရှင်းပေး

တပ်မတော်သည် နိုင်ငံတော်တွင် အခက်အခဲနှင့် ကြုံလာတိုင်း ပြည်သူလူထုရှေ့က မားမားမတ်မတ်ရပ်တည်ကာ အခက်အခဲမျိုးစုံကို ဖြေရှင်းပေးခဲ့သည်။ တပ်မတော်သားတို့ စစ်တိုက်ကြရသည်မှာ မဆန်းလှသော်လည်း လွတ်လပ်ရေးရပြီးစကာလ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ရောင်စုံသောင်းကျန်းသူများကို တိုက်ထုတ်ခဲ့ရသည်မှာ ဆန်းကြယ်လှသည်ဟုဆိုရပေမည်။ တပ်မတော်အင်အားထက် ရန်သူ့အင်အားက နှစ်ဆမကသာလွန်နေသောရန်သူကို တိုက်ထုတ်ခဲ့ရသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်သောစိတ်ကြောင့်ဆိုသည်မှာ အထင်ရှားဆုံးသာကေဖြစ်သည်။ ထိုစဉ်က ကမ္ဘာ့အရပ်ရပ်က ပြောင်လှောင်ရယ်မော၍ ရန်ကုန်အစိုးရဟု အထင်သေးနေသောအချိန်တွင် တပ်မတော်က ကယ်တင်လိုက်ခြင်းမှာ ယနေ့အချိန်အခါနှင့် ပြန်တွေးလိုက်လျှင် ကြက်သီးတဖြန်းဖြန်းထလောက်အောင် တပ်မတော်သားတို့ကို လေးစားမိပါသည်။

မြန်မာ့နိုင်ငံရေးစနစ်များကို ပြန်လည်ကြည့်မည်ဆိုလျှင် ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိအိမ်စောင့်အစိုးရ၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (တစ်ပါတီစနစ်) စသည်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ တပ်မတော်သည် ကား နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ လက်နက်ကိုင်သောင်းကျန်းသူတို့ကို အမြစ်ဖြတ်ချေမှုန်းတိုက်ခိုက်ခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး စစ်ဆင်ရေးများ ဆင်နွှဲခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးလျက်ရှိနေခဲ့သည်။

## တောင်းဆိုသမျှ လိုက်လျောမှုပြုခဲ့

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ပြင်းထန်သော နိုင်ငံရေးမုန်တိုင်းကြီးတိုက်ခတ်ခဲ့သည်။ ထိုစဉ်က နိုင်ငံတော်အစိုးရက ပြည်သူလူထုတောင်းဆိုသမျှ လိုက်လျောမှုပြုခဲ့သည်။ ဒီမိုကရေစီတောင်းဆိုနေသူများအတွက် ဒီမိုကရေစီပေးခဲ့သည်။ သို့သော် အကြမ်းဖက်အဖျက်သမားတို့၏ လူသတ်၊ မီးရှို့၊ အဆောက်အအုံများ ဖျက်ဆီးခြင်းများကြောင့် အစိုးရ၏အာဏာစက်မှာ ပျောက်ဆုံးသွားခဲ့သည်။ ပြည်ပကသွေးထိုးမြှောက်ပင့်ပေးသူများ၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့များကြောင့် တိုင်းပြည်သည် မီးဟုန်းဟုန်းတောက်လောင်ခဲ့သည်။ အပျက်အစီးများ၊ မီးလောင်ပြင်များ၊ ခေါင်းဖြတ်အသတ်ခံရသူများဖြင့် မြင်ကွင်းမှာ လွန်စွာအကျည်းတန်လှန်းခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့ တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ရယူလိုက်ရသည်။ နိုင်ငံတော်အာဏာကို သိမ်းလိုက်ခြင်းဟု ပြောဆိုနေကြသော်လည်း အမှန်တကယ်က တပ်မတော်ထံသို့ အပျက်အစီးကို လွှဲပြောင်းထိုးအပ်ပေးလိုက်ခြင်းသာဖြစ်သည်။ ထိုစဉ်က နိုင်ငံတော်ပိုင်ငွေကြေးမှာ အမေရိကန်ဒေါ်လာ ရှစ်သန်းမျှသာရှိခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းနှင့် တိုင်းပြည်ပျက်စီးရေးကို ရှေးရှုသူများက တပ်မတော်အစိုးရသည် တစ်လပင်ခံလိမ့်မည်မဟုတ်ဟု မှတ်ချက်ပေးကြသည်။ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်အကောင်အထည်ဖော်ပေးခဲ့သည်မှာ တပ်မတော်သာဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း စွမ်းဆောင်တည်ဆောက်ပေးခဲ့သောအရာများကား ရေတွက်၍မကုန်နိုင်ပေ။ လူအများ မျက်စိဖြင့် ထင်ရှားစွာ တွေ့မြင်နိုင်သော အရာများသာဖြစ်ပါသည်။ (အသေးစိတ်မဖော်ပြတော့ပါ။)

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အဓိကဖော်ပြချင်သည်မှာ ပြည်သူအများ လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ဦးဆောင်အကောင်အထည်ဖော် ပေးခြင်း၊ လမ်းခင်းပေးခြင်းဖြစ်ကြောင်းကိုမူ မျိုးဆက်သစ်တို့ သိရှိစေချင်သည်။ ဒီမိုကရေစီလမ်းကြောင်းသို့ချီတက်ရန်မှာ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲရသည်။ နေပြည်တော်မြို့တော်ရှိ သမ္မတအိမ်တော်နှင့် လွှတ်တော်ရုံးများ၊ ဝန်ကြီးဌာနရုံးများသည် အခြေခံအဆောက်အအုံများဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရာတွင် လူထုလူတန်းစား ရှစ်ဖွဲ့က ပါဝင်ရေးဆွဲထားခြင်းဖြစ်သည်။ ထိုသို့ ရေးဆွဲရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပင် ပါဝင်ပါသည်။

## ထည့်သွင်းရေးဆွဲထား

ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၅ ခန်းပါဝင်ပြီး အခန်း(၁)နိုင်ငံတော်အခြေခံမူများတွင် **နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်** “ပုဒ်မ ၆-(စ)”ဟူ၍ လည်းကောင်း၊ **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်** “ပုဒ်မ-၂၀(စ)” ဟူ၍ လည်းကောင်း ထည့်သွင်းရေးဆွဲထားသည်။ ဤသည်မှာ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူ အသိပညာရှင်၊ အတတ်ပညာရှင်များက ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်။ နိုင်ငံတော်တွင် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှည်ကြာစွာတည်တံ့စေရေးအတွက် အမြော်အမြင်ကြီးမားသူတို့က တပ်မတော်ကို တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အရေအတွက်မှာလည်း များပြားနေသေးသည်။ ထို့ကြောင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော် ပါဝင်ထမ်းဆောင်ရန် တာဝန်ပေးထားခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ၂၀၁၁ ခုနှစ်တွင် ပထမဆုံးသော ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအစိုးရသို့ နိုင်ငံတော်အာဏာအရပ်ရပ် လွှဲပြောင်းပေးခဲ့သည်။ စည်းကမ်းစနစ်ကျနစွာ လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် ကမ္ဘာကပင် အံ့သြချီးကျူးခဲ့ကြသည်။ (အခြားသောနိုင်ငံများ၏ ဒီမိုကရေစီစနစ်အပြောင်းအလဲတွင် သွေးထွက်သံယိုမှုများဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံက တည်ငြိမ်စွာ အသွင်ကူးပြောင်းနိုင်မှုကြောင့် ချီးကျူးကြခြင်းဖြစ်သည်။)

## အကောင်းဆုံးဖန်တီး တည်ဆောက်ပေးခဲ့

၂၀၁၁ မှ ၂၀၁၅ ခုနှစ် ပထမဒီမိုကရေစီအစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အထင်ရှားဆုံးအနေဖြင့် ဒီမိုကရေစီအစိုးရပီသစွာ မီဒီယာလွတ်လပ်ခွင့်ပေးခြင်း၊ လူတိုင်း တယ်လီဖုန်းကိုင်နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ပြည်ပကြွေးမြီများ နည်းပါးအောင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်ခြင်း၊ တပ်မတော်နှင့်အတူ လက်တွဲလုပ်ဆောင်ခြင်း၊ အမျိုးဘာသာ သာသနာဂုဏ်မညှိုးအောင် ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများကို

**❑ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် နေထိုင်သည့် အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အရေအတွက်မှာလည်း များပြားနေသေးသည်။ ထို့ကြောင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော် ပါဝင်ထမ်းဆောင်ရန် တာဝန်ပေးထားခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ၂၀၁၁ ခုနှစ်တွင် ပထမဆုံးသော ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအစိုးရသို့ နိုင်ငံတော်အာဏာအရပ်ရပ် လွှဲပြောင်းပေးခဲ့သည်။ စည်းကမ်းစနစ်ကျနစွာ လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် ကမ္ဘာကပင် အံ့သြချီးကျူးခဲ့**

အများဆုံး ပြန်လည်လွှတ်ပေးခဲ့ခြင်း စသည်ဖြင့် တိုင်းပြည်အတွက် အကောင်းဆုံးဖန်တီး တည်ဆောက်ပေးခဲ့သည်။ အထင်ရှားဆုံးစွမ်းဆောင်ချက်မှာ အမျိုးသားရင်ကြားစေ့ရေးအဖြစ် နိုင်ငံတော်ကို ဆန့်ကျင်နေသူများကို လက်တွဲခေါ်ယူခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ဒုတိယဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်သည်။ ထိုအစိုးရသည် စတက်လာသည်နှင့် ဝန်ကြီးဌာနနှစ်ခုကို တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းခြင်း၊ ဒုတိယဝန်ကြီးများသည် နိုင်ငံအတွက် သီးခြား ငွေကုန်ခြင်းဖြစ်သည့်အတွက် ဒုတိယဝန်ကြီးများ ခန့်ထားမှုမရှိခြင်းတို့ စတင်ဆောင်ရွက်သည်။ သို့သော် များမကြာမီအချိန်တွင် ဒုတိယဝန်ကြီးများကို မူလအတိုင်း ပြန်လည်ခန့်ထားသည်။ ဝန်ကြီးဌာနလေးခုကို လူတစ်ဦးတည်းက စီမံအုပ်ချုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြောင်းလဲခဲ့ရသည်။ ပထမဒီမိုကရေစီအစိုးရလက်ထက် NCA တွင် တိုင်းရင်းသားလက်နက်ကိုင်များ အဆောတလျင် လက်မှတ်ရေးထိုးခြင်းမပြုရန် လှုံ့ဆော်ခဲ့ပြီး အကျိုးဆက်အဖြစ် ၎င်းတို့အစိုးရလက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့သာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

## ဆက်လက်ဖွံ့ဖြိုးတိုးတက်မည်သာဖြစ်

ဆိုလိုသည်မှာ ဒုတိယဒီမိုကရေစီအစိုးရတွင် တာဝန်ထမ်းဆောင်မည့်သူ အများစုသည် အမှန်အတိုင်းရေးသားရလျှင် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန် အတွေ့အကြုံမရှိသူများသာဖြစ်သည်။ ယခုမှ ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရတစ်ရပ်ဖြစ်လာခြင်းသာ။ ဤသို့ဆိုလျှင် ပထမဒီမိုကရေစီအစိုးရ ခင်းထားသော လမ်းကြောင်းအတိုင်း အသာတကြည် လိုက်ပါစီးမျောလိုက်ရုံပင် ဖြစ်သည်။ ဆောက်လုပ်ပြီးသားအိမ်ပေါ်တွင် နေထိုင်ပြီး ပေါင်းမြက်ရှင်းသည့် အဆင့်မျိုးမျှ လုပ်ကိုင်လျှင်ပင် မြန်မာနိုင်ငံသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်မည်သာဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅) အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်းကို ပုဒ်မ ၂၀၁ တွင် ထင်ရှားစွာဖော်ပြထားသည်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသက်တမ်းကာလ (၂၀၁၆-၂၀၂၁) အတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့၏ အရေးပါမှုအခန်းကဏ္ဍကို လုံးဝပင် ပြည်ဖုံးကားချထားခဲ့သည်ကို တွေ့မြင်ရပါသည်။ ဤကောင်စီဝင် ၁၁ ဦးတွင် တပ်မတော်နှင့် ဆက်နွယ်သောပုဂ္ဂိုလ် ခြောက်ဦးပါဝင်သည်ကို လိုလားမှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်လိုမှုမရှိခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ဤအရွယ် ဤတာဝန်များကိုရယူ၍ နိုင်ငံတော်ကို တာဝန်ယူဦးဆောင်နေကြသောပုဂ္ဂိုလ်ကြီးများတွင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အာဏာစွဲများထက် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို ဦးစားပေးရမည်ဖြစ်သည်။ သို့သော် ထိုသို့မဟုတ်ခဲ့သည်မှာ တိုင်းပြည်အတွက် ထိခိုက်နစ်နာပါသည်” ဟူ၍ ဝေလွင်မောင်က “ကိုယ်နှင့်သက်ကိုနှင်းဆက်လို၍” စာအုပ်တွင်ရေးသားထားသည်။

## မှန်မှန်ကန်ကန် ထမ်းဆောင်

ဒုတိယဒီမိုကရေစီအစိုးရသည် မြေစမ်းခရမ်းပျိုး ပထမငါးနှစ်သက်တမ်းတွင် အမျိုးဘာသာ သာသနာညှိုးနွမ်းပျောက်ကွယ်အောင် လုပ်ဆောင်ခဲ့သည်။ မဘသ ကိုဖျက်သိမ်းပစ်ခြင်း၊ ဘကကျောင်းများကို တားမြစ်ခြင်းမှသည် ဗုဒ္ဓဘာသာရဟန်းများကို အခြားသော လူဝတ်ကြောင်များနှင့် တန်းတူထိုင်စေခြင်း၊ ကိုရင်နှင့် သီလရှင်များကို မြေကြီးပေါ်တွင်ထိုင်စေပြီး လူများကိုထိုင်ခုံပေါ်တွင် ထိုင်စေခြင်း စသည့် လုပ်ဆောင်ခြင်းများနှင့်အတူ အမျိုးသမီးများ မဝင်ရနေရာတွင် ဝင်ပြခြင်းများသည် မြန်မာဗုဒ္ဓဘာသာတို့၏အသည်းနှလုံးကို မီးစနှင့်ထိုးလိုက်သည်နှင့်တူလှသည်။ ရခိုင်ပြည်နယ်အတွင်း ပြည်ပအကြမ်းဖက်သမားတို့က မိမိနိုင်ငံအတွင်း ဝင်ရောက်ကာ တပ်၊ ရဲစခန်းပေါင်း ၃၀ ကျော်နှင့် တိုင်းရင်းသားလူမျိုး ၂၀၀ ခန့်ကို သတ်ဖြတ်ခဲ့သည်။ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်အရ မှန်မှန်ကန်ကန် ထမ်းဆောင်သည်။ စစ်မြေပြင်တွင် ရန်သူကိုနေလိုမီးလို ပြုကျင့်ရမည်သာ သဘာဝဖြစ်သည်။ သို့သော် ထိုဖြစ်စဉ်ကိုအကြောင်းပြု၍ အိုင်စီဂျေတရားရုံးသို့ သိက္ခာမဲ့စွာ သွားရောက်ဖြေရှင်းခဲ့ရသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် NLD ပါတီသည် လုံးဝ(လုံးဝ)သောင်ပြိုကမ်းပြိုနိုင်စရာအကြောင်း မရှိတော့သည်မှာ ထင်ရှားနေပြီဖြစ်သည်။

လူဆိုသည်မှာ ကိုယ့်အကြောင်းကိုယ် အသိဆုံးဖြစ်၍ ထိုပါတီဝင်များအနေဖြင့် အခြေအနေမှန်ကို သိရှိသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ကြီးကြီးမားမား ပြုလုပ်သည်။ အရပ်စကားနှင့် ပြောရလျှင် အခြားသောပါတီများအပေါ် အနိုင်ကျင့်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများမှာ များပြားလှသည်။ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအကြိုကာလတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်အောင် လုပ်ဆောင်ဖို့ အစိုးရနှင့် UEC တို့ကိုအသိပေးသည်။ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင်လည်း မဲမသမာမှုဆိုးဆိုးရွားရွားရှိနေ၍ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။ လုံးဝလျစ်လျူရှုကာ လွှတ်တော်အသစ် ခေါ်ယူရန်ကြိုးပမ်းပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်ခဲ့ခြင်းဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေခဲ့သည်။

ဤနေရာတွင်ဒီမိုကရေစီအဆိုအမိန့်တစ်ခုကို သတိရမိသည်။ ချားစ်ဒဗလျူပစ်ကားရင်းက.. “ကောင်းမွန်လျောက်ပတ်သော ဒီမိုကရေစီတစ်ရပ်သည် သင့်လျော်ကောင်းမွန်သော လူ့အဖွဲ့အစည်း ရှိရန် လိုအပ်ပေသည်။ ယင်းလူ့အဖွဲ့အစည်းအတွင်း မိမိတို့အနေဖြင့် ဂုဏ်ကျက်သရေရှိရန်၊ ရက်ရောမှုရှိရန်၊ သည်းခံတတ်ရန်နှင့်လေးစားတတ်ရန် လိုအပ်ပေသည်”ဟူ၍ဆိုထားသည်။ သင့်လျော်ကောင်းမွန်သောလူ့အဖွဲ့အစည်းရှိရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ ငါးနှစ်တာကာလ မိမိတို့အုပ်ချုပ်မည့်သူများကို ရွေးချယ်မဲပေးရာတွင် လူမှန်နေရာမှန်ဖြစ်ရန် လိုအပ်လှသည်။ ပါတီအဖွဲ့အစည်းမျက်နှာထက် တိုင်းပြည်၏ မျက်နှာကိုကြည့်ကာ ရွေးချယ်ပေးနိုင်ဖို့ အဓိကကျလှသည်။ လူကိုမကြည့်၊ ပါတီကိုသာကြည့်၍ ရွေးချယ်မှု၏အမှားကို ငါးနှစ်တာကာလ ခံခဲ့ရပြီးဖြစ်သည်။

## အလေးထားရန် လိုအပ်

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ရာတွင် ရွေးကောက်ပွဲတွင်နိုင်သူအကုန်ယူစနစ်ကြောင့် ပါတီပေါင်းစုံသည်လွှတ်တော်သို့ ရောက်လာခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။ ပါတီစုံဆိုထားသော်လည်း အပြင်တွင်သာ ပါတီစုံ မဟုတ်ဘဲ လွှတ်တော်တွင်းမှာပင် ပါတီစုံပါဝင်မှသာ တိုင်းရင်းသားပြည်သူအားလုံးအတွက် အကျိုးစီးပွားညီညွတ်မျှတစွာ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒအတိုင်း ဆောင်ရွက်ရန်လိုအပ်သလို လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန် လိုအပ်ပါသည်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများမှာ ပြည်သူလူထုကို ကိုယ်စားပြုသူများဖြစ်သည်။ ထိုပါတီများအနေဖြင့် တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရန်အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးရမည်ဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများနှင့် စုပေါင်းဆွေးနွေးခဲ့သည်မှာ လေးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ထို့ပြင် UEC အနေဖြင့် ပါတီများကို သွားရောက်စစ်ဆေးခြင်း၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး စနစ်တကျပြုစုထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။ မဲပေးပိုင်ခွင့်ရှိသူတိုင်း မှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်နိုင်ရေးကိုလည်း သက်ဆိုင်ရာများက ဆောင်ရွက်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များသည် မှန်ကန်သောလမ်းကြောင်းပေါ်သို့ လှမ်းတက်နိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေးဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းထုတ်ပြန်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် Online စနစ်ဖြင့်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေးကြသည်။ ABU ( Asia – Pacific Broadcasting Union )သည် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၅၇ ခုမှ ရုပ်သံဌာနပေါင်း ၂၈၆ ခု ပါဝင်ဖွဲ့စည်းထားသည့် ရုပ်သံလုပ်ငန်းအဖွဲ့အစည်းဖြစ်သည်။**



အဆိုပါဆွေးနွေးပွဲသည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစီရင်ခံစာကို ဖေဖော်ဝါရီ ၂၈ ရက်တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်၍ ရုပ်သံဌာနများအနေဖြင့် မည်ကဲ့သို့သတင်းထုတ်လွှင့်မည်ကို ဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် Asia – Pacific Broadcasting Union – ABU အဖွဲ့ဝင် ရုပ်သံဌာနများအနေဖြင့် အစီရင်ခံစာတွင် ပါဝင်သည့် အဓိကအချက်များ၊ အစီရင်ခံစာအပေါ် အဖွဲ့အစည်းအသီးသီးမှ ဝေဖန်သုံးသပ်ချက်များ၊ Social Media Platform နှင့် မှတ်တမ်းအသုံးပြုမှုဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရုပ်သံမှတ်တမ်း ထုတ်လုပ်မှုများကို ဆွေးနွေးကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Asia–Pacific Broadcasting Union – ABU တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရာ အဖွဲ့ဝင်များအကြား သတင်းထုတ်ပြန်ရေးဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၊ သဘာဝဘေး အန္တရာယ်လျှော့ချရေးဆိုင်ရာ အစီအစဉ်များ ထုတ်လုပ်ကြသည့် ထုတ်လုပ်ရေးမှူးများနှင့် သတင်းထောက်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက် အခြေခံပညာ အထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးခြင်းကို ဇေယျာသီရိမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်နှင့် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်အေးအေးမွန်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးသုံးစွဲလျှင် ဖြစ်တတ်သော အန္တရာယ်လက္ခဏာများနှင့် ဆိုးကျိုးများ၊ ကျောင်းစာသင်ခန်းများတွင် မူးယစ်ဆေးသုံးစွဲသည့် ကျောင်းသားရှိပါက တွေ့ရတတ်သည့် အမူအကျင့်အလေ့အထများ၊ မူးယစ်ဆေးသုံးစွဲသည့် ကျောင်းသားများ မရှိစေရေးတို့ကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ နေပြည်တော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်ဆွေမင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။




ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဇေယျာသီရိမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တာဝန်ရှိ ဆရာဆရာမများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီသုံးခု၊ ယာဉ်ရှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၅၁ တန်ကို တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်အတွင်း ကုမ္ပဏီ ၂၆ ခုမှ ယာဉ် ၆၄ စီးဖြင့် နှာခေါင်းစည်း (Mask) ၄၃၃ တန် တင်သွင်းခဲ့သည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတိုက်စား ကမ်းပါးပြိုကျမှုများကို ကျူဝါးပင်နှင့် ကိုင်းကြံပင်များစိုက်ပျိုး ကာကွယ်နိုင်

**ဖောင်းပြင် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာသည် နှစ်စဉ် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံလေ့ရှိပြီး ချင်းတွင်းမြစ်ရေတက်သည့် အရှိန်ကြောင့် ကမ်းပြိုခြင်း၊ မြစ်အတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များနှင့် ရာသီဥတုကြောင့် ဖြစ်ပေါ်သည့် ရေလှိုင်းများကြောင့် မြစ်ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်လေ့ရှိခဲ့ရာ ယခုအခါ ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် မြစ်ကမ်းပါး တစ်လျှောက်တွင် (ပေတစ်ထောင် ဝန်းကျင်) ကျူဝါးပင်၊ ကိုင်းကြံ (ခေါ်) ကြံစိမ့်ပင်များကို စိုက်ပျိုးထားခြင်းကြောင့် မြစ်ကမ်းပါးပြိုကျခြင်း ဒဏ်မှ ကင်းဝေးခဲ့ကြောင်း သိရသည်။

ယခင်က မြစ်ကမ်းပါး ပြိုကျမှုကြောင့် အိမ်ခြေ ၅၀ ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး ၂၀၁၇ ခုနှစ် မြစ်ကမ်းပါး ပြိုကျမှုတွင်လည်း ကျေးရွာရှိ နာရေးကူညီမှုအသင်းရုံးနှင့် နာရေးကူညီမှု ယာဉ်တစ်စီး ဆုံးရှုံးခဲ့သည်။ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ မြစ်ကမ်းပါး ပြိုကျမှုအန္တရာယ်မှ ကာကွယ်ရန် မြေထိန်းနံရံကို ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် ကျေးရွာသူ ရွာသားများက သဲအိတ်များစီ၍ ဝိုင်းဝန်းကာကွယ်မှုကြောင့် ယာယီတားဆီးနိုင်ခဲ့သည်။

ယခုကျူဝါးနှင့် ကိုင်းကြံပင်များ စိုက်ခြင်းကြောင့် မြစ်ကမ်းပါးပြိုကျသည့် အန္တရာယ်မှ ကင်းဝေးခဲ့ကြသည့်အပြင် မြေနုကျွန်းများဖြစ်ပေါ်ပြီး သီးနှံများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေကြသည့် အကျိုးကျေးဇူးများကိုပါ ရရှိနေကြပြီဖြစ်သည်။ မြစ်နှင့်ချောင်းကမ်းနံဘေးတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ကမ်းပါးပြိုကျသည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ကျူဝါးပင်နှင့် ကိုင်းကြံပင်များသည် စိုက်ပျိုးသင့်သည့် အပင်များဖြစ်သည်။



ကျူပင်၊ ကိုင်းကြံပင်များကို မြစ်ရေကျဆင်းချိန် အောက်တိုဘာလအတွင်းမှစ၍ ကမ်းနားတစ်လျှောက် လေးပေမှ ငါးပေခြားခန့် စိုက်ခဲ့ကြရာ ချင်းတွင်းမြစ်ရေ ပြန်လည်မြင့်တက်ချိန် ဇွန်လအထိ ရှစ်လဝန်းကျင်တွင် အပင်များ ကောင်းစွာကြီးထွားနေကြပြီဖြစ်သည်။ ယင်းအပင်များကို စိုက်ခြင်းဖြင့် ရေစီးသန်သည့် အရှိန်ကို လျော့ကျအောင်တားဆီးနိုင်ခြင်း၊ တစ်ပင်နှင့်တစ်ပင် ရောယှက်စုဖွဲ့မှု အားကောင်းနေလျှင် ရေတိုက်စားခြင်းနှင့်ရေလှိုင်းကြောင့် ကမ်းပါးပြိုကျခြင်းကို ကာကွယ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၁) ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နေချင့်စဖွယ် နေရာသစ်တစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည့် ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်း

**မြေကေအားဖြင့် ကျယ်ဝန်းလှသည့်ကွင်းပြင်ကြီးအတွင်း ရွေ့လျားမောင်းနှင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ခေတ်မီစက်ယန္တရားယာဉ်ကြီးများ၊ မြေသယ်၊ အုတ်သယ်အလုပ်ကြမ်းသမား၊ အတတ်ပညာရှင်၊ အသိပညာရှင်များ နေရာအနှံ့ ဖြန့်ကြက်ကာ လုပ်ငန်းခွင်ဝင်ရောက်နေသူများဖြင့် လှုပ်ရှားသက်ဝင်နေသည့်မြင်ကွင်း။**

ထိုမြင်ကွင်းထဲမှာပင် ဆောက်လက်စ အဆောက်အအုံများ၊ ပြီးစီးလုနီးပါး အဆောက်အအုံများကလည်း အစီအရီ။

ထိုနေရာသည် အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လေးဒေါင့်ကန်ကျေးရွာ အမှတ်(၇) လမ်းမကြီးနှင့် အမှတ်(၂) လမ်းမကြီးအနီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်း တည်ဆောက်ရာနေရာပင်ဖြစ်သည်။


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လေးဒေါင့်ကန်ကျေးရွာ အမှတ်(၇) လမ်းမကြီးနှင့် အမှတ်(၂) လမ်းမကြီးအနီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်း။

“ဒီစီမံကိန်းကို ကိုဗစ်ကာလရဲ့ ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုကို ဖြေရှင်းဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ အိမ်ငှားနေရတဲ့မိသားစုတွေ အိမ်လခကြီးမြင့်မှုဒဏ် သက်သာရာရစေဖို့ အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

### အိမ်ရာလိုအပ်ချက်မြင့်မား

သက္ကရာဇ်တစ်ခုပြောင်းတိုင်း တိုးပွားလာနေသည့် လူဦးရေနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းအတွက် တစ်နယ်တစ်ကျေးမှ ပြောင်းရွှေ့နေထိုင်လာသူများကြောင့် လူဦးရေထူထပ်လျက်ရှိသည့် မြို့ကြီးများတွင် အိမ်ရာလိုအပ်ချက်များ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်။

ထို့ပြင် အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ပြည်သူများအနေဖြင့် ပုဂ္ဂလိကအိမ်ရာများတွင် အိမ်လခဈေးနှုန်း မြင့်မားမှုဒဏ်ကို ခံစားနေကြရသည်။

လက်ရှိကာလတွင် ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် စီးပွားရေးအကျပ်အတည်းများကို ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများသည်ပင် အလူးအလဲခံနေရချိန်ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း တစ်လဝင်ငွေကျပ်သုံးသိန်းအောက်ဖြစ်သည့် ဝင်ငွေနည်းပြည်သူများသည် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းခြင်းတို့ကြောင့် အိမ်ငှားနေထိုင်ရန်ပင် မတတ်နိုင်သည့်အနေအထားတစ်ခုသို့ ရောက်လုနီးပါး အခြေအနေပင်။

“အရင်တုန်းကတောင် အိမ်လခ တစ်လတစ်သိန်းရအောင် မနည်းစုနေရတာ၊ အခု ကိုဗစ်ကြောင့် အမျိုးသားကလည်း အလုပ်ဆင်းရတစ်ရက် မရတစ်ရက်၊ ကျွန်မရတဲ့လစာကလည်း တစ်ဝက်လောက်ကို လျော့သွားတာဆိုတော့ နောက်လ ဈေးသက်သာတဲ့ အဆောင်လိုအခန်းတွဲတွေဘက် ပြောင်းနေရတော့မယ်” ဟု ဒဂုံဆိပ်ကမ်းစက်မှုဇုန်အနီးရှိ အိမ်ရာတစ်ခုတွင် ငှားရမ်းနေထိုင်သည့် မရွှေစင်က ပြောသည်။

ထိုသို့နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပြည်သူများ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေကျဆင်းလာမှုတို့ကြောင့် အိမ်ငှားနေထိုင်ရန် မတတ်နိုင်သူအိမ်ရာမဲ့များ တိုးပွားမလာစေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝကို ကာကွယ်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှ တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လူဦးရေထူထပ်သည့် မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ယခုလက်ရှိ လေးဒေါင့်ကန်ရပ်ကွက်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် မြေဧက ၁၇၄ ဧကပေါ်တွင် လေးခန်းတွဲ ငါးထပ်ပါ အဆောက်အအုံ ၁၉၄ လုံး အခန်းပေါင်း ၃၁၀၄ ခန်း ပါဝင်မည်ဖြစ်သည်။

### နိုင်ငံတော်အစိုးရ ရင်းနှီးမြှုပ်နှံမှု

ထိုစီမံကိန်းကို နိုင်ငံတော်အစိုးရက ဦးစွာငွေကြေးသိန်းပေါင်းများစွာ ရင်းနှီးစိုက်ထုတ်ထားပြီး ပြည်သူများသို့ သက်သာသောနှုန်းထားဖြင့် နှစ်ရှည်ငှားရမ်းခြင်းဖြင့် ကုန်ကျစရိတ်များကို ပြန်လည်ရယူရသည်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ ကြီးမားသောရင်းနှီးမြှုပ်နှံထားမှုဟုဆိုရမည်။

အဆိုပါပြည်သူ့အငှားအိမ်ရာစီမံကိန်း ပြီးစီးပါက ငှားရမ်းနေထိုင်ခွင့်ရသူများအား အဖိုးနှုန်းချိုသာစွာဖြင့် နေထိုင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

“နှစ် ၅၀ အရင်းကျေတဲ့ တွက်နည်းနဲ့ တွက်လိုက်တာ အိမ်လခက တစ်လ ငွေကျပ် ၅၀၀၀၀ ဝန်းကျင်ဖြစ်ဖို့များတယ်။ စီမံကိန်းကလည်း မပြီးသေးတော့ ကုန်ကျစရိတ်တွေ အတိအကျမတွက်ရသေးတော့ ခန့်မှန်းထားတာပဲရှိသေးတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် ဝင်ငွေနည်းပြည်သူများအတွက် ဖော်ဆောင်သည့် အငှားအိမ်ရာစီမံကိန်းဟုဆိုသော်လည်း အခန်းတစ်ခန်းလျှင် ၆၅၀ စတုရန်းပေကျယ်ဝန်းကာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ရေနှင့်လျှပ်စစ်မီး၊ လမ်းစသည့် အခြေခံအဆောက်အအုံများ ပြည့်စုံစေရန်ဖန်တီးပေးထားမှု၊ ဈေး၊ ကျောင်း၊ ဆေးပေးခန်း၊ အားကစားကွင်းနှင့်ပန်းခြံစသည်တို့ ပါဝင်မည်ဖြစ်ရာ နေထိုင်သူတို့အတွက် လူနေမှုအဆင့်မီစွာ နေထိုင်နိုင်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းရှိ တိုက်ခန်းများထဲမှ အချို့ပြီးစီးနေပြီဖြစ်သည့်တိုက်ခန်းများအား ရေနှင့်လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပြီးပါက ၂၀၂၂ ခုနှစ်အတွင်း အငှားချထားပေးရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့အငှားအိမ်ရာငှားရမ်းရာတွင် လျှောက်လွှာခေါ်ယူမည့် အချိန်၊ နေ့ရက်နှင့် လိုအပ်ချက်များကို အများပြည်သူသိရှိစေရန် တရားဝင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အတွင်း အိမ်ငှားနေထိုင်သူ မည်သည့်မိသားစုဝင်မဆို လျှောက်ထားနိုင်မည်ဖြစ်သည်။

“ဒီအိမ်ရာက ပြည်သူအားလုံးနဲ့ ဆိုင်ပါတယ်။ ဝန်ထမ်းဦးစားပေးမဟုတ်သလို အိမ်ပိုင်ရှိတဲ့သူတွေလည်း မဆိုင်ပါဘူး။ ပုဂ္ဂလိက အိမ်တွေမှာ ငှားနေရတဲ့သူတွေနဲ့ဆိုင်ပါတယ်။ အိမ်ငှားနေရတဲ့ အထောက်အထားတော့ပြဖို့လိုတယ် သေချာစိစစ်မှာပါ” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

ပြည်သူ့အငှားအိမ်ရာစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်ကပင် ကျင့်သုံးခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ရန်ကင်းအိမ်ရာ၊ ဦးဝိစာရအိမ်ရာ၊ လမ်းသစ်အိမ်ရာ၊ဝေဠုဝန်အိမ်ရာ၊ကန်တော်လေးအိမ်ရာစသည့် အိမ်ရာများအပါအဝင် ပြည်သူ့အငှားအိမ်ရာပေါင်း ၁၁ ခုကို အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။

ထိုအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအပါအဝင် ဝင်ငွေနည်းပြည်သူများကို ဈေးကွက်တွင် လက်ရှိ အိမ်လခပေါက်ဈေး ငှားရမ်းခထက်များစွာ သက်သာသည့်နှုန်းထားများဖြင့် နှစ်ရှည်ငှားရမ်းနေထိုင်ခွင့်ပေးခဲ့သည်။

ယခုပြည်သူများ၏ အိမ်ရာလိုအပ်ချက်အရ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ယခင်ကဲ့သို့ နှစ်ရှည်နေထိုင်ခွင့်ပြုတော့မည်မဟုတ်ဘဲ ကာလသတ်မှတ်ချက်တစ်ခုဖြင့်သာ ငှားရမ်းနေထိုင်ခွင့်ပြုတော့မည်ဖြစ်သည်။

“အချို့လူတွေက အပိုင်ရမယ်ထင်နေတာ။ နာမည်ကိုက အငှားအိမ်ရာဖြစ်တဲ့အတွက် အပိုင်မပေးပါဘူး။ ငါးနှစ်၊ ရှစ်နှစ်စသဖြင့် ကာလတစ်ခုသတ်မှတ်ပြီးငှားမှာပါ။ ပြည့်တာနဲ့ စာချုပ်ထပ်ချုပ်ရင် ချုပ်၊ မချုပ်ရင် ပြောင်းပေးရမှာပါ” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်ကပြောသည်။

### နိုင်ငံ၏အိမ်ရာလိုအပ်ချက်ဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံအနှံ့ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ အဆင့်မြင့်အိမ်ရာများကို နှစ်ရှည်အရစ်ကျစနစ်၊ လက်ငင်းစနစ်တို့ဖြင့် ရောင်းချပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ခြင်းဖြင့် နိုင်ငံ၏အိမ်ရာလိုအပ်ချက်ပြည့်မီရေးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်ငှားရန်အခက်အခဲရှိသူများ(ကျူး)အတွက်လည်း သင့်တော်သည့် အိမ်ရာများ ဖော်ဆောင်ပေးနိုင်ရန် ရည်မှန်းကြိုးစားလျက်ရှိသည်။

ရန်ကုန်မြို့တွင် လက်ရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းဖော်ဆောင်ရာ ကွင်းပြင်ကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ အပန်းဖြေစရာ ပန်းခြံ၊ ကလေးကစားကွင်း၊ ခေတ်မီသေသပ်သည့် အဆောက်အအုံ၊ ရေနှင့်လျှပ်စစ်ပြည့်စုံမှုတို့ဖြင့် နေချင့်စဖွယ်ဖြစ်လာတော့မည်ဖြစ်ရာ စီမံကိန်းပြီးစီးသွားပါက လူနေစည်ကားရာ မြို့သစ်လေးတစ်ခုအဖြစ်သို့ ပြောင်းလဲတည်ရှိလာမည်ဖြစ်သည်။

“အိမ်တစ်လုံး ဝယ်ဖို့ မလွယ်သေးတဲ့အခြေအနေမှာ အိမ်ငှားနေရတာချင်းအတူတူ အိမ်လခသက်သက်သာသာနဲ့ အဆင့်မီမီနေရမယ်ဆိုတာ ကြားရတာနဲ့တင် ဝမ်းသာမိတယ်။ သေချာစိစစ်ပေးမယ်ဆိုတော့ မျှော်လင့်မိတယ်” ဟု ပြည်သူ့အငှားအိမ်ရာနှင့်ပတ်သက်၍ လက်ရှိတွင် အိမ်လခနည်းပါးသည့် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့တော့မည့် မရွှေဇင်ကသူ၏ မျှော်လင့်ချက်ကို ပြောပြခဲ့သည်။ ။

**“ပြည်သူ့အငှားအိမ်ရာငှားရမ်းရာတွင် လျှောက်လွှာခေါ်ယူမည့် အချိန်၊ နေ့ရက်နှင့် လိုအပ်ချက်များကို အများပြည်သူသိရှိစေရန် တရားဝင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အတွင်း အိမ်ငှားနေထိုင်သူ မည်သည့်မိသားစုဝင်မဆို လျှောက်ထားနိုင်မည်ဖြစ်သည်”**

**သတင်းဆောင်းပါး-နဒီမင်း**

**ဓာတ်ပုံ - နေဇော်**

# ရောင်နီသန်းနေသည့် ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးသီးနှံ ပီလောပီနံ



**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာထွက်ကုန်အနေဖြင့် အမယ်ပေါင်းများစွာစိုက်ပျိုးဖြစ်ထွန်းထုတ်လုပ်နိုင်သည့် အခြေခံကောင်းများစွာရှိနေသောနိုင်ငံဖြစ်သည်။ ယင်းကဲ့သို့ အမယ်ပေါင်းများစွာသော လယ်ယာထွက်ကုန်များအနက် ပီလောပီနံသည် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေအခြေခံကောင်းများရှိသည့် အခြေအနေတွင်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးထုတ်လုပ်ပါက ပြည်ပပို့ကုန်အဖြစ် အလားအလာရှိနေသည့် ထုတ်ကုန်တစ်ခုဖြစ်သည်ကို နိုင်ငံတကာစာတမ်းများအရ သိရသည်။**

နိုင်ငံတကာအပူပိုင်းဒေသသီးနှံများ ဗဟိုဌာန (International Center for tropical agriculture. CIAT) မှလည်း အရှေ့တောင်အာရှရှိဒေသခံတောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် နိုင်ငံများတွင် တောင်သူများ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်ပီလောပီနံ သီးနှံကို နည်းပညာများ အကူအညီပေးစိုက်ပျိုးပေးလျက်ရှိရာ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနိုင်ငံများသည် ပီလောပီနံစိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုရရှိလာကာ ဒေသခံတောင်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

**ဝင်ငွေပိုမိုရရှိ**

မြန်မာနိုင်ငံတွင် ရောဝတီတိုင်းဒေသကြီး ကျုံပျော်၊ ဟသ်ာတ၊ လေးမျက်နှာ၊ ရေကြည်မြို့နယ်များတွင် ရှေးယခင်ကပင် ဒေသခံတောင်သူများမှ ပီလောပီနံဒေသမျိုးအား ဧက ၃၀၀၀၀ ခန့် နှစ်စဉ်စိုက်ပျိုးပြီး ကုမ္ပဏီကုန်သည်များမှတစ်ဆင့် ပီလောပီနံအချောမှုန့် (ကော်မှုန့်) များပြုလုပ်ရပြီး ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ဒေသထွက်ကုန်သီးနှံတစ်ခုဖြစ်ပါသည်။ ဒေသပီလောပီနံ တစ်ဧကအထွက်နှုန်းမှာ ပိဿာချိန် ၃၀၀၀ မှ ၃၅၀၀ ထွက်ရှိပြီး တောင်သူများ တွက်ခြေကိုက်မှုနည်းပါးသဖြင့် ၂၀၁၄ ခုနှစ်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ပီလောပီနံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် ရောဝတီတိုင်းဒေသကြီး ပီလောပီနံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ (Queens-land University မှ Prof .Dr Robert Anderson Cranb ဦးဆောင်သော နိုင်ငံခြားသားပညာရှင်များအား ဖိတ်ခေါ်၍ ကျုံပျော်၊ ဟသ်ာတ၊ လေးမျက်နှာ၊ ရေကြည်ရှိစိုက်ကွင်းများအထိ ဒေသခံတောင်သူများနှင့် တွေ့ဆုံအသိပညာပေးခြင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့(inya lake) ဟိုတယ်တွင် ကျင်းပသည့် 4"starch world သို့ တက်ရောက်စေခြင်း၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**အထွက်နှုန်းတိုး**

ထိုင်းနိုင်ငံ Thai Wahstarch PCL. ကုမ္ပဏီနှင့် ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပီလောပီနံ အထွက်ကောင်းမျိုး (Hauy Bong-60) မျိုးကိုင်းများကို ဆက်သွယ်ချိတ်ဆက်ရယူပြီး ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သူတောင်သူများသို့ မျိုးပွားမျိုးဖြန့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ တစ်ဧကပိဿာချိန် ၇၅၀၀ မှ ၁၀၀၀၀ အထိ အထွက်နှုန်းတိုးတက်ထွက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပီလောပီနံဈေးကွက်တွင် ဝယ်လိုအားကြီးသော တရုတ်နိုင်ငံ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ပထဝီဝင်အနေအထားအရ ဆက်စပ်တည်ရှိနေပြီး တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် ပီလောပီနံအချောမှုန့်တန်ချိန် ၁၁ ဒသမ ၅ သန်းဝယ်ယူလျက်ရှိသော နိုင်ငံဖြစ်ကာ အဆိုပါနိုင်ငံအနေဖြင့် ပီလောပီနံထုတ်လုပ်မှုပမာဏ ကြီးမားသော်လည်း ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ၏ ဝယ်လိုအားတိုးတက်လာမှုနှင့်အတူ စိုက်ဧကများလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသဖြင့် ပီလောပီနံစိုက်ပျိုးထုတ်လုပ်သည့် မြန်မာနိုင်ငံသည် အလားအလာကောင်းများ ဖော်ဆောင်လာနိုင်ပြီဖြစ်သည်။ နောင်လာမည့်အနာဂတ်တွင် အခြားသော စက်မှုကုန်ကြမ်းဖြစ်သည့် ပြောင်းဈေးနှုန်းမှာလည်း ကြီးမြင့်လာသည့်အတွက် အစားထိုးသီးနှံဖြစ်သော ပီလောပီနံမှာ အလားအလာရှိပြီး ဈေးကွက်ဝယ်လိုအားကောင်းသည့် ရောဝတီတိုင်းဒေသကြီး၏ ဒေသထွက်ကုန်တစ်ခုအဖြစ် မလွဲမသွေဖြစ်တည်လာတော့မည် ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

## တောင်တွင်းကြီး၌ ဆောင်းသီးနှံအဖြစ်စိုက်ပျိုးထားသည့် ပဲကြီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဆောင်းသီးနှံအဖြစ်စိုက်ပျိုးထားသည့် ပဲကြီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းရန်သေချာလျက်ရှိကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ပဲကြီးသည် တောင်တွင်းကြီးဒေသထွက်ပဲကြော် ပဲလှော်လုပ်ငန်း၏ အဓိကကုန်ကြမ်းတစ်ခုဖြစ်ပြီး မိုးသီးနှံရိတ်သိမ်းခူးဆွတ်ပြီးချိန် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလများတွင် စတင်ကြဲပက်ကြကာ ပြာသိုလနှင့် တပို့တွဲလများတွင် စတင်ခူးဆွတ်ရကြောင်း သိရသည်။

ပဲကြီးကို တန်းချစနစ်နှင့် ကြဲပက်စနစ်တို့ဖြင့် စိုက်ပျိုးကြပြီး မြေတစ်ဧကကို ပဲကြီးမျိုးစေ့ ခြောက်ပြည်ဝန်းကျင် ကြဲပက်ရကာ တစ်ဧကအထွက်နှုန်းအဖြစ် ၁၅တင်းမှ တင်း ၂၀ အထိ ထွက်ရှိကြောင်း သိရသည်။

"မနှစ်က ပဲကြီးတစ်တင်းကို ငွေကျပ် ၃၀၀၀၀ ဝန်းကျင်ပဲဈေးပေါက်တယ်။ အခုလက်ရှိကတော့ ပဲကြီးတစ်တင်းကို ၉၀၀၀၀ ဝန်းကျင် ဈေးပေါက်တယ်။ ပဲကြီးဈေးတွေတက်နေတော့ ကျွန်တော်တို့မြို့ရဲ့ ဒေသထွက် ဖြစ်တဲ့ ပဲခြမ်းကြော်နဲ့ ပဲလှော်တွေက အရင်က တစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်လောက်ကနေ အခုဆိုရင် တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ဝန်းကျင်အထိ ဈေးပေါက်နေတယ်"ဟု ဒေသခံ တစ်ဦးက ပြောသည်။

တောင်တွင်းကြီးမြို့နယ်တွင် ယခုနှစ်မိုးရာသီအတွင်း မိုးကောင်းခဲ့သည့်အတွက် ဆောင်းသီးနှံကြဲပက်ရာမှာ အစိုဓာတ်ပိုရခဲ့ပြီး သီးနှံအထွက်တိုးရန် အထောက်အပံ့ကောင်းတစ်ခုလည်းဖြစ်ခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ တောင်သူများသည် ဆောင်းသီးနှံအဖြစ် ပဲကြီး၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်ပဲအမျိုးမျိုးအပြင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီးစသည့် သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

အေးမိုးမိုးမြင့်

## စလင်းမြို့၌ ၂၀၂၂ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၂၁၂၉ ဦး ဝင်ရောက်ဖြေဆိုမည်

**စလင်း ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ကျောင်းတွင်းဖြေဆိုသူပေါင်း ၁၇၁၂ ဦးရှိပြီး ပြင်ပဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၄၁၇ ဦး စုစုပေါင်း ၂၁၂၉ ဦး၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရန် လျှောက်လွှာများ တင်သွင်းထားကြောင်း သိရသည်။

စလင်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်း၊ အ.ထ.က(ခွဲ) ကျောင်း ၂၉ ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ငါးကျောင်းရှိပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၇ ခုမှ ဘာသာတွဲ(၁) ဖြေဆိုသူ အတွင်း အပြင် ပေါင်း ၁၂၀၃ ဦး၊ ဘာသာတွဲ(၂)အတွင်းအပြင် ဖြေဆိုသူပေါင်း ၃၂၆ ဦး၊ ဘာသာတွဲ(၇) အတွင်းအပြင် ဖြေဆိုသူပေါင်း ၇၀၁ ဦး စုစုပေါင်းဖြေဆိုသူ ၂၁၂၉ ဦးသည် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် လျှောက်လွှာများတင်သွင်းထားကြောင်း စလင်းမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မောင်လွင်(စလင်း)

## ရှမ်းပြည်နယ်တောင်ပိုင်း ရောင်စုံအနာဂတ်ပန်းချီပြိုင်ပွဲ ထူးချွန်ဆုပေးအပ်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်ပညာရေးဦးစီးဌာနက ကျင်းပသော ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်တောင်ပိုင်း ရောင်စုံအနာဂတ်ပန်းချီပြိုင်ပွဲ၏ ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း စိန်မြှင့်မိုရ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးမြင့်လွင်က ပညာရေးဟူသည် မွေးဖွားချိန်မှ အစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူနေရမည့် အရာဖြစ်ကြောင်း၊ စာပေဘာသာရပ်တစ်ခုတည်းသာ ထူးချွန်၍မရကာယ၊ ဉာဏ၊ စာရိတ္တနှင့်ရသ၊ သက်မွေးဘက်စုံ ပညာရေးတွင်လည်း ထူးချွန်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ကလေးတစ်ဦးချင်း၏ အရည်အသွေးကို ထုတ်ပြနိုင်သည့် ပန်းချီပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး၏ ဒါရိုက်တာ မစ္စလင်းယွမ်နှင့် တောင်ကြီးမြို့နယ် ပညာရေးမှူး ဒေါက်တာ သင်သင်းခိုင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရောင်စုံ အနာဂတ်ပန်းချီပြိုင်ပွဲအခမ်းအနားသို့ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှ တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူ ၆၀၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။




စိုင်းသန်းကျော်(တောင်ကြီး)

## သီပေါ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ နံရံကပ်စာစောင်ပြသပွဲကို ယမန်နေ့က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဘိုဝင်းက ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆရာမဒေါ်နန်းသဇင်က "ရှောင်လေဝေးဝေး မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ဟောပြော၍ မရှင်းလင်းသည့်အချက်များကို ကျောင်းသား ကျောင်းသူများက ပြန်လည်မေးမြန်း ဆွေးနွေးသည်။

စိုင်း(သီပေါ)

## မြိတ်မြို့ သံဃာ့ဆေးရုံ၌ ဖျားနာအခမဲ့ဆေးကုသခန်း ပြန်လည်ဖွင့်လှစ်




**မြိတ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းမကြီးရှိ သံဃာ့ဆေးရုံ၌ ဖျားနာ အခမဲ့ဆေးကုသခန်း (Fever Clinic)ကို မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)က ဖေဖော်ဝါရီ ၁၈ ရက်က ပြန်လည်ဖွင့်လှစ်ပြီး ဖျားနာလူနာများအား အခမဲ့ဆေးကုသပေးလျက်ရှိသည်။

"ပြည်သူတွေ နေမကောင်းတဲ့သူ ပိုများလာတဲ့ လက္ခဏာရှိတယ်။ မြန်မာနိုင်ငံမှာ အိုမီခရွန်ကူးစက်မှု များလာတဲ့အတွက် တတိယလှိုင်းတုန်းကလို ဖျားနာတဲ့သူတွေ ဆေးခန်းသွားရ အခက်အခဲရှိမှာစိုးတဲ့အတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)က မော်တောင်ဆရာတော် ခွင့်ပြုချက်နဲ့ ဩဝါဒခံယူပြီး Fever Clinic ကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ ဒေါက်တာ တင်စိုးမိုးက ပြောသည်။

ဖျားနာပြီး ငွေကြေးအခက်အခဲရှိသူများအား အခမဲ့ ဆေးဝါးကုသပေးရန် ရည်ရွယ်ချက်ဖြင့် သံဃာ့ဆေးရုံ၌ ဖျားနာအခမဲ့ဆေးကုသခန်းကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆရာဝန်နှင့်သူနာပြုအင်အား အခြေအနေအပေါ် မူတည်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ဖျားနာသူများအား လိုအပ်သည့် ဆေးကုသမှုများနှင့် ညွှန်ကြားမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အသိပညာပေးခြင်းအနေဖြင့် အိုမီခရွန်နှင့်ပတ်သက်သည့် မေးမြန်းမှုများကို ဖုန်းဖြင့် ပြန်လည် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

ဖျားနာ အခမဲ့ဆေးကုသခန်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မြိတ်)နှင့်အတူ မြိတ်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ပါရမီ၊ လောဟိတဒါန၊ ဂရုဏာ ပရဟိတအဖွဲ့များပူးပေါင်း၍ ကုသပေးမည်ဖြစ်သည်။

မြိတ်မြို့နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက်အထိ ရောဂါပိုး စစ်ဆေးတွေ့ရှိသူ ၂၃၄ ဦးရှိခဲ့ပြီး အဆိုပါပိုးတွေ့ရှိသူများအား ပြည်သူ့ဆေးရုံနှင့် သက်ဆိုင်ရာနေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှသိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ် လက်ပံငူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလ ခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၀၇ သန်းဖြင့် လက်ပံငူကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ခံများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လက်ပံငူကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်း အရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၂ ပေ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၄၈ ဒသမ ၀၇ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၄၇ အိမ်မှ လူဦးရေ ၁၀၀၀ ကျော်နှင့် စိုက်ပျိုးမြေ လယ်/ယာဧက ၁၅၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်(ကျေးလက်)**



## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံ ၆၆၆၄ ဧက လျာထားစိုက်ပျိုး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၁ - ၂၀၂၂ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှင့် အခြား စားဖိုဆောင်သီးနှံ စိုက်ဧက ၆၆၆၄ ဧက လျာထားစိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ သီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။

ပွင့်ဖြူမြို့နယ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် ဆည်ရေသောက်ဧရိယာ အများဆုံးစိုက်ပျိုးသည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသခံတောင်သူများမှာ မဲဇလီရေလွှဲဆည်ရေဖြင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို သုံးရာသီလုံး အဓိက လုပ်ကိုင်ကြသည်။ သီးနှံများစိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေ အခက်အခဲမဖြစ်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင် မုန်းမြောင်းမကြီးနှင့် မြောက် မုန်းမြောင်းမကြီးတို့မှတစ်ဆင့် ရာသီအလိုက် စနစ်တကျ ဖြန့်ဝေပေးနေသည့်အတွက် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

၂၀၂၁-၂၀၂၂ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ ဆီထွက်သီးနှံ ၈၂၇၉ ဧက လျာထားပြီး မြေပဲ ၁၀၄၈ ဧက၊ နှမ်း ၄၀၄၂ ဧက၊ နေကြာ ၃၉၄၂ ဧက၊ ပန်းနှမ်း ၁၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဖူးစားပြောင်း ၁၇၈၅ ဧက လျာထားစိုက်ပျိုးရာတွင် ၁၈၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပဲမျိုးစုံ သီးနှံစိုက်ပျိုးမှုအနေဖြင့် ၄၂၅၁၀ လျာထားစိုက်ပျိုးရာတွင် မတ်ပဲ ၁၂၄ ဧက၊ ပဲကြီး ၂၅၆၈ ဧက၊ ပဲကြား ၃၈၅ ဧက၊ စားတော်ပဲ ၂၂၃၂ ဧက၊ ကုလားပဲ ၂၀၇၅၃ ဧက၊ ပဲလွမ်း ၃၂၆၅ ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယင်း ၁၉၂ ဧက၊ ပဲထောပတ် ဧက ၇၆၄၀ နှင့် အခြားပဲ ၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အခြားစားဖိုဆောင်သီးနှံ စိုက်ပျိုးမှုအနေဖြင့် ၂၃၁၈ ဧက လျာထားစိုက်ပျိုးရာတွင် ငရုတ် ၁၃၄၂ ဧက၊ ကြက်သွန်နီ ဧက ၉၆၀၊ ကြက်သွန်ဖြူ ၂၈ ဧက၊ အာလူး ၁၅ ဧက၊ ဟင်းသီးဟင်းရွက် ဧက ၁၅၂၀၊ အထွေထွေ စားသုံးသီးနှံ ဧက ၃၂၀ စိုက်ပျိုးနိုင်ခဲ့ပြီး ကွဲပြားတိရစ္ဆာန်အစာ စိုက်ပျိုးဧကအနေဖြင့် ၁၀၀၇၄ ဧက လျာထားစိုက်ပျိုးရာတွင် ၉၉၈၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များနှင့် သွင်းအားစုများ ထောက်ပံ့ကူညီခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်နည်းလမ်းများ အသိပညာပေးခြင်း လုပ်ငန်းများကို နယ်မြေအလိုက် ကွင်းတာဝန်ခံဝန်ထမ်းများက ကြီးကြပ်၍ ကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး လျာထားစိုက်ပျိုးဧကအနေဖြင့် ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံအပြင် အခြား ကွဲပြားတိရစ္ဆာန်အစာ စိုက်ပျိုးဧက အပါအဝင် စုစုပေါင်း ၆၆၆၆၄ ဧက လျာထားပြီး စိုက်ပျိုးနိုင်မှုဧကမှာ ၆၃၃၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် သီးနှံရိတ်သိမ်းပြီးဧကမှာ ၄၄၄၇ ဧကဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး )**

## မိုင်းဆတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိုင်းဆတ် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စီမံကိန်းရန်ပုံငွေဖြင့် ဟားကွယ်ကျေးရွာတွင် ကျေးရွာအတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ ပန်ခိုက်၊ မယ်မို၊ တာစုနှင့် နောင်ဖာကျေးရွာများတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊ နောင်လျန်ကျေးရွာတွင် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာကော်မတီဝင်များ၏ ကြီးကြပ်မှု၊ ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ကာ လုပ်ငန်းပြီးစီးမှုများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးနိုင်လင်းဦးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ညောင်ဦးမြို့နယ်၌ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက် / ဆေးထိုးခြင်း ဆောင်ရွက်

**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်/ဆေးထိုးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၉ ရက်က သာယာဝတီရပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဆောင်ရွက်ပေးသည်။

ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်ရမည့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပိုလီယို (တတိယအကြိမ်)၊ ပြင်းထန်ဝမ်းပျက်/ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)(ပထမအကြိမ်)(ဒုတိယအကြိမ်) (တတိယအကြိမ်) စသည်တို့ကို ကလေးငယ်များ၏ ဆေးထိုးမှတ်တမ်းများအရ တိုက်ကျွေး/ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ လစဉ် ၁ ရက်၊ ၂ ရက်နှင့် လဝက် ၁၅ ရက်၊ ၁၆ ရက်တို့တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆေးထိုးစုရပ်များအဖြစ် သတ်မှတ်ထိုးနေကျစုရပ်များတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**





ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် မီဟို တာကာဂီ (လယ်) ကို တွေ့ရစဉ်။

## ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ၂၀၂၂ ၏ အမျိုးသမီး မီတာ ၁၀၀၀ အမြန်စီးစကိတ်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ မီဟို တာကာဂျီ ရွှေတံဆိပ်ဆွတ်ခူး

ဂျပန်နိုင်ငံမှ မီဟိုတာကာဂျီသည် ဖေဖော်ဝါရီ ၁၇ ရက်က ပေကျင်းတွင် ကျင်းပသော ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ ၂၀၂၂ ၏ အမျိုးသမီး မီတာ ၁၀၀၀ အမြန်စီးစကိတ်ပြိုင်ပွဲတွင် အိုလံပစ်စံချိန်ချိုးနိုင်ခဲ့သည့်အတွက် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။

ယခုလို စံချိန်ချိုးနိုင်ခဲ့သည့်အတွက် ယခင်ကသုံးထပ်ကွမ်းရရှိခဲ့သော အိုလံပစ်ငွေတံဆိပ်များနေရာတွင် နောက်ထပ် ရွှေတံဆိပ်ကို ပေါင်းထည့်နိုင်ပြီဖြစ်သည်။ အသက် ၂၇ နှစ်ရှိ မီဟိုသည် ၂၀၁၈ ခုနှစ်ပြုံချန်း အိုလံပစ်အားကစားပြိုင်ပွဲ၌ ဂျိုရီရန်တာမောစ် မှတ်တမ်းတင်ခဲ့သော ယခင်စံချိန်ဟောင်းဖြစ်သည့် ၁:၁၃.၅၆ စံချိန်ကို ၁:၁၃.၁၉ ဖြင့် ချိုးနိုင်ခဲ့သည့်အတွက် ယခုလို ရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဂျပန်စကိတ်စီးအားကစားသမား မီဟိုသည် မီတာ ၁၅၀၀ ပြိုင်ပွဲနှင့် မီတာ ၅၀၀ ပြိုင်ပွဲများတွင် ငွေတံဆိပ်ရရှိခဲ့သည်။ ယခင်ပြိုင်ပွဲများတွင် အတော်ရုန်းကန်ခဲ့ရကြောင်း ရယ်မောကာဖြင့် မီဟိုက ပြောပြခဲ့သည်။ ပြင်ပက မည်သည့်ဖိအားမဆို လက်မခံဘဲ ပြိုင်ပွဲကိုအဆုံးသတ်နိုင်ရန်နှင့် အကောင်းဆုံးစတင်နိုင်ရန်သာ အားထည့်လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောသည်။ **လင်းခေတ်ဆန်**

## ၂၀၂၄ ခုနှစ်အတွက် အိုလံပစ်ပွဲတော်ကို ပါရီတွင် ပုံစံသစ်ဖြင့် ကျင်းပသွားမည်

ပါရီမြို့တွင် ၂၀၂၄ ခုနှစ်အတွက် အိုလံပစ်အားကစားပြိုင်ပွဲကို မည်သူမျှ မပြုလုပ်ခဲ့ဖူးသည့် ပုံစံဖြင့် ပြုလုပ်သွားရန် စဉ်းစားနေသည်ဟု ၂၀၂၄ ခုနှစ် ပါရီအိုလံပစ်ပွဲစီစဉ်ရေးကော်မတီမှ အကြီးအကဲဖြစ်သူ တိုနီအက်စ်စတိန်းဂတ်က ဆင်ဟွာနှင့်အင်တာဗျူးတွင် ပြောသည်။

ပါရီအိုလံပစ်ပြိုင်ပွဲတွင် ပွဲစဉ်အချို့ကို ပါရီမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာများတွင် ကျင်းပသွားမည်ဖြစ်သည်။ ဥပမာ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဂရန်းပဲလေ့စ်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဂျူဒိုနှင့် နပန်းပွဲစဉ်များကို ချမ့်ပ် ဒီမာ့စ် အရီနာတွင် ကျင်းပသွားမည်ဖြစ်သည်။ စိန့်မြစ်တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသွားရန် ၂၀၂၄ ခုနှစ် ပါရီအိုလံပစ်ပြိုင်ပွဲ ပွဲစီစဉ်သူများက ကြိုးပမ်းလျက်ရှိသည်ဟုလည်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ အိုလံပစ်ဖွင့်ပွဲအခမ်းအနားကို ပထမဦးဆုံးအကြိမ်အဖြစ် အားကစားရုံပြင်ပတွင် ကျင်းပရန် ကြိုးပမ်းခြင်းဖြစ်ပြီး ညှော်ပရိသတ်ပေါင်း ၆၀၀၀၀၀ မှာလည်း အခမဲ့တက်ရောက်နိုင်သည်ဟု ၎င်းက ဆက်ပြောသည်။ **အောင်**

## အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ



အီတလီအားကစားဝန်ကြီး ဗယ်လန်တီနာ ဗက်ဇာလီက ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်ကို အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အပြင်ဘက်အားကစားပွဲစဉ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့မလိုဘဲ ဝင်ရောက်ပါဝင်ခွင့်ပြုမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးထားသောကြောင့် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ မတိုင်ခင် နိုင်ငံမှနှင်ထုတ်ခြင်းခံခဲ့ရပြီးနောက် ဂျိုကိုဗစ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ထက် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲများကို လက်လွှတ်ဆုံးရှုံးဖို့ ပြင်ဆင်ထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားလိုက်သည်။

ယခုပွဲသည် အီတလီအိုးပင်းပြိုင်ပွဲ၏ အပြင်ဘက် အားကစားပွဲစဉ်ဖြစ်ပြီး တင်းကျပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး သက်သေခံစာရွက်စာတမ်းများ ပြစရာမလိုအပ်ကြောင်း အီတလီအားကစားဝန်ကြီး ဗက်ဇာလီက အီတလီသတင်းစာ ဖြစ်သော လီဘာတိုကို ဖေဖော်ဝါရီ ၁၇ ရက်က ပြောကြားလိုက်သည်။ **လင်းခေတ်ဆန်**

## တိုက်ဂါးဝုဒ် ထိပ်တန်းဂေါက်ရိုက်သမားဘဝသို့ပြန်လာရန် အချိန်ကြာမြင့်ဦးမည်

ထိပ်တန်း ဂေါက်ရိုက်သမားတစ်ဦးဖြစ်သူ တိုက်ဂါးဝုဒ်သည် အဆင့်မြင့်ပြိုင်ပွဲကြီးများတွင် ပြန်လည်ပါဝင်ယှဉ်ပြိုင်နိုင်ရေး ယုံကြည်ချက်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း ကားတိုက်မှုကြောင့် ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ



တိုက်ဂါးဝုဒ်

ရရှိပြီးနောက် အပြည့်အဝပြန်လည်ကျန်းမာလာမည့်အချိန်မှာ အတိအကျ မသိနိုင်သေးချေ။ ဂေါက်ရိုက်ပြိုင်ပွဲများသို့ ပြန်လာနိုင်ကြောင်း တိုက်ဂါးဝုဒ်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောသည်။

အသက် ၄၆ နှစ်ရှိပြီဖြစ်သော တိုက်ဂါးဝုဒ်သည် ယူအက်စ်ပီဂျီအေ ပြိုင်ပွဲတွင် ပါဝင်ရန် စိတ်ကူးမရှိကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်အထိ ပြိုင်ပွဲများတွင် ပြန်လည်ပါဝင်ယှဉ်ပြိုင်ရန် အဆင်သင့် မဖြစ်သေးကြောင်း ၎င်းက ပြောသည်။ ဧပြီလအတွင်း ပြုလုပ်မည့် Augusta National ပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်ပြန်လည်ပါဝင်ယှဉ်ပြိုင်လာနိုင်သည်ဟူသော မျှော်လင့်ချက်များလည်း မှေးမှိန်သွားခဲ့သည်။

ဒီဇင်ဘာလအတွင်း၎င်း၏ကျန်းမာရေးအခြေအနေမှာတိုးတက်မှုများ မြင်လာရသော်လည်း ကွင်းအတွင်း ၎င်း၏ လုပ်ကိုင်နိုင်စွမ်းမှာမူ အကန့်အသတ်ဖြင့် ရှိနေဆဲဖြစ်သည်။ ၎င်းမှာ လော့စ်အိန်ဂျလိစ်မြို့တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က ကားတိုက်မှုဖြစ်ပွားပြီးနောက် ခွဲစိတ်မှုများ ပြုလုပ်ခဲ့ရသည်။ **အောင်**

CHAMPIONS LEAGUE

ယခုအပတ် ဖေဖော်ဝါရီ ၂၂ ရက်၊ ၂၃ ရက်မှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာပါ။ ချယ်ဆီးက လိုင်လီ၊ အေတီမက်က မန်ယူစတဲ့အသင်းတွေ တွေ့ဆုံနေပါတယ်။

| ချန်ပီယံလိဂ် ၁၆ သင်း(ပ-ကျော့) | |
|---|---|
| ၂၂-၂-၂၀၂၂ | အင်္ဂါနေ့နက် ၂း၃၀ |
| ချယ်ဆီး - လိုင်လီ | |
| ဗီလာရီးရဲ - ဂျူဗင်တပ်စ် | |
| ၂၃-၂-၂၀၂၂ | ဗုဒ္ဓဟူးနံနက် ၂း၃၀ |
| အေတီမက် - မန်ယူ | |
| ဘင်ဖီကာ - အိုင်းယက်စ် | |

**ချန်ပီယံလိဂ် ဂိုးအများဆုံးသွင်းယူထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟယ်လာ | အိုင်းယက်စ် | ၁၀ |
| လီဝမ်ဒေါ့စကီး | ဘိုင်ယန် | ၉ |
| ဆာလာ | လီဗာပူး | ၈ |
| အင်ခွန်ကူ | လိုက်ပ်ဇစ် | ၇ |
| မာရက်ဇ် | မန်စီးတီး | ၆ |




### ချယ်ဆီး VS လိုင်လီ

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ချယ်ဆီး ၂-၁ လိုင်လီ

ချယ်ဆီးက လက်ရှိမှာ ပုံစံကောင်းရရှိနေတယ်။ လိုင်လီက နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲရှုံးပြီး တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်မှာတော့ လိုင်လီက နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားတယ်။ ပုံစံကောင်းရရှိဖို့ကြိုးစားနေတဲ့ လိုင်လီအနေနဲ့ ယခုပွဲစဉ်မှာ ချယ်ဆီးကို အနိုင်ရဖို့ ခက်မယ်။

### ဗီလာရီးရဲ VS ဂျူဗင်တပ်စ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု -

ဗီလာရီးရဲအသင်းက ပါအူတောရက်စ်၊ ကာပိုအူတို့ ခြေစွမ်းပြသထားနိုင်မှုနှင့်အတူ အကောင်းဘက်ဦးတည်နေတယ်။ ဂျူဗင်တပ်စ် အသင်းကလည်း ဒိုင်ဘာလာ၊ ဗလာဟိုဗစ်တို့ ခြေစွမ်းပြသထားနိုင်တာတွေ့ရတယ်။ နှစ်သင်းစလုံး ရလဒ်ကောင်းရရှိဖို့ ကြိုးစားလာမှာဖြစ်ပြီး ဗီလာရီးရဲအိမ်ကွင်းမှာ ဂျူဗင်တပ်စ်အနိုင်ရဖို့ မလွယ်ဘူး။

### အေတီမက် VS မန်ယူ

နောက်ဆုံးအကြိမ်တွေ့ဆုံမှု -

အက်သလက်တီကိုမက်ဒရစ် (အေတီမက်) က ဒီရာသီမှာပုံစံကောင်းရရှိဖို့ ရုန်းကန်နေရသလို မန်ယူအသင်းကလည်း ခြေစွမ်းတည်ငြိမ်မှုမရှိဘူး။ အထူးသဖြင့် မန်ယူအသင်းက ပွဲစဉ်တိုင်းနီးပါးကို ခက်ခက်ခဲခဲကစားရလေ့ရှိတယ်။ ယခုပွဲစဉ်က အေတီမက်အိမ်ကွင်းဖြစ်တာကြောင့် မန်ယူအသင်း ကစားရခက်ခဲပြီး အနိုမ့်ဆုံးသရေသာရမယ်။

### ဘင်ဖီကာ VS အိုင်းယက်စ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘင်ဖီကာ ၁-၁အိုင်းယက်စ်

ပေါ်တူဂီကလပ် ဘင်ဖီကာနဲ့ နယ်သာလန်ကလပ် အိုင်းယက်စ်အသင်းတို့ပွဲစဉ်က စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်အဖြစ် ရှိနေတယ်။ ဘင်ဖီကာထက် အိုင်းယက်စ်အသင်းရဲ့ တိုက်စစ်နဲ့ခံစစ်က ဒီရာသီမှာ အကောင်းဆုံးအနေအထားမှာ ရှိနေတယ်။ ဒါကြောင့် ဘင်ဖီကာအိမ်ကွင်းဖြစ်ပေမယ့် အိုင်းယက်စ်ရလဒ်ကောင်းရရှိမယ်။

အောင်ဇော် - စုစည်းသည်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နယ်နေ နှင်းနုလှိုင်သည် ၎င်းအသုံးပြုသည့် "Daw Hnin Sy Nini" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ခန့်ဇင်လင်းသည် "Khant Zin Linn" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ်နေ ဇော်နိုင်(ခ)ကောင်းမြတ်စိုးနှင့် အောင်ကိုလတ်တို့သည် ၎င်းတို့အသုံးပြုသည့် "Kaung Myat Soe" Facebook အကောင့်၊ "Aung Ko Latt" Facebook အကောင့်နှင့် ရမည်းသင်းမြို့နယ်နေ ထွန်းမင်းလတ်သည် ၎င်းအသုံးပြုသည့် "U Htun Min Latt" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

မင်းရွာမြောက် ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော် ဦးစန္ဒေါ(ခ) ဦးစိန်မောင်း (၅၈နှစ်) ဝါတော် (၈)ဝါ (ဘ) ဦးပေါစံအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်က သင်္ကန်းချွတ် လူဝတ်လဲကာ ကြိုးများဖြင့် တုပ်နှောင်၍ ရေဦးကုန်းကျေးရွာအုပ်စု နပေါင်ကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဆရာတော်အား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်း လိုက်လံပိတ်ဆို့ရှာဖွေစုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် နှောကုန်းကျေးရွာအနီးရှိ မူးဘောင် ရေမြောင်းအတွင်း၌ ဆရာတော်အား လည်ပင်းတွင် ကြိုးချည်လျက်ဖြင့် တွေ့ရှိရပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် နဖူးပြတ်ရှဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာနားထင်မှ ယာပါးအထိ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ ရဟန်းသံဃာတော်များအား အကြမ်းဖက်သမားများ၏ ရက်စက်စွာ ရန်ပြုအကြမ်းဖက်မှုကြောင့် နိုင်ငံတော်အတွင်း နေရာအချို့တို့တွင် သံဃာတော် ၂၄ ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော်ကိုးပါးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် ဆရာတော်အား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်လူမဆန်စွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တင်းနစ်နှင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများ ကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လူငယ်သက်တမ်းအလိုက် အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ပထမအကြိမ် အပြည်ပြည်ဆိုင်ရာဖိတ်ခေါ် အွန်လိုင်းတိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အောက်ရှိ ကလပ်အသင်းအသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်မှုများနှင့် ပြိုင်ပွဲဝင် စည်းမျဉ်းဥပဒေများ၊ ပြိုင်ပွဲအမျိုးအစားများ သိရှိနိုင်ရန်အတွက် နည်းပြများ ဖေဖော်ဝါရီ၁၂ရက်က အစည်းဝေးပြုလုပ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉** တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးရာတွင် ဟုမ္မလင်းမြို့နယ်အတွင်း KEN–BO–125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ နှင့် Toyonax–125 အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၉၆၀၀ တန် **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၉၁၆၀** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲငါးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၆၉၁၆၀** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉** မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၈/က ရပ်ကွက် သံသုမာလမ်းမကြီးပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ထွန်းကျော်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် (၅၃)လမ်း တိုက်အမှတ်(၇)နေ ကြည်လင်းသန့်(ခ)လင်းလင်း၏ နေအိမ်အခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်လင်း(ခ)လပ္ပတ္တာ၊ ကောင်းမြတ်ဝင်းတို့ကို တွေ့ရှိပြီး ဘိန်းဖြူ ၀ ဒသမ ၀၀၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေး ၁၈၅၇ ပြား၊ အိုက်စ် ၀ ဒသမ ၀၁၈ ကီလိုတို့ကိုလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် မဟာဗန္ဓုလလမ်းတွင် ဇော်လင်း(ခ)လပ္ပတ္တာ၏ DAIHATSU HIJET အမျိုးအစား မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၀ ဒသမ ၁၆ ကီလိုကို လည်းကောင်း။



ကြည်လင်းသန့်(ခ)လင်းလင်း၊ ကောင်းမြတ်ဝင်း၊ ဇော်လင်း(ခ)လပ္ပတ္တာနှင့် ထွန်းကျော် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ကျွန်းတောင်ကျေးရွာအနီး မှော်ဘီ–ကျောက်တလုံးကြီး သွားလမ်းတွင် ညွန့်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀၀ ကို လည်းကောင်း၊ ထိုနေ့ နံနက် ၅ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်နေ အိုက်ထွန်း(ခ)တရုတ်လေး၏ နေအိမ်တဲကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

○ *ကျောဖုံးမှ*

ပြိုင်ပွဲကျင်းပမည့်ပုံစံနှင့် ပွဲစဉ်များကို ထိုင်းဘောလုံးအဖွဲ့ချုပ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာဖူဆယ်အမျိုးသားအသင်းသည် ဧပြီလတွင် အာဆီယံဖူဆယ်ပြိုင်ပွဲ၊ မေလတွင် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာရဲမွန်ထွဋ်၊ **အသင်းမန်နေဂျာ–** ဦးရဲဝင်းထွန်း၊ **နည်းပြချုပ်** – ဘန်လက်ချာယိုဝန် (ထိုင်း)၊ **လက်ထောက်နည်းပြများ** – ဦးငွေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ–** ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ – Mr.Tawan Wutti (ထိုင်း)၊ ဂိုးသမားအဖြစ် ကျော်ထက်အောင် (MIU FC)၊ ဇွဲပြည့်စုံ (VUC FC)၊ မိုးမင်းအောင် (Myoma FC)၊ ကစားသမားများအဖြစ် ဟိန်းမင်းစိုး (MIU FC)၊ မျိုးမြင့်စိုး (VUC FC)၊ ဇော်ဝဏ္ဏ (Myoma FC)၊ ကိုကိုလွင် (MIU FC)၊ စိုင်းပြုံးအောင် (MIU FC)၊ ဝေဇင်ဦး (VUC FC)၊ ထက်မြတ်ထွန်း (M2K FC)၊ ထက်မြတ်နိုင် (Myoma FC)၊ မျိုးသက်အောင် (MIU FC)၊ ငြိမ်းမင်းစိုး (VUC FC)၊ ထွဋ်ဝေထွန်း (VUC FC)၊ ချမ်းသာ (VUC FC)၊ ထွန်းအောင်ကျော် (Dream Team FC)၊ သိုင်းဘွဲ့အောင် (M2K FC)၊ ခင်ဇော်လင်း (MIU FC)၊ ရဲမင်းခန့် (MIU FC)၊ နိုင်လင်းထွန်းကျော် (VUC FC)၊ လှိုင်မင်းထွန်း (MIU FC)နှင့် အောင်ဇင်ဦး (VUC FC) တို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဇန်နဝါရီလတတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေပြီး ၂၀၁၉ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ပိုင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ရဲရင့်လွင်

## ဖားကန့်မြို့နယ်၌ မြေစာပုံပြိုကျပိမိ၍ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားငါးဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဖေဖော်ဝါရီ ၁၈ ရက်က မြေစာပုံပြိုကျပိမိ၍ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရေမဆေးကျောက်ရှာဖွေသူများဖြစ်သည့် (၁)ရပ်ကွက်နေ ထွန်းမြင့်(၄၂နှစ်)ပါ အမျိုးသားငါးဦးသည် ဆိုင်းဂျာဘွမ်ကျေးရွာနှင့် မနကျေးရွာကြား၌ ရေမဆေးကျောက်ရှာဖွေနေစဉ် အမြင့်ပေ ၁၀၀ ခန့်မှ မြေစာပုံဟောင်းပြိုကျပိမိသဖြင့် ထွန်းမြင့်ပါ ငါးဦးမှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း သိရှိရသောကြောင့် အဆိုပါသေဆုံးမှုအား ဖားကန့်မြို့မရဲစခန်း၌ သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

### မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၁၁ ဒသမ ၅၄ လက်မ၊ ကျိုက်ဒုံမြို့တွင် ၄ ဒသမ ၄၄ လက်မ၊ ရန်ကုန် (မြို့လယ်) တွင် ၁ ဒသမ ၄၆ လက်မ၊ ပေါင်မြို့တွင် ၀ ဒသမ ၃၈ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မုဒုံမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် ခရမ်းမြို့တွင် ၀ ဒသမ ၈၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ဝက်စ်ဟမ်းအိမ်ကွင်းမှာ သရေတစ်မှတ်ယူခဲ့သည့် နယူးကာဆယ်

ပရီမီယာလိဂ်ပွဲစဉ် (၂၆) ၏ အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒေးဗစ်မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းရော ဟိုဝီ၏ နယူးကာဆယ်အသင်းပါ ယခုပွဲစဉ်တွင် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးသာ အပြောင်းအလဲပြုလုပ်ပြီး ပွဲထွက်လာခဲ့သည်။

ပွဲအစပိုင်း မိနစ်များတွင် နယူးကာဆယ်အသင်း ဝက်စ်ဟမ်းအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ကစားအားကျဆင်းခဲ့ပြီး ဝက်စ်ဟမ်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ပွဲချိန် ၃၂ မိနစ်တွင် ဝက်စ်ဟမ်းအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ခရက်စ်ဝဲ၏ ဖန်တီးမှုမှ ဒေါ်ဆင်က သွင်းယူခဲ့သည်။ ထို့နောက် နယူးကာဆယ်အသင်းကလည်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့ရာ ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့ပြီး ဝီလ်လော့ခ်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ ဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်အားနည်းမှုကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ထရစ်ပီယာဒဏ်ရာကြောင့် ပါဝင်လာနိုင်ခြင်းမရှိသည့် နယူးကာဆယ်အသင်း၏ စွမ်းဆောင်ရည် ယခင်ပွဲများထက် သိသိသာသာကျဆင်းခဲ့သည်ကို တွေ့ရသည်။



ဝက်စ်ဟမ်းကစားသမား ဒေါ်ဆင် နယူးကာဆယ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ဝက်စ်ဟမ်း အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝုဖ်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး နယူးကာဆယ်အသင်းက ဖေဖော်ဝါရီ ၂၆ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များအဖြစ် အာဆင်နယ်က ဘရန့်ဖို့ကို နှစ်ဂိုး–တစ်ဂိုး၊ လီဗာပူးက နော့ဝှစ်ကို သုံးဂိုး–တစ်ဂိုး၊ ဆောက်သမ်တန်က အဲဗာတန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည်။

အဝေးကွင်း နိုင်ပွဲများအဖြစ် ဝက်ဖို့ဒ်က ဗီလာကို တစ်ဂိုး–ဂိုးမရှိ၊ ဘန်လေက ဘရိုက်တန်ကို သုံးဂိုး–ဂိုးမရှိ၊ ချယ်ဆီးက ပဲလေ့စ်ကို တစ်ဂိုး– ဂိုးမရှိဖြင့် အဝေးကွင်း နိုင်ပွဲများ ရရှိခဲ့သည်။

**အောင်ဇော်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးမှ လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးမှ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၄၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၈ ဦးနှင့် ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသော အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၂၅ ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသော အမျိုးသား ၁၀၇ ဦး၊ အမျိုးသမီး ၉၀ စုစုပေါင်း ၁၉၇ ဦးတို့ကို အသီးသီး လက်ခံခဲ့သည်။**(အပေါ်ယာပုံ)**



ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းပြည်သူများသို့ အသိပေးချက်

၁။ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်နိုင်ရန်အလို့ငှာ ၂၀၂၁ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေများအတွက် သက်ညှာသော အခွန်နှုန်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ထို့ပြင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများကိုကုစားနိုင်ရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၁ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအလွှာ သတ်မှတ်ချက်များကို ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ဥပဒေအရ သက်ညှာပေးထားသည့် အခွန်နှုန်းထားနှင့် ဝင်ငွေအလွှာသတ်မှတ်ချက်တို့သည် ၂၀၂၁ခုနှစ် ပြည်ထောင်စု၏အခွန်ကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ)အရ၃၁-၃-၂၀၂၂ရက်အထိသာ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

၄။ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေပေါ်ပေါက်နေသူ အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေအရ သက်ညှာပေးထားသည့် အခွန်နှုန်းထားနှင့် ဝင်ငွေအလွှာသတ်မှတ်ချက်တို့ကို ၃၁-၃-၂၀၂၂ရက်အထိသာ ခံစားခွင့်ရှိမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာအခွန်ရုံးများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်ချေးငွေများ ထုတ်ချေး

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၉**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းကို ဘူးသီးတောင်မြို့နယ် ကုန်တန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၉ ရက်က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ ချေးငွေများပြန်လည်ထုတ်ချေးပေးနေမှု၊ အတိုးရငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မြို့နယ် ကျေးလက်ဦးစီးမှူး ဦးထွန်းလှိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။ ကုန်တန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းစသည့်လုပ်ငန်းများ လုပ်ဆောင်နေကြသည့် အသင်းသူ အသင်းသားများအား ချေးငွေကျပ်သိန်း ၈၀ ကို ထုတ်ချေးပေးလျက်ရှိသည်။

**မြစိမ်းရောင်ချေးငွေ**

ထို့ပြင် မြို့နယ်ဦးစီးမှူး နှင့်အဖွဲ့သည် မြစိမ်းရောင်စီမံကိန်း ကျေးရွာများဖြစ်သော ကျဉ်တောက် ကျေးရွာ၊ လောင်းချောင်းကျေးရွာနှင့် ဆင်စွယ်ရကျေးရွာများသို့ သွားရောက်ပြီး စာရင်းဇယားများ စစ်ဆေးခြင်း၊ မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် အတိုးရငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအား(ဝဲပုံ) ကြီးကြပ် ဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုထွန်း**




# ပဲခူးမြို့ မဇင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုဖြင့် သဘာဝမြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများတွင် ငါး သယံဇာတများ တိုးပွားလာစေရေး၊ ငါးရိက္ခာဖူလုံစေရေးနှင့် ကျေးလက်နေပြည်သူများ ငါးစားသုံးမှု မြင့်မားလာစေရေးတို့အတွက် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ်အတွင်းရှိ မဇင်းဆည်အတွင်း ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းထွန်း၊ ခရိုင် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြီး၊ ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ သနပ်ပင်ငါးလုပ်ငန်း စခန်း တာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး မဇင်းဆည်အတွင်း ပဲခူးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီး ၅၀၀၀၀၊ ငါးမြစ်ချင်း ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ၈၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၃၀၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



**သတင်းစဉ်**

# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
# ဆဋ္ဌမသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အဖွဲ့
# ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏အသိပေးကြေညာချက်
## ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၉ ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏( ၂၀၂၂ -၂၀၂၅ ) ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၂ခုနှစ်၊ မတ်လ ဒုတိယပတ်အတွင်း UMFCCI ၏ Online System(Oppa Vote)ဖြင့် ကျင်းပနိုင်ရန် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့၌ ကျင်းပခဲ့သော အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၇/၂၀၂၁)က ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၁။ (၂၀၂၂-၂၀၂၅)ခုနှစ် ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့ကို အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၂)အရ အလုပ်အမှုဆောင် (၉၅) ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ပါသည်။ ယခုရွေးချယ် တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌမှစ၍ အလုပ်အမှုဆောင်အထိ (၆၅)ဦး ရွေးချယ်ပါမည်။ ကျန်(၃၀)ဦးမှာ နယ်အသင်းခွဲ (၆)ခုမှ (၅) ဦးစီ (PR)အနေဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ပွဲ၌ အလုပ်အမှုဆောင်(၆၅)နေရာတွင် ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး ရွေးချယ်ခြင်းမခံရပါက အဆိုပါအသင်းသားသည် နယ်အသင်းခွဲများမှ (PR)အနေဖြင့် ပြန်လည်ဝင်ရောက်ခွင့်မရှိပါ။ နယ်အသင်းခွဲများမှ (PR)အဖြစ် ပါဝင်မည့်သူများသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော အရည်အချင်းများနှင့် ကိုက်ညီရပါမည်။

၂။ ဥက္ကဋ္ဌ အဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများအား Online မဲစနစ်ဖြင့် မဲအရေအတွက် အများဆုံးရရှိသူကို ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ပါမည်။ ဥက္ကဋ္ဌအဖြစ် ဝင်ရောက်အရွေးချယ်ခံခဲ့ပြီးသူများထဲမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက် အရွေးချယ်ခံလိုသူများနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများပေါင်းပြီး ဒုတိယဥက္ကဋ္ဌ (၆) နေရာအတွက် မဲရရှိမှုအပေါ် မူတည်၍ မဲအရေအတွက်အလိုက် ထပ်မံရွေးချယ်ပါမည်။ ဒုတိယဥက္ကဋ္ဌနေရာတွင် ရွေးချယ်ခြင်းမခံရပါက ကျန်အလုပ်အမှုဆောင် နေရာများသို့ ဆက်လက်အရွေးချယ်ခံခွင့်မရှိပါ။

၃။ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး နေရာများအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား အတွင်းရေးမှူး(၁)၊(၂)၊(၃)နှင့် တွဲဖက်အတွင်းရေးမှူး(၁)၊(၂)၊(၃)ပေါင်း(၆)နေရာကို မဲ အနည်း / များ အလိုက် တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၄။ ကျန်အလုပ်အမှုဆောင်(၅၂)နေရာအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲအနည်း/များအလိုက် ဗဟိုအလုပ်အမှုဆောင်(၂၂)နေရာနှင့် အလုပ်အမှုဆောင်(၃၀)နေရာတို့ကို တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၅။ ၂၀၂၂ ခုနှစ်အထိ အသင်းသားကတ် သက်တမ်းတိုးပြီး ဖြစ်ရမည်။

၆။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံလိုသော အသင်းသားများသည် မိမိတို့၏လျှောက်လွှာ(အဆိုပြုလွှာ)များကို နေပြည်တော်နှင့် ရန်ကုန်(ကမ္ဘာအေး)တို့ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံးများတွင် ထုတ်ယူနိုင်ပါသည်။ လျှောက်လွှာ (အဆိုပြုလွှာ)များကို( ၆-၃-၂၀၂၂) ရက် ( ၁၆ : ၀၀ )နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ လျှောက်ထားရမည်။

၇။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ၂၀၁၉ခုနှစ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများနှင့်အညီ ဆက်လက်ထုတ်ပြန်သွားပါမည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
# ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်
# ၂၀၂၂ -၂၀၂၅ ခုနှစ်၊ ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့
# ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်ချက်

၁။ **ရွေးချယ်ခံမည့် အသင်းဝင်များသည် –**

(က) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဆဋ္ဌမအကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်တင်မြှောက်ပွဲကို UMFCCI ၏ Online နည်းပညာစနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ (၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် ပဉ္စမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ၇/၂၀၂၁ ဆုံးဖြတ်ချက်)

( ခ ) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတွင် မှတ်ပုံတင်ထားသော အသင်းဝင် သက်တမ်း(၂)နှစ်ရှိသူဖြစ်ရမည်။ **စည်းမျဉ်း ၂၂(ခ)။**

( ဂ ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့် (သို့မဟုတ်) လုပ်ငန်းလိုင်စင်ကိုင်ဆောင်သော လုပ်ငန်းရှင် (သို့မဟုတ်) ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီပိုင်ရှင် (သို့မဟုတ်)သမဝါယမအသင်းပိုင်ရှင် ဖြစ်ရမည်။

(၁) ခွင့်ပြုမိန့်ကိုင်ဆောင်သော လုပ်ငန်းရှင်ဖြစ်ပါက (၂၀၁၆)ခုနှစ်အထိ သက်တမ်းရှိသော ခွင့်ပြုမိန့်အထောက်အထား တင်ပြရမည်။

(၂) လုပ်ငန်းလိုင်စင် ကိုင်ဆောင်သော လုပ်ငန်းရှင်ဖြစ်ပါက(၂၀၁၈-၂၀၁၉) ခုနှစ်အထိ သက်တမ်းရှိသော လုပ်ငန်းလိုင်စင်အထောက်အထားတင်ပြရမည်။

၂၉-၁-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့်(၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးမှ အတည်ပြုပြင်ဆင်ချက် **စည်းမျဉ်း ၂၂ (စ)၊ ၂၄ (စ)၊ ၂၅ (စ)။**

(ဃ) နိုင်ငံတော်သို့ ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေအပေါ် ဝင်ငွေခွန်ထမ်းဆောင်နေသူဖြစ်ရမည်။

(၁) ခွင့်ပြုမိန့်ကိုင်ဆောင်သော လုပ်ငန်းရှင်ဖြစ်ပါက(၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အထိ ဝင်ငွေခွန် ပေးဆောင်ရှင်းလင်းပြီးသည့် အထောက်အထားတင်ပြရမည်။

(၂) လုပ်ငန်းလိုင်စင် ကိုင်ဆောင်သော လုပ်ငန်းရှင်ဖြစ်ပါက (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်အထိ ဝင်ငွေခွန်ပေးဆောင်ရှင်းလင်းပြီးကြောင်း အထောက်အထား တင်ပြရမည်။

၂၉-၁-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့်(၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးမှ အတည်ပြုပြင်ဆင်ချက် **စည်းမျဉ်း ၂၂ (ဆ)၊ ၂၄ (ဆ)၊ ၂၅ (ဆ)။**

၂။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရာထူးများတွင်(၃)နှစ် သက်တမ်း(၂)ကြိမ်အထိသာ တစ်ဆက်တည်း ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ (၃)နှစ်သက်တမ်း(၂)ကြိမ် ထမ်းဆောင်ပြီးသော ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများသည် လက်ရှိရာထူးအဆင့်ထက် မြင့်သောရာထူးတာဝန်သို့ အဆိုပြု၍ ရွေးချယ်ခံခွင့်ရှိသည်။

အဆင့်တူအဆင့်နိမ့်ရာထူးများသို့ အဆိုပြု၍ ရွေးချယ်ခံခွင့်မရှိပါ။ **စည်းမျဉ်း၊ ၃၆။**

၃။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်ဖြစ်သည့်အပြင် အသင်းခွဲ၏ အသင်းဝင်ဖြစ်သောလုပ်ငန်းရှင်သည် ရွေးချယ်ခံခြင်းနှင့် ဆန္ဒမဲပေးခြင်းကို အသင်းခွဲတွင် ဆောင်ရွက်ပြီးပါက ဤရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချယ်ခံခွင့်နှင့် ဆန္ဒမဲပေးခွင့်မရှိပါ။ **စည်းမျဉ်း၊ ၃၉။**

၄။ Online နည်းပညာစနစ်အရ ပေါ်ထွက်လာသော ကိန်းဂဏန်းရလဒ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးသည့် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။ (၄-၂-၂၀၂၂)ရက်နေ့(ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်)

၅။ **ဆန္ဒမဲပေးမည့်အသင်းဝင်များသည် –**

(က) အသင်းချုပ်၏ အသင်းဝင်ဖြစ်သည့်နေ့မှစ၍ သက်တမ်း(၁)နှစ် ရှိပြီးသူဖြစ်ရပါမည်။ **စည်းမျဉ်း၊ ၇ (ဃ)။**

( ခ ) ဆန္ဒမဲပေးရန် ဆန္ဒပြုလွှာတင်သွင်းထားသော အသင်းဝင်များသည် ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဖုန်းနံပါတ်(အင်တာနက်ချိတ်ဆက်ထားသည့် ဖုန်းနံပါတ်ဖြစ်ရပါမည်) ကော်မရှင်သို့ မှတ်ပုံတင်ထားရမည်။

( ဂ ) မဲဆန္ဒရှင်တစ်ဦးစီ၏ မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သို့သာ လင့်ခ် (Link)နှင့် ကုဒ် (Password Code)ပေးမည်ဖြစ်ရာ အဆိုပါလင့်ခ်(Link)နှင့် ကုဒ်(Password Code)ကို မျှဝေခြင်း မပြုရပါ။

(ဃ) မှတ်ပုံတင်ထားသော ဖုန်းနံပါတ်မဟုတ်ပါက Link နှင့် Password ချပေးမည်မဟုတ်၍ ဖုန်းနံပါတ်ပြောင်းလဲခြင်းကြောင့် မဲပေးခွင့်၊ ရွေးချယ်ခံခွင့်ဆုံးရှုံးရပါက သက်ဆိုင်ရာအသင်းဝင်၏ တာဝန်သာဖြစ်သည်။

( င ) မဲဆန္ဒရှင်များသည် ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးတွင် အသုံးပြုမည့် Oppa Vote စနစ် Online မဲပေးခြင်း လမ်းညွှန်ချက်နမူနာပြထားသည့်အတိုင်း ဆောင်ရွက်ပြီး မဲဆန္ဒပြုရမည်။

( စ ) အပိုဒ်-၈ ပါ အဆင့်(၄)ဆင့်ကို အဆင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ပါ၍ မဲဆန္ဒရှင်များသည် မိမိ၏ မဲပေးခွင့် အခွင့်အရေး နစ်နာမှု မရှိစေရန် မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အထိ မဲပေးစနစ်တွင် ရှိနေရမည်။

၆။ ဆန္ဒမဲပေးချိန်တွင် System Error/ Fail ဖြစ်ခြင်းအပေါ် မည်သူ့တွင်မျှ တာဝန်မရှိစေရ။

၇။ ရွေးချယ်တင်မြှောက်ပွဲအတွင်း ဆုံးဖြတ်ဆောင်ရွက်ရန် ပေါ်ပေါက်သည့်ကိစ္စများတွင် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ **နည်း ၃၈ (ဂ)။**

၈။ အဆင့်(၁)ဆင့်ချင်းအတွက် မဲဆန္ဒရှင် အသင်းဝင်များ၏ မှတ်ပုံတင်ထားသော ဖုန်းနံပါတ်အသီးသီးသို့ လင့်ခ် (Link) နှင့် ကုဒ်(Password Code)နံပါတ် တစ်ကြိမ်စီဖြင့် အဆင့်(၄)ဆင့်ရှိသည်ဖြစ်၍ လင့်ခ်(Link)နှင့် ကုဒ် (Code)နံပါတ် (၄)ကြိမ် ပေးပို့မည် ဖြစ်သည်။

၉။ ဆန္ဒမဲပေးခြင်းသည် ရာထူးအဆင့်(၄)မျိုးအတွက် (၄)ကြိမ် မဲပေးရမည် –

| | | |
|---|---|---|
| (က) | အဆင့် (၁) ဥက္ကဋ္ဌ ရွေးချယ်ခြင်း | (၁)ဦး |
| ( ခ ) | အဆင့်(၂) ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း | (၆)ဦး |
| ( ဂ ) | အဆင့်(၃) အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများရွေးချယ်ခြင်း | (၆)ဦး |
| (ဃ) | အဆင့်(၄) အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်း | (၅၂)ဦး |

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် - ၃၁**

၁။ ဦးဆန်းထွန်း နှင့် ဦးသိန်းအောင်
၂။ ဒေါ်ရွှေ(ခ)ဒေါ်ရွှေသန်း(ခ)ဒေါ်ရွှေမ

**တရားလိုများ** **တရားပြိုင်**

ဦးသိန်းအောင်(ဘ) ဦးတင်ညွန့်၊ အကွက်(၄၉၈-က)၊ ဦးပိုင်အမှတ်(၈၈)၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်ဝင်းမြေအရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် မတ်လ ၁၇ရက် (၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆က/၅)၊ ဦးပိုင်အမှတ်(၇၂/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အား ဦးမြမောင် ၁/မကန(နိုင်)၀၂၂၅၂၇ အမည်ဖြင့် အမှုတွဲအမှတ် ၂၃၀၂/V(၁၉၈၉-၁၉၉၀) အရ ၁၀-၆-၂၀၂၀ထိ နှစ် (၃၀) ဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်သည် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးခဲ့ပါသဖြင့် ဦးမြမောင် ၁/မကန(နိုင်)၀၂၂၅၂၇ အမည်ဖြင့် မြေငှားဂရန်(မိတ္တူမှန်) ထုတ်ပေးနိုင်ပါရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ အဝေရာလမ်း၊ မြေကွက်အမှတ်(၁၁၁၅)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၄၀x၆၀) ရှိ နှစ်(၆၀)မြေငှားဂရန်စာချုပ် ဒေါ်ရင်နု(YDN-036514) ၁၂/လသယ(နိုင်)၀၀၅၃၁၀ အမည်ပေါက်သည့် မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် ခြေရင်းဘက်အခြမ်း ပေ (၂၀x၆၀)နှင့် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်အောင် ၁၂/လမန(နိုင်)၀၀၀၀၈၆ က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မ ဒေါ်သီရိနုလှိုင် ၁၂/ဥကတ(နိုင်)၁၈၁၅၂၃ က ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း စရန်ပေးချေထားသူ ဒေါ်သီရိနုလှိုင်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိနုလှိုင်**
**အမှတ်-၇၆၇(က)၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၆၈၆၈၃၄၅၊ ၀၉-၉၇၉၂၇၁၂၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/63113, Honda Custom C70, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၉/မဟမ(နိုင်)၀၁၀၃၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/2466, Toyota Hilux Surf RZN, Station Wagon (4x4)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းလှိုင် ၉/မခန(နိုင်)၁၅၀၆၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6191 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2280 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် ရက်ကို အယူခံတရားပြိုင်သို့ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်**

**၂၀၂၁ခုနှစ် တရားမပထမအယူခံမှုအမှတ်-၇၅**

ဒေါ်စန္ဒာအေး(ခ) ကျန်းယိုးရှန်း နှင့် ဦးလိမ့်လျှန်ကျွမ်း ပါ၃

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၁ခုနှစ် အောက်တိုဘာ ၁ရက်စွဲပါမိတ္ထီလာခရိုင်တရားရုံးတော်မှ တရားမကြီးမှု အမှတ်-၁၁/၂၀၂၁ကိုအယူခံမှု။

အထက်ပါအမှုတွင် အယူခံတရားပြိုင် ၁။ ဦးလိမ့်လျှန်ကျွမ်း ရွှေပေါက်ပေါက် သတ္တုတူးဖော်ရေးကုမ္ပဏီ၊ သစ်ပလွေကျေးရွာ၊ ကြပ်စခန်းကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မိတ္ထီလာခရိုင်သိစေရမည်။

ယခုအမှုတွင် မိတ္ထီလာခရိုင် တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါ်စန္ဒာအေး(ခ) ကျန်းယိုးရှန်းက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ခုနှစ် မတ် ၁၇ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့တွင်တည်ရှိသော ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၏ လက်ရှိကာရံအသုံးပြုနေသော မြေနေရာအား ဌာနပိုင်မြေယာပိုင်ဆိုင်မှု အမည်ပေါက်လျှောက်ထားမည်ဖြစ်ရာ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ပခုက္ကူတက္ကသိုလ်သို့ ၂၁-၂-၂၀၂၂ရက်မှ ၂၂-၃-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ပခုက္ကူတက္ကသိုလ်၏ ဌာနပိုင်မြေယာပိုင်ဆိုင်မှု အမည်ပေါက်လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ပခုက္ကူတက္ကသိုလ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/5624, Mitsubishi CANTER FE82, L/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရီ ၉/မနမ(နိုင်)၀၈၆၃၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၅၃၆၀, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇောထိုက် ၉/အမရ(နိုင်)၁၅၉၅၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းဆီလမ်းသွယ်(၄)၊ ဘလောက်(၃ ဘီ)၊ ကုမ္ပဏီမြေကွက်(၈)၊ အိုးအိမ်မြေကွက်အမှတ် (၁၉၄)၊ အကျယ်အဝန်း(၂၇ ဒသမ ၄ ပေ x ၈၁ ဒသမ ၁၀ ပေ)၊ ဧရိယာ ၂၂ ဒသမ ၃၅ စတုရန်းပေ (ပါမစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်မျိုးမျိုးခိုင် ၈/ခမန(နိုင်)၀၀၀၆၅၇ သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းမွန်မွန်သူ (စဥ်-၉၉၄၆)** **ဦးကျော်မျိုးသူ (စဥ်-၁၁၃၅၃)**

**တရားလွှတ်တော်ရှေ့နေများ**
**Arthawka Legal Solution Firm**
**တိုက်(စီ-၃/၄)၊ အခန်း(၅၀၄)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၀၆၀၉၂၇၂၊ ၀၉-၇၇၇၇၇၃၈၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ဆင်ဖြူရှင်ရပ်ကွက်ရှိ အရာခံဗိုလ် မင်းအောင်ညွန့် (ကိုယ်ပိုင်အမှတ် ၄၄၁၉၉၇) ၁၃/တကန(နိုင်)၀၁၀၉၁၇ (ဘ) ဦးသန်းညွန့် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B) ၁၇၀ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံသားဖြစ်သူ ဦးထက်အောင်၊ ဦးရဲနေဝင်း၊ ၁၂/လကန (နိုင်)၁၇၈၅၂၉၊ ၁၂/လကန(နိုင်)၁၉၄၆၇၁ (ဘ) ဦးမင်းအောင်ညွန့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ အမည်ပေါက်၏သေဆုံးခြင်းလက်မှတ်မိတ္တူ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ ရက်အထိ (၁)နှစ်ကာလအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ လုပ်ငန်း(၂၃)ခုကို တင်ဒါစနစ်ဖြင့် အငှားချဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်-

(က) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ခ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ဂ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ဃ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခ ကောက်ခံသည့်လုပ်ငန်း၊
(င) ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း၊
(စ) ရန်ကုန်အရှေ့ပိုင်း ယာဉ်ငယ်ရပ်နားစခန်း (၁)၊ (၂) ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း၊
(ဆ) ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း ယာဉ်ဝင်ခ၊ ယာဉ်လေ့ကျင့်ကြေး ကောက်ခံသည့်လုပ်ငန်း၊
(ဇ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ဒနင်းရိုးချောင်းပတ်လမ်းနှင့် ဒနင်းရိုးချောင်းကြားရှိ ယာဉ်ရပ်နားကွင်း ကားပါကင်တွင် ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း၊
(ဈ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ဒနင်းရိုးချောင်းပတ်လမ်းရှိ အက်ဆစ်တန်း(ဖ)အဆောင်နောက်ကျောနှင့် (၁၂)ကေ ကွင်းထိပ်နေရာရှိ ယာဉ်ရပ်နားကွင်း ကားပါကင်တွင် ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း၊
(ည) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ဂိတ်(၄)အဝင် ဒနင်းရိုးချောင်းပတ်လမ်းနှင့် တနသ်ာရီလမ်းထောင့်ရှိ ယာဉ်ရပ်နားကွင်း ကားပါကင်တွင် ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း၊
(ဋ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နားနေဆောင်၊ နားနေခကောက်ခံသည့်လုပ်ငန်း၊
(ဌ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၁) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဍ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၂) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဎ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၃) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဏ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၄) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(တ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၅) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ထ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၁-က၊ ခ) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဒ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိသန့်စင်ခန်းအမှတ်(၂) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဓ) ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိသန့်စင်ခန်းအမှတ်(၃) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(န) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းရှိ ရေချိုး/သန့်စင်ခန်းအသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ပ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ သန့်စင်ခန်းအမှတ်(၁) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဖ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ သန့်စင်ခန်းအမှတ်(၂) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဗ) ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်းရှိ သန့်စင်ခန်း အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးသို့ဖြစ်စေ၊ ဖုန်း-၀၉-၂၅၄၁၁၀၉၉၆ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၁၈-၂-၂၀၂၂ ရက် (သောကြာနေ့) |
| **တင်ဒါအရောင်းပိတ်မည့်ရက်** | - | ၁၅-၃-၂၀၂၂ ရက် (အင်္ဂါနေ့) ၁၃:၀၀ နာရီ |
| **တင်ဒါကျင်းပမည့်ရက်** | - | ၁၈-၃-၂၀၂၂ ရက် (သောကြာနေ့)၊ နံနက် ၁၀:၀၀ နာရီ |
| **တင်ဒါကျင်းပမည့်နေရာ** | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7894, Toyota VITZ SCP90, HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေမြင့် ၅/ခဥတ(နိုင်)၀၁၀၀၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5155, Daihatsu Hijet S210P, P/U(4x4)Rယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဦး ၉/မခန(နိုင်)၂၁၈၃၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/8339, Toyota Majesty GDH303L, Mini Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူခိုင် ၁၃/လပန(နိုင်)၀၄၁၈၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/6129, Toyota Corolla CE, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင်ဦး ၅/ကနန(နိုင်)၀၁၈၅၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ နှောကန်ကျေးရွာတွင် ဦးရဲထွဋ်သည် "ရောင်ခြည်လင်း"အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါနာမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ သတင်းစာပါသည့်ရက်မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးရဲထွဋ် ၉/မကန(နိုင်)၀၈၁၀၈၆**
**ဖုန်း-၀၉-၄၂၈၈၂၂၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/6982, SUPER MANDALAR L/T SMLT-01, Pick up (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းကို ၅/ဝလန(နိုင်)၁၉၉၂၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/11396 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၉/ကဆန(နိုင်) ၁၀၃၂၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထက ဆီဆိုင်၊ သတ္တမတန်းမှ မောင်တီးဖြူအား ယနေ့မှစ၍ မောင်ဇေယျာဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇေယျာ**

**သွေးသည် အသက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7487 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7490 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/1298, Myanmar Station Wagon MSW3, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ U Zaw Zaw Win 12/PaBaTa(N)028142 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7590 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စပါယ်(၂)လမ်း၊ အမှတ်(၃)နေ ဦးမင်းကြူ ၁၂/ကမရ(နိုင်)၀၂၉၂၃၉ ၏သား ကိုအောင်မင်းဦး ၁၂/ကမရ(နိုင်)၀၅၃၇၇၀ သည် ဖခင်၏ သဘောထားနှင့် မတိုက်ဆိုင်သောကြောင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးမင်းကြူ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6492 ယာဉ်လက်ဝယ်ရှိသူဒေါ်ဇာဇာလွင် ၁၃/လရန(နိုင်)၁၃၆၀၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈/ကရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၂၂/က) ဟုခေါ်တွင်သော မြေအလျား x အနံ (၂၀'x၆၀') ရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မင်းသိန်း ၁၂/ဥကတ(နိုင်)၁၄၁၇၉၈ ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းနိုင်**
**၅/ပလန(နိုင်)၀၉၃၈၇၃**
**ဖုန်း-၀၉-၇၉၄၇၈၀၁၆၁**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ သလ္လာမြို့သစ်ရပ်ကွက်၊ အမှတ်(၂၅)လမ်း၊ အကွက်အမှတ်(၅၃)၊ အလျား ၈၅ ပေ၊ အနံ ၆၃ ပေ ကျယ်ဝန်းသည့် အရှေ့လားသော်-အကွက်အမှတ်(၅၅)၊ အနောက်လားသော်-အကွက်အမှတ်(၅၁)၊ တောင်လားသော်-(၂၆)လမ်း အကွက်အမှတ်(၄၈)၊ မြောက်လားသော်-(၂၅)လမ်း ဤနယ်လေးရပ်အတွင်းတည်ရှိသည့် မြေကွက်သည် ၂၀၀၅ ခုနှစ်မှစတင်၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးကြည်စိုး ၅/မရန(နိုင်)၀၂၆၀၈၆ လက်ထိလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် အထောက်အထားစာရွက်စာတမ်းများ လိုအပ်ချက်များရှိပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၅-၃-၂၀၂၂ ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ရေးပိုင်ခွင့်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းအောင်**
**B.A,H.G.P, Dip Account**
**အထက်တန်းရှေ့နေ(စဉ်-၁၉၈၇၁)**
**အမှတ်(၁၄၅)၊ (၄)လမ်း၊ ရန်ကင်းအောင်ဇေယျာရပ်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၆၀၁၆၊ ၀၉-၄၃၁၅၄၂၈၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉(ခ)၊ နတ်မောက်လမ်း၊ မြေကွက်အမှတ် ၃၃၉၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ အကျယ်အဝန်း(၄၀'x၆၀')အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(ခေါင်းရင်းခြမ်း)(၂၀'x၆၀')ရှိ ဒေါ်နွဲ့ယဉ်(ISN-၀၇၃၁၆၇) ၁၂/လမန(နိုင်)၀၁၆၃၆၆ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နွဲ့ယဉ်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B)** |
| (၅၃၃၆၉/၂၀၂၀) | (၅၃၄၉၁/၂၀၂၀) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆/ရပ်ကွက်၊ ရဲကျော်စွာလမ်း၊ အမှတ်(၂၀၆)နေ ဦးခင်အေး ၁၂/မရက(နိုင်)၀၃၈၀၃၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်အေးနေအိမ်တွင်ထားရှိသည့် ၎င်းပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆/ရပ်ကွက်၊ ရဲကျော်စွာလမ်း၊ အမှတ်(၂၀၆)နေအိမ်၏ စာရွက်စာတမ်းမူရင်းများနှင့် YGN/CC-9825 Probox အဖြူရောင်(Taxi )ကားOwner Book စာအုပ်မူရင်းတို့ ပျောက်ဆုံးသွားသည့်အတွက် ကောက်ရသူများပြန်ပေးရန်နှင့် ထိုအိမ်စာရွက်စာတမ်းမူရင်းများနှင့် ကားOwner Book စာအုပ်မူရင်းများအား ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ အမည်ပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးခင်အေး** | **ဒေါ်ထက်မြတ်စိုး(LL.B)** |
| **၁၂/မရက(နိုင်)၀၃၈၀၃၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)** |
| | **ရုံးခန်းအမှတ်(၃)၊ သုမနလမ်းမကြီး၊** |
| | **သာကေတမြို့နယ်ဥပဒေရုံးအရှေ့၊** |
| | **သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၂၂၈၉/ခ)၊ ဧရိယာ ၁၂၀၀ စတုရန်းပေ၊ အကျယ်အဝန်း(အလျား ပေ ၂၀x အနံပေ ၆၀)ခန့်ရှိ ဦးစောမောင်စိန် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခွန်ကံဝင်း ၁၂/သကတ(နိုင်)၁၄၅၁၄၅ နှင့် ဒေါ်ယုဇနလှိုင် ၁၂/သကတ(နိုင်)၁၅၅၆၉၂ တို့ထံမှ အထက်ပါပစ္စည်းများကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းကိုနိုင် ၁၁/အမန(နိုင်)၀၅၄၆၀၀ နှင့် ဒေါ်လှလှဌေး ၅/ရဘန(နိုင်)၀၀၀၉၀၃ တို့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ(စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန့်ဇော်လွင်** | **ဒေါ်ခင်နွယ်နွယ်ဝင်း** |
| LL.B,D.B.L,WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၂၃) | အထက်တန်းရှေ့နေ(စဉ်-၅၂၈၈၂) |

**အမှတ်(၉/၁၁)၊ အခန်း(၁၀၂/D)၊ တတိယထပ်၊ ၃၆ လမ်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၅၈၂၇**

# အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
# ဟာဂျီ ဦးကျော်လွင်(ခ)ဟာဂျီ ဦးမေဒင်(ဖျာပုံမြို့)
## (HJ စိုင်ယဒ်မူဟိုက်ယူဒီးန်း)
## ဟာဂျီ-ဦးဆရက် ပရဆေးဆိုင်
## ၆-လမ်း၊ အစ္စလာမ်ဂျာမေဗလီ (နာယက)
## ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် (နာယက)
## ဖျာပုံမြို့နယ်၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌ (1972-1973)
## အသက် (၉၅)နှစ်

ဖျာပုံမြို့၊ အမှတ် (၁၅)၊ ရွှေသာလျောင်းဘုရားလမ်းနေ (ဟာဂျီဦးဆရက်-ဒေါ်ရှရီဖာ(ခ)ဒေါ်အေးချမ်း)တို့၏သားငယ်၊ ဒေးဒရဲမြို့နေ (ဦးအီဘရာဟင်-ဒေါ်ဘီဘီ)တို့၏သားသမက်၊ ဒေါ်အမာ၏ခင်ပွန်း၊ ဒေါ်မာမာလွင်၊ ဒေါ်မေမေလွင်(တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၈-၂-၂၀၂၂ရက် နံနက်တွင် နေအိမ်၌ အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျွန်မ္မာနာမာဇ်အပြီးတွင် ဖျာပုံမြို့ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြုလုပ်ပြီး ဖြစ်ကြောင်း ရပ်ဝေးနေ ဆွေမျိုးများနှင့် မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ(၄)လမ်း၊ အမှတ်(၃၀၃)နေ ဒေါ်ကြေးမုံမြင့် ၁၂/ဥကမ(နိုင်)၀၂၇၂၉၂ သည် အောက်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်။

LAWYER MIRROR
Law Firm

**စာချုပ်အမှတ်-၄/၄၀၂၈(နေ့စွဲ ၅-၁၁-၂၀၂၁)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဥပဒေအကျိုးဆောင်လုပ်ငန်း၊ ဥပဒေအကြံပေးခြင်းလုပ်ငန်း၊ အိမ်၊ ခြံ၊ မြေနှင့် စာချုပ်စာတမ်းအကျိုးဆောင်လုပ်ငန်းနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းတို့ကို ရုံးခန်းများဖွင့်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည် အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုကိုအောင်(LL.B)** | **ဒေါ်စိုးစိုးအောင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၂၁၀၅)** | **အထက်တန်းရှေ့နေ(စဉ်-၂၇၇၃၈)** |

**ဖုန်း-၀၉-၄၂၀၂၂၀၉၀၂**

## ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၀၀၀၂၉၇နှင့်အများသိစေရန်

နယ်သာလန်နိုင်ငံ၊ ရောတာဒမ်မြို့တွင်ခေတ္တနေထိုင်သူ ဒေါ်နီလာအောင် ၁၂/ဗတထ(နိုင်)၀၀၁၃၄၈ ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်နီလာအောင်နှင့်ခင်ပွန်းဖြစ်သူ ဦးမြင့်ဦးတို့သည် နယ်သာလန်နိုင်ငံ၊ ရောတာဒမ်ခရိုင်တရားရုံးတွင် လျှောက်လွှာအမှတ် (C/10/351638/FA RK 18-4242)ဖြင့် ၁၄-၂-၂၀၁၉ ရက်တွင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ ဒေါ်နီလာအောင်နှင့် ဦးမြင့်ဦးတို့မှာ မည်သို့မျှ စပ်ဆိုင်ပတ်သက်ခြင်းမရှိတော့ပါ။

ဒေါ်နီလာအောင် ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများပေါ်တွင် ဦးမြင့်ဦးမှ ဝင်ရောက်စွက်ဖက်ခြင်း၊ ကန့်ကွက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တစ်နည်းနည်းဖြင့် အခွင့်အရေးတောင်းခံခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ အကယ်၍ ဟန့်တားနှောင့်ယှက်၊ ကန့်ကွက်ခြင်းများရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြင့်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာအောင်၏ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနန္ဒာသိန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)**
**အမှတ်(၁၂၃)၊ မြေညီထပ်၊ ဗိုလ်မင်းရောင်လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6492 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြဝတီခရိုင်တရားရုံးတော်၌
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် - ၇

| | | |
|---|---|---|
| ဦးသိန်းဦး | နှင့် | ၁။ ဦးဝင်းနိုင်လေး |
| | | ၂။ ဦးရန်လင်း |
| | | ၃။ ဒေါ်သန်းသန်းအေး |
| | | ၄။ ဒေါ်နန်းကြည်ကြည်အောင် |
| | | ၅။ ဦးတင်မောင်မြင့် |
| တရားလို | | တရားပြိုင်များ |

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် အမှတ်(၁) ဦးဝင်းနိုင်လေး၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဆင်းရွှေလီလမ်း (ယခုနေရပ်လိပ်စာမသိ)တရားပြိုင်အမှတ်(၂) ဦးရန်လင်း၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်(ယခုနေရပ်လိပ်စာမသိ) တရားပြိုင်အမှတ်(၃) ဒေါ်သန်းသန်းအေးနှင့် မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကျွန်း တောဝ(ယခုနေရပ်လိပ်စာမသိ) တရားပြိုင်အမှတ်(၄) ဒေါ်နန်းကြည်ကြည်အောင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ သစ္စာလမ်းရှိ (ယခုနေရပ်လိပ်စာမသိ)တရားပြိုင်အမှတ် (၅)ဦးတင်မောင်မြင့်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်(၅၃-ဘီ)၊တောရ ကျောင်းတောင်အကွက်၊ မြေကွက်အမှတ် ၃၄၆၊ မြေဧရိယာ ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်ကို မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ် ၄ ရက် (၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၃ရက်)(သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကရင်ပြည်နယ်၊ မြဝတီခရိုင်တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့ လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြ လိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့အပ်လိုက်ရမည်။ သင်က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၃၄/၇၀)နေ ဒေါ်ဖြူဖြူခိုင် (ဘ)ဦးကျော်သန်း ၁၀/မလမ(နိုင်)၀၉၇၈၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မိခင်ဒေါ်ဖြူဖြူခိုင်မှာ မိမိ၏ သားသမီး(၅)ဦးဖြစ်သည့် မောင်အောင်ကျော်သူမြတ် ၁၂/ကတတ(နိုင်)၀၂၀၃၆၉၊ မနီနီခိုင် ၁၁/ခဆန(နိုင်)၀၆၀၈၆၅၊ မမြကေခိုင် ၁၁/ခဆန(နိုင်)၀၆၀၈၆၆၊ မောင်မျိုးကျော်သူ ၅/ဟမလ(နိုင်)၀၆၄၀၃၁၊ မစုမြတ်ခိုင် ၇/ ရတန(နိုင်)၁၀၂၄၉၄ တို့အား မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊ ဂျုံးဂျုံးကျတောရကျောင်းလမ်း၊ အမှတ် ၈၄၄/ဃ၊ အကျယ် အဝန်း ၃၇၇ပေ x ၁၁၀ပေ အား ၁၉-၂-၂၀၂၂ ရက်စွဲပါ မိသားစုသဘောတူစာချုပ်အရ အသီးသီးရပိုင်ခွင့်ရှိသူများကို ခွဲဝေပေးပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဖြူဖြူခိုင်** | **ဒေါ်အေးသူဇာအောင်(LL.B)** | **ဒေါ်ချိုချိုလွင်(LL.B)(D.I.L)** |
| **(၁၀/မလမ(နိုင်)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၃၄၅)** | **DI. 101(WIPO SWITZERLAND)** |
| **၀၉၇၈၇၁** | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |

**သဃ်န်းကျွန်းမြို့နယ် ရှေ့နေများနားနေခန်း**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၃၄/၇၀)နေ မောင်အောင် ကျော်သူမြတ် (ဘ)ဦးမင်းမြတ်သွင် ၁၂/ကတတ(နိုင်)၀၂၀၃၆၉၊ မနီနီခိုင်(ဘ)ဦးမင်းမြတ်သွင် ၁၁/ခဆန(နိုင်)၀၆၀၈၆၅၊ မမြကေခိုင်(ဘ)ဦးမင်းမြတ်သွင် ၁၁/ခဆန(နိုင်)၀၆၀၈၆၆၊ မောင်မျိုးကျော်သူ(ဘ)ဦးမင်းမြတ်သွင် ၅/ဟမလ(နိုင်)၀၆၄၀၃၁၊ မစုမြတ်ခိုင်(ဘ)ဦးမင်း မြတ်သွင် ၇/ရတန(နိုင်)၁၀၂၄၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့မောင်နှမ (၅)ဦးသည် ၁၉-၂-၂၀၂၂ရက်စွဲပါ မိသားစုသဘောတူစာချုပ်အရ မိခင် ဒေါ်ဖြူဖြူခိုင်ပေးသည့် အမွေ ပစ္စည်းများ (မရွှေ့မပြောင်းနိုင်သောပစ္စည်းများ) ကို လက်ရောက်ရရှိပြီးဖြစ်ပါသည်။ အမွေဆိုင်အချင်းချင်းအသီးသီးရရှိထားသော မရွှေ့ မပြောင်းနိုင်သောပစ္စည်းများအပေါ် တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပိုင်ရေးဆိုင်ခွင့်များထိပါးခြင်း၊ ဝင်ရောက်ပြောဆိုခွင့် မရှိတော့ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ကလည်း ထိုကဲ့သို့ မပြုလုပ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မောင်အောင်ကျော်သူမြတ်** | **ဒေါ်အေးသူဇာအောင် (LL.B)** | **ဒေါ်ချိုချိုလွင် (LL.B), (D.I.L)** |
| **မနီနီခိုင်** | **အထက်တန်းရှေ့နေ** | **DL.101(WIPO** |
| **မမြကေခိုင်** | **(စဉ်-၄၄၃၄၅)** | **SWITZERLAND)** |
| **မောင်မျိုးကျော်သူ** | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊** | **တရားလွှတ်တော်ရှေ့နေ** |
| **မစုမြတ်ခိုင်** | **၀၉-၇၉၉၅၆၁၅၇၄** | **(စဉ်-၁၂၅၁၃)** |

**သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်ခင်ရီ (ကျောက်ပန်းတောင်း)
**J.A.T.C, B.A (Geog) B.Ed**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အလက (၃)ရန်ကင်း**
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကောင်းမြတ်သူအိမ်ရာနေ ဦးအောင်ကြည်(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဒေါ်တူးတူးအောင်(အထပြ)၊ ဒေါက်တာ စိုးသူအောင်-ဒေါက်တာ မြမြထွေး-ဒေါက်တာ စံပယ်ဖူး၊ ဦးခင်သိန်း-ဒေါ်သွယ်သွယ်အောင်၊ ဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်အောင်၊ ဒေါက်တာ ခင်မျိုးအောင် တို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား ဒေါ်ခင်ရီ အသက် (၈၂)နှစ်သည် (၉၆)ပါးသောရောဂါဖြင့် ၁၈-၂-၂၀၂၂ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်ဟွာ (မြိတ်မြို့)
**အသက် (၉၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ရှုံလမ်း၊ အမှတ်(၆၁)နေနှင့် မြိတ်မြို့တလိုင်းစုရပ်နေ(ဦးတေးယား-ဒေါ်လေးမြင်)တို့၏သမီး၊ (ဒေါ်စောရင်)၏တူမ၊ (ဦးကာရှမ်း)၏ဇနီး၊ ဦးအောင်ကြည်၊ ဦးထွန်းဝေ-ဒေါ်သန်းသန်းဌေး၊ ဦးသောင်း-ဒေါ်ချိုချိုမြင့်၊ ဦးစိုးစိုး၊ [ဦးလှသန်း(ခ) ဦးဖတ်]၊ ဒေါ်အေးအေးမာ၊ ဦးသီဟ၊ ဦးမောင်မောင်ကြည်-ဒေါ်ချိုချိုမာ၊ ဒေါက်တာ နွယ်နွယ်အေး(ပါမောက္ခဌာနမှူး-ငြိမ်း၊ မအူပင်တက္ကသိုလ်)၊ ဦးထွန်းသိန်း-ဒေါ်ခင်မျိုးမျိုးထက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၂-၂၀၂၂ရက် ည ၉:၂၅နာရီတွင် ဆာကူရာဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၂၀-၂-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ကြင်ဟွာ(မြိတ်မြို့)
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**အသင်းဝင်အမှတ်- ၄၃**
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ရှုံလမ်း၊ အမှတ် ၆၁နေ (ဦးကာရှမ်း)၏ဇနီး၊ ဦးစိန်သက်( အကြံပေးနာယက၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)၊ ဦးမောင်လှ( ဥက္ကဋ္ဌ-ပုလောမြို့နယ်အသင်း-ရန်ကုန်)တို့၏ အစ်မသည် ၁၈-၂-၂၀၂၂ရက် ည၉:၂၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ **အမှုဆောင်အဖွဲ့**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဘော်ရယ်
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အမှတ် ၉၇၇နေ (ဦးတူရယ်-ဒေါ်ပိုးမြာ)တို့၏ သားကြီး၊ (ဦးလှ-ဒေါ်ချမ်း)တို့၏သားသမက်၊ (ဦးငါးရယ်)-ဒေါ်ဆူမြာ၊(ဦးမြာရယ်-ဒေါ်စန်းစန်းလွင်)၊ဦးရှေးရယ်-ဒေါ်ကလေးမြာ၊ ဦးရှေးရယ်-ဒေါ်ညေးမြာ၊ ဦးစေးရယ်-ဒေါ်သွယ်သွယ်မိုး၊ ဦးကျော်ကျော်နိုင်-ဒေါ်ခင်သီတာဝင်းတို့၏ အစ်ကို၊ ဒေါ်အေးသီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇာနည်ထွန်း-ဒေါ်နန်းဟေမာန်လင်း၊ ကိုမင်းသူဟိန်း၊ ကိုသန်းထိုက်အောင်တို့၏ကျေးဇူးရှင်ဖခင် သည် ၁၈-၂-၂၀၂၂ရက်(သောကြာနေ့) မွန်းလွဲ ၁:၅၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၂ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၂-၂၀၂၂ ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/3919 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဝင်း ၁၂/ဥကမ(နိုင်)၁၂၆၃၄၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနတိုင်းရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/52225, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာနည်တိုး ၈/ပခက(နိုင်)၂၁၆၆၀၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ မြို့သစ်(ရပ်ကွက်)၊ ဂန့်ဂေါ်မြိုင်လမ်းနေ ဦးကျော်လှ ၁၁/မပန(နိုင်)၁၃၃၃၄၀ နှင့် မဝိုင်း ၁၁/မပန(နိုင်)၁၀၈၅၆၇ သမီးဖြစ်သူ မနီနီစိုး ၁၁/မပန(နိုင်)၁၄၈၃၇၅သည် မိဘခွင့်မလွှတ်နိုင်သောကိစ္စများကို ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လှ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ဝင်း
**အသက်(၈၈)နှစ်**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၇)မှ ဗိုလ်မှူးကြီးကျော်လင်း(ငြိမ်း)-ဒေါ်သီသီနွဲ့၏ ဖခင်ကြီး ဦးအောင်ဝင်း အသက်(၈၈)နှစ်သည် မကွေးမြို့၌ ၁၈-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်မောင်ရှိန်
**သံအမတ်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**ဥက္ကဋ္ဌ (ငြိမ်း)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့**
**အသက်(၇၇)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး(ငြိမ်း)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ ဥက္ကဋ္ဌ (ငြိမ်း) ဦးညွန့်မောင်ရှိန်သည် ၁၇-၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးစက်ဝင်း(ရေဦး)
**အနန္တမေတ္တာတံဆိပ်ရိုက်လုပ်ငန်း၏ ပိုင်ရှင်**
**ရေဦးမြို့နယ်အသင်း(ဘဏ္ဍာရေးမှူး)**
**မူလ ကမ္ဘာအေးလေးစေတီနှင့်**
**ကြီးငါးကြီးဆုတောင်းပြည့် ဘုရား ဂေါပက-ဒုတိယ ဥက္ကဋ္ဌ**
**အသက်(၆၃)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နေ(ဦးဖိုးပြန်-ဒေါ်ဖွားရန်)တို့၏သား၊ (ဒေါ်မာလာခင်)၏ခင်ပွန်း၊ ကိုသူရိန်ဦး-ဒေါက်တာအေးဖြိုးဖြိုးမောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ဉာဏ်ဘုန်းမောင်၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၈-၂-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇:၅၀ နာရီတွင် ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး အနောက်ရပ်ကွက်၊ ရွှေဂုံပလာဇာဝင်း၊ Land Mark Tower အခန်း(A/2)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မဆုမွန်မြတ်(ခ)ဘုတ်ဆုံ (LL.B)
**အသက် (၃၈)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပ ရပ်ကွက်၊ ရွှေလီလမ်းမကြီးနှင့် သစ္စာလမ်းထောင့်၊ အမှတ် (၂၀၄၂၇)နေ ဦးအောင်မြတ်(စက်မှုစားကုန်-ငြိမ်း)-ဒေါ်မေသန်း(အထက-၃၊ ဗဟန်း၊ ငြိမ်း) တို့၏သမီးငယ်၊ ဒေါ်ဦးသက်(စီစစ်တိုး-ဦးစီးဌာန)၊ ဦးနေအောင်၊ (ဦးရဲနောင်)၊ ဦးပြည့်စုံ-ဒေါ်စန္ဒာမြင့် တို့၏ ညီမငယ်၊ မအေးအေးမော်(ခ)အားကျောင်း၏ အစ်မ၊ မောင်ပြည့်ဖြိုးမောင်၏ ချစ်လှစွာသော အဒေါ်သည် ၁၉-၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် - ၁**

| | | |
|---|---|---|
| ဒေါ်ယဉ်ငြိမ်းအေး | နှင့် | ၁။ ဒေါ်လီဟွေ့ရှန်(ခ)ဒေါ်လီဟွေ့ရှန်း<br>၂။ ဗိုလ်ကြီးလှမောင်<br>၃။ ဒေါ်အောင်သန်းကြည် |
| တရားလို | | တရားပြိုင်များ |

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)နေ (၁) ဒေါ်လီဟွေ့ရှန်(ခ) ဒေါ်လီဟွေ့ရှန်း ၁၃/ကလတ(နိုင်) ၀၃၁၈၅၃ (ဘ) ဦးလီကျိုးရှောင်(ယခုနေရပ်လိပ်စာမသိ) နှင့် မန္တလေး တိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ သုမင်္ဂလာရပ်နေ (၂) ဗိုလ်ကြီးလှမောင် MMO-265964 (ဘ)ဦးမောင်မောင်၊ (၃) ဒေါ်အောင်သန်းကြည် NMK-021310 (ဘ) ဦးအောင်အောင် (ယခုနေရပ်လိပ်စာမသိ) နေသူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ယဉ်ငြိမ်းအေးက အရောင်းအဝယ် ပြုလုပ်ခဲ့သည့် စာချုပ်ပါအတိုင်း မြေကွက်အား မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ မတ် ၁၇ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလို တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိ စေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဒေါက်တာ အရှင်တေဇောသာရ (Ph.D)
**(နိုင်ငံတော်သံဃမဟာနာယက-တွဲဖက်အကျိုးတော်ဆောင်**
**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**ဓမ္မကထိက ဗဟုဇနဟိတဓရ**
**သက်တော် (၆၀)၊ သိက္ခာတော် (၄၀)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်ကြီး၊ ပုပ္ပားတောင်ကလာပ်အောင်မင်းခေါင် သာမဏေကျော် စာသင်တိုက်၊ မိုးကုတ်မြို့၊ ဓမ္မပါရမီကျောင်းတိုက်၊ ကျောက်နဂါးရွာဦးကျောင်းတိုက်၊ နန်းဥမ္မာရွာဦးကျောင်းတိုက်၊ ဆူးပုတ်ပြန့်ရွာဦးကျောင်းတိုက်၊ သုဘောဂါရာမကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ဖြစ်တော်မူသော ဒေါက်တာ အရှင်တေဇောသာရ (Ph.D) (နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သက်တော် (၆၀)၊ သိက္ခာတော် (၄၀)သည် (၁၃၈၃ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်) ၁၄-၂-၂၀၂၂ရက် နံနက် ၁:၅၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) ၂၆-၂-၂၀၂၂ရက်(စနေနေ့)တွင် မိုးကုတ်မြို့၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၌ သာခုကီဠနအန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ဈာပန ကော်မတီနှင့် တပည့်သံဃာ ဒါယကာ ဒါယိကာမများ**
**ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၊ မိုးကုတ်မြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း၊ ဆေးရုံအလှူရှင် ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်မြတ်ကြည်သန်း (June Khaing)
**ဦးနှောက်နှင့်အာရုံကြောအထူးကုသမားတော်ကြီး**
**အသက် (၉၄)နှစ်**

(ဦးချစ်ခိုင်-ဒေါ်မမကြီး)တို့၏သမီးထွေး၊ (ဦးဆက်ခိုင်-ဒေါ်ခင်ခင်စု)၊ (ဦးစောစိုင်မိုင်းမင်းရဲ-ဒေါ်မီမီခိုင်)၊ (ဦးပိန်းအောင်)-ဒေါ်မြခိုင်၊ (ဦးဆန်းချို-ဒေါ်နှင်းခိုင်)တို့၏ညီမငယ်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကုက္ကိုင်း၊ အမှတ် (၂၀-ဘီ)နေ (ဦးတင်မောင်သန်း Harold Hoke)၏ ချစ်လှစွာသောဇနီး ဒေါက်တာ ဒေါ်မြတ်ကြည်သန်း (June Khaing)သည် ၁၈-၂-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၉:၃၀နာရီတွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ရေတွင်းရေကန်၊ နတ်လမ်း၊ ဆေးရုံအလှူရှင် ဒါယိကာမကြီး

**ဒေါက်တာ ဒေါ်မြတ်ကြည်သန်း (June Khaing)**

ဦးနှောက်နှင့် အာရုံကြောအထူးကုသမားတော်ကြီး
အသက် (၉၄)နှစ်

(ဦးချစ်ခိုင်-ဒေါ်မမကြီး)တို့၏ သမီးထွေး၊ (ဦးဟုတ်စွန်-ဒေါ်ဖွားသန့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကုက္ကိုင်း၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ်(၂၀-ဘီ)နေ (ဦးတင်မောင်သန်း Harold Hoke)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ ဒေါ် မေ သဇင် သန်း ထိုက် - ဦးသောင်းထိုက်၊ ဒေါ်မိုးမိုးကြည်၊ ဒေါ်ခိုင်ကြည်ကြည်သန်း၊ ဒေါ်မိုးမိုးစံ-ဦးခင်ဝင်း၊ ဒေါ်အိအိချို တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ သဇင်နထိုက်၊ ဒါလီသန်းထိုက်၊ ခင်သူသူဟန်တို့၏ ဘွားဘွားကြီး ဒေါက်တာ ဒေါ်မြတ်ကြည်သန်းသည် ၁၈-၂-၂၀၂၂ (သောကြာနေ့) နံနက် (၉:၃၀) အချိန်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ(၂:၃၀) အချိန်တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၂**

| | | |
|---|---|---|
| မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (Myanmar Gems & Jewellery Entrepreneurs Association) (MGJEA) (၎င်း၏ကိုယ်စားပြုသူ ဦးနေလင်း) | နှင့် | ဦးဝေလဝင်း (Chief Executive Officer) C.E.O (GEMOLOGICAL INSTITUTE OF MYANMAR CO.,LTD) (GIM) |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ဆန်း သီရိလမ်းသွယ်၊ အမှတ်-၂၆၇ နေသူ တရားပြိုင် ဦးဝေလဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စိန်စမ်းစက် 1-Unit (တစ်လုံး)နှင့် ကျောက်မျက်ခုတ်ခွဲခန်းသုံးပစ္စည်းများ လက်ရောက်ရလိုမှု (သို့မဟုတ်) ယင်းပစ္စည်းများ၏ ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၂၅၁၃ ယင်းငွေနှင့် ညီမျှသော (မြန်မာကျပ်ငွေ ကာလပေါက်ဈေး -၂၀၀၀၄၈၁၁၄/-(ကျပ်သိန်းနှစ်ထောင်လေးသောင်း ရှစ်ထောင့်တစ်ရာတစ်ဆယ့်လေး ကျပ်)တိတိ ရလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မတ် ၄ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာစမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာ အုပ်စု၊ ကွင်းအမှတ် ၁၇၃(က)၊ ကဘင်းကွင်း၊ ဦးပိုင်အမှတ်(၃)၊ မြေ ဧရိယာ ၁ဒသမ ၈၄ ဧကရှိမြေကွက်အား မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ၁၈-၁၀-၂၀၂၁ရက်စွဲပါ စာအမှတ် ၂၂၇၈/၁/၄-၁၁/ခစဖ (မြိတ်)အရ ဦးလှိုင်သူရ အမည်ဖြင့် မြေနေရာချထားပေးခဲ့ပါသည်။

အဆိုပါ မြေနေရာအား စက်မှု/စီးပွား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးလှိုင်သူရ ၆/မအရ(နိုင်) ၀၈၃၄၁၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၁၉၇၇, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဝင်း ၆/မအရ(နိုင်)၀၂၄၉၄၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၈၂၂၉, Honda Wave 100 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွေး ၆/ထဝန(နိုင်)၀၇၆၄၆၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အိန္ဒာရပ်နေ ဦးအောင်အောင် ၅/ရဘန(နိုင်) ၀၀၆၃၄၇၊ ဒေါ်ဝင်းသန္တာ ၅/ရဘန(နိုင်)၀၁၀၇၀၈တို့၏ သမီးဖြစ်သူ မသရဖူအောင် (ခ)မငယ်လေး ၅/ရဘန(နိုင်)၂၀၁၁၅၄ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အတွက် ယနေ့မှစ၍ သမီးဖြစ်သူ မသရဖူအောင် (ခ)မငယ်လေးအား အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးအောင်အောင်-ဒေါ်ဝင်းသန္တာ**

### အလိမ္မာ စာမှာရှိ

## ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ပညာရေးကို ဦးစားပေးမြှင့်တင်

**"ပညာတတ်များ ပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်"**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့မှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သံဃာတော် တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာ သတ်ဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အင်တောကျေးရွာရှိ

စာမျက်နှာ ၂၄ ကော်လံ ၁ ❒

# ရန်ကုန်မြို့တွင်း YBS ယာဉ်လိုင်းများတွင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုး အိုမီခရွန် ကူးစက်မှုမရှိစေရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါသည် မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန်မျိုးကွဲတစ်ခုအနေဖြင့် ပြန်လည်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုး အိုမီခရွန် (Omicron) ကူးစက်မှု မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက

စာမျက်နှာ ၉ ကော်လံ ၁ ❖



# အာဆီယံပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ယင်းပြိုင်ပွဲနှစ်ခုမတိုင်မီ ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ထိုင်းလက်ရွေးစင် ဖူဆယ်အသင်းကြိုတင်ပြင်ဆင်စေရန်အတွက် ယင်းပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး NSDF Futsal Invitation 2022 ပြိုင်ပွဲကို မတ် ၁၅ ရက်မှ ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်ထိုင်းအပါအဝင် မြန်မာ၊ မွန်ဂိုလီးယား၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုက်၊ အိုမန် စုစုပေါင်း အသင်းခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၅ ❍


**ယနေ့ သတင်း အညွှန်း**

ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ စတင်ခဲ့အတည်ပြုလူနာသစ် ၃၀၅၀ တွေ့ရှိ — ပြည်တွင်းသတင်း စာ - ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ — ပြည်တွင်းသတင်း စာ - ၂၄

တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ - ၂၅